မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၂၀၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

မိဘပြည်သူများသို့ ရေဒီယိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM ၊ ရွှေ FM၊ ချယ်ရီ FM ၊ ပတ္တမြား FM ၊ FM ပုဂံနှင့်သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် မေ ၁ ရက်၊ ၂ ရက်တို့တွင် *စာမျက်နှာ ၃ ကော်လံ ၁* ✽

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် နည်းပညာနှင့်အတွေ့အကြုံများ ဆက်လက်ကူညီရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Anthony John Lynch အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် နယူးဇီလန်နိုင်ငံမှ နည်းပညာနှင့်အတွေ့အကြုံများ ဆက်လက်ကူညီပံ့ပိုးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Anthony John Lynch အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ယနေ့ မာတိကာ

အမေရိကန်နှင့် နေတိုး စစ်ရေးပြင်ဆင်နေမှု စိုးရိမ်မိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ပြော စာ » ၄

မတူကွဲပြားမှုများကို တန်ဖိုးထားမြှင့်တင်မည့် မျိုးဆက်သစ် အာဆီယံလူငယ်များ စာ » ၇

လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများပျက်စီး စာ » ၁၃

တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် ကျန်းမာရေးအန္တရာယ် စာ » ၁၆

မျိုးဆက်သစ်ပန်းကလေးများ ပွင့်သောပန်းတိုင်းလန်းစေချင် ဆောင်းပါး စာ » ၁၇

အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီကြောင့် အာဆီယံ ကုန်သွယ်ရေးလမ်းမကြီးများဖောက်လုပ်မှု လွယ်ကူမြန်ဆန်လာတော့မည်

ရန်ကုန် ဧပြီ ၂၉

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံအတွင်း အာဆီယံဒေသတွင်းဆိုင်ရာလမ်းမကြီးများ ဖောက်လုပ်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးကူညီသွားမည် ဖြစ်ခြင်းကြောင့် ဒေသတွင်းလမ်းမကြီးများ အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရေး အထောက်အကူကောင်းများ ရရှိလာပြီဖြစ်ကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ်အတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အာဆီယံဆက်သွယ်ရေးလမ်းမကြီးများ ဖောက်လုပ်ရာတွင် သတ်မှတ်ရန်ပုံငွေများအနက် ၃၀ ရာခိုင်နှုန်းကို အေဒီဘီမှ အကုန်အကျခံသွားမည် ဖြစ်သည်။

"လက်ရှိမှာ အေအီးစီအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။ ကြိုးစားအကောင်အထည်ဖော် နေပေမယ့် လိုအပ်ချက်တွေ ရှိနေပါတယ်။ လမ်းပန်း ဆက်သွယ်ရေးက ကုန်သွယ်ရေးမှာ အရေးအပါဆုံးဖြစ်လို့ အခုလို

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကူညီဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာကအကူအညီတွေကိုရရှိမှသာ ဒေသဖွံ့ဖြိုးရေးနဲ့ ကုန်စည်ကူးသန်းမှုတွေကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ဒါရိုက်တာ ခရစ်စတိုဖာလင်းမ်ကပြောသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းဖော်ဆောင်ရန်မှာ ၂၀၁၅ ခုနှစ်တွင် *စာမျက်နှာ ၉ ကော်လံ ၁* ✽

Spectrol
Industrial & Motor Oil
Made In USA

အမေရိကန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းလာသော API အသိအမှတ်ပြုလက်မှတ်ရ ကမ္ဘာ့အဆင့်မြင့် အင်ဂျင်ဝိုင်အမျိုးအစားဖြစ်ပါသည်။

American Petroleum Institute အသိအမှတ်ပြု လက်မှတ်ကို https://engineoil.api.org/directory/ eoles search.com Website တွင် Search Box ရှိ Brand Name နေရာ၌ Spectrol ဟုရိုက်နှိပ်၍ Search ကို နှိပ်ပါ။ Search Results Box ရှိ Company Name တွင် Delfin group ကို ထပ်မံနှိပ်၍ စစ်ဆေး နိုင်ပါသည်။

အရည်အသွေးမြင့်မားပြီး ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်၍ အနယ်နယ်အရပ်ရပ်မှ Dealer (or) Distributor များကို နွေးထွေးစွာ ဖိတ်ခေါ် အပ်ပါသည်။

Patriot Power Services Co.,Ltd.
မျိုးချစ်စွမ်းအား ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ရုံးချုပ် အမှတ် (၇၉၇)၊ အခန်း (၇၀၃)၊ မြန်မာ့အလှတာဝါ၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ☎ : + ၉၅ ၉ ၃၃၆၁၁၁၆

အရောင်းခန်းမ အမှတ် (၅၀)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ☎ : + ၉၅ ၉ ၃၃၆၁၁၁၇ E-mail : patriotpower18@gmail.com

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်တို့၏အားမာန်ဖြင့် လှုပ်ရှားတက်ကြွနေသည့်နွေ

ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးထုဆစ်ပုံဖော်ကြမည့်သူများဖြစ်သည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင် အစပြုဖော်ဆောင်နေသည့် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးကို ပခုံးပြောင်းတာဝန်ယူကြရမည့် လူငယ်များသည် ဗလငါးတန်ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်လာကြရန် အရေးကြီးသည်။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို ယုံယုံကြည်ကြည်လွှဲအပ်နိုင်သည့် ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် မြေတောင်မြှောက်ပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ''နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်'' ဟူ၍ ပြဋ္ဌာန်းထားသည်။ အနာဂတ်၏ နိုင်ငံသားကောင်းများဖြစ်လာမည့် ယနေ့လူငယ်များ လျှောက်လှမ်းသင့်သည့်လမ်းများ ချောမွေ့အောင် နိုင်ငံတော်က ခင်းကျင်းပေးလျက်ရှိပြီဖြစ်ရာ ယခုနှစ် နွေကျောင်းပိတ်ရက်သည် လူငယ်တို့၏ထက်မြက်တက်ကြွသောလှုပ်ရှားမှုများနှင့် သက်ဝင်လှုပ်ရှားနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၉ မြို့နယ်တွင် တက္ကသိုလ်လုပ်အားပေး ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်တို့က ဒေသခံလုပ်အားပေးများနှင့်အတူ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံးလုပ်ငန်းဖြစ်သည်။

ထို့ပြင် ၂၀၁၄ ခုနှစ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ပြင်ဦးလွင်မြို့တွင် ကျင်းပလျက်ရှိသည်။ ကင်းထောက်လူငယ်တို့သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်မြတ်နိုး၍ သစ္စာစောင့်သိသူ၊ မိမိကိုယ်ကိုယ် အားကိုးနိုင်သော နိုင်ငံသားကောင်းဖြစ်အောင် ကြိုးစားသူ၊ သူတစ်ပါးကို ကူညီစောင့်ရှောက်သူ၊ သဘာဝပတ်ဝန်းကျင်ကို လေ့လာစူးစမ်းသူ၊ ကြင်နာသောစိတ်ထားရှိ၍ မိတ်ဆွေသူငယ်ချင်းများစွာရှိသူများအဖြစ် လေ့ကျင့်ပျိုးထောင်ထားသူများဖြစ်သည်။

သည့်အပြင် တစ်နိုင်ငံလုံးရှိ ထူးချွန်ကြက်ခြေနီများကိုလည်း ရန်ကုန်မြို့တွင် အကြိုစခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ထူးချွန်သော စွမ်းဆောင်ရည်ရှိသူကြက်ခြေနီစေတနာလုပ်အားရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုသွားမည်ဖြစ်သည်။

၂၀၁၄ ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်းများကို အင်းလေး၊ ငွေဆောင်နှင့်ပုဂံတို့တွင် ဖွင့်လှစ်ပြီး လူရည်ချွန်ကျောင်းသားဟောင်းကြီးများက မျိုးဆက်သစ်ထူးချွန်လူငယ်များအား အသိပညာများ လက်ဆင့်ကမ်းဟောပြောပို့ချခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ ဒေသန္တရဗဟုသုတလေ့လာအပန်းဖြေခြင်းတို့ပြုလုပ်လျက်ရှိသည်။

တစ်ဖန် လူငယ်အားမာန်စွမ်းရည်များကို မြှင့်တင်ပေးသည့်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း လူငယ်လေကြောင်းသင်တန်းများ၊လူငယ်ရေကြောင်းသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ အနာဂတ်၏ မျိုးဆက်သစ်လူငယ်ကျောင်းသားကျောင်းသူများ စိတ်ဝင်စားစွာဖြင့် လေ့လာသင်ကြားလျက်ရှိကြသည်။

ထိုသို့သော ဘက်စုံထူးချွန်လူငယ်များအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစေနိုင်မည့် အခွင့်အလမ်းအဖြစ် နေပြည်တော်၌ ဆုံတွေ့ကြတော့မည်ဖြစ်သည်။

နွေရာသီ၏အပူရှိန်က မြင့်မားလှပါ၏။ သို့တိုင် လူငယ်တို့၏အားမာန်များက ယှဉ်ပြိုင်အန်တုအနိုင်ယူသကဲ့သို့ရှိသည်။ တစ်ချိန်တစ်ခါက ထိုကဲ့သို့သော ထူးချွန်လူငယ်များသည် ယနေ့နိုင်ငံတော်တွင် နေရာကဏ္ဍအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသကဲ့သို့ပင် ယနေ့ထူးချွန်လူငယ်များသည်လည်း အနာဂတ်နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ကျရာတာဝန်များကို ထမ်းဆောင်ကြရပေလိမ့်ဦးမည်ဟု မျှော်မှန်းဂုဏ်ပြုအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ-တရုတ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူး H.E.Mr.Qiu He ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂၈ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏမှာ နှစ်စဉ်တိုးတက်နေကြောင်း၊ ယင်းကဲ့သို့တိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများကို များစွာပြုလုပ်ပေးခဲ့ပါကြောင်း၊ ကူမင်းကုန်စည်ပြပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်စည်ပြပွဲများ၏ အခန်းကဏ္ဍမှာ အဓိကပါဝင်ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ ပုံမှန်တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ နယ်စပ်ဒေသတစ်လျှောက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးက မြန်မာနှင့်ယူနန်ပြည်နယ်တို့အကြား နယ်စပ်ကုန်သွယ်မှု ပမာဏသည် မြန်မာ-တရုတ်(ပင်လယ်ရေကြောင်း+နယ်စပ်) ကုန်သွယ်မှုပမာဏ၏ ၃၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ မိမိလာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ (၂၂)ကြိမ်မြောက်ကူမင်းကုန်စည်ပြပွဲနှင့် ဒုတိယအကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရေးလာရောက်ဖိတ်ကြားခြင်းဖြစ်ကြောင်း၊ ယူနန်ပြည်နယ်ကို အရှေ့တောင်အာရှနိုင်ငံများနှင့်ဆက်ဆံမှုများ တိုးမြှင့်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံတွင် ကျင်းပသည့်ကုန်စည်ပြပွဲများသို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသစေလိုကြောင်းနှင့် နယ်စပ်ကုန်စည်ပြပွဲများကိုလည်း ပိုမိုစည်ကားစွာကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် အရည်အသွေးစစ်ဆေးချက်လက်မှတ်များ၊ စံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ပေးမည်ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်တန်းအဆင့် အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

နေပြည်တော် ဧပြီ ၂၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့် အင်္ဂလိပ်စကားပြောသင်တန်းကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီက ကျည်တောင်ကန် အထကတွင် ကျင်းပသည်။ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးက အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

လှိုင်သာယာတွင် ဆောက်လုပ်ခွင့်လိုင်စင်မလျှောက်သော အာရ်စီအဆောင်တိုက်ခန်းများ ဆောက်လုပ်မှုများလာ

နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့ဝန်ထမ်းလစာအတွက် အခွန်ဘဏ္ဍာသည် နိုင်ငံတိုင်းတွင် အရေးပါလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် နှစ်စဉ်ဝင်ငွေခွန်ဆောင်ခြင်းဖြင့် နိုင်ငံကြီးသားပီသမှုကို ပြသ၍ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်သည်။ အခွန်စည်းကြပ်မှုကို တာဝန်ယူလုပ်ဆောင်နေသော ပြည်သူ့ဝန်ထမ်းကလည်း နိုင်ငံတော်ဘဏ္ဍာကို တစ်နှစ်ထက်တစ်နှစ်တိုး၍ ရှာဖွေခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တိုးပွားလာမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် စီးပွားရေးလုပ်ငန်းများ နှစ်စဉ်တိုးပွားလျက်ရှိရာလုပ်ငန်းပေါ်မူတည်၍ အဆောက်အအုံများ ဆောက်လုပ်ရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သော အဆောက်အအုံများ နည်းပါး၍ နားလည်မှုဖြင့် ဆောက်လုပ်သော

ထင်သာမြင်သာပြုပြင်စရာ

RC အဆောင်တိုက်ခန်းများ၊ စီးပွားရေးအဆောက်အအုံများမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာနစ်နာမှုနှစ်စဉ်ဖြစ်ပေါ်နေကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာ အတွင်း နှစ်ထပ်၊ သုံးထပ်လူနေအဆောင်တိုက်ခန်းများတည်ဆောက်ရာတွင် မြို့နယ်အဆင့်၌ နားလည်မှုယူ၍ တည်ဆောက်လာကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သော အဆောက်အအုံ အနည်းငယ်သာရှိပြီး လိုင်စင်မဲ့ဖြင့် ဆောက်ဆဲ၊ ဆောက်ပြီး အဆောက်အအုံများသာမြင်နိုင်သောကြောင့် နိုင်ငံတော်အတွက် အခွန်ငွေရရှိမှုနှင့် အခွန်အပြည့်အဝဆောင်၍ အဆောက်အအုံဆောက်လိုသူများ နစ်နာမှုများရှိနေပြီး စိစစ်ကြပ်မတ်ဆောင်ရွက်ပါက ဆောက်လုပ်ရေးပိုင်းဆိုင်ရာကဏ္ဍ အခွန်ငွေသာမက ကျန်စီးပွားရေးကဏ္ဍများမှ အခွန်ငွေများကိုလည်း ထင်သာမြင်သာစွာ တွေ့မြင်လာရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအခွန်ငွေတိုးပွားလာမှုကို လိုလားသော မြို့ခံအချို့က လက်ရှိမြင်တွေ့နေရမှုပေါ် သုံးသပ်ပြောကြားလျက်ရှိသည်။ (၁၆၄)



ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှီဟီကို နိုဒနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှီဟီကို နိုဒနှင့်အဖွဲ့အား နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှီဟီကို နိုဒနှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဘဏ်လုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ သီလဝါစက်မှုဇုန်စီမံကိန်းနှင့် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအား အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည် ဖြစ်သည်။

အဆိုပါ အသံလွှင့်မိန့်ခွန်းကို မေ ၁ ရက်ထုတ် သတင်းစာများတွင် အပြည့်အစုံ ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပရေးကော်မတီ သတ္တမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပရေးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အစည်းအဝေး သဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၄ အာဆီယံ အစည်းအဝေးများ ကျင်းပရန် တစ်ပတ်ခန့်သာ လိုပါတော့ကြောင်း၊ ထို့အတွက် မကြာမီဆောင်ရွက်ရတော့မည်ဖြစ်သဖြင့် ဆပ်ကော်မတီ အသီးသီးအား အပြီးသတ်ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီသို့လည်းတင်ပြထားပြီး အတည်ပြုချက်လည်းရယူပြီးဖြစ်ပါကြောင်း၊ အာဆီယံ အစည်းအဝေးများ ကျင်းပမည့် MICC တွင် ဆပ်ကော်မတီအသီးသီးမှလည်း ကဏ္ဍအလိုက် ပြင်ဆင်လျက်ရှိပါကြောင်း။

LO၊ SO များအနေဖြင့်လည်း MICC ၏ဖွဲ့စည်းတည်ရှိပုံကို ကျွမ်းကျွမ်းကျင်ကျင်ရှိစေရန် လေ့လာရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တည်းခိုမည့်ဟိုတယ်များကိုလည်း ဗဟိုကော်မတီမှ ကြည့်ရှုလမ်းညွှန်မည် ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီ အသီးသီးအနေဖြင့် လုပ်ငန်းအောင်မြင်စေရေးအတွက် အစီအစဉ်တကျ စီမံဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ကြိုဆိုရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍရပ်များတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်တို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆပ်ကော်မတီ အသီးသီးမှဥက္ကဋ္ဌများက မိမိတို့ဆိုင်ရာကဏ္ဍများအလိုက် အကြောင်းအရာကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ပြည်သူအများစုက ဆန္ဒရှိကြသဖြင့် ဝယ်ယူခွင့်လျှောက်လွှာအဆိုပြုတင်သွင်းသူများမှာ ဝန်ထမ်းပေါင်း ၆၅၀၀ ဦး၊ အငြိမ်းစားဝန်ထမ်းပေါင်း ၁၈၆၀ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်းပေါင်း ၆၈၀ ဦး၊ ပြည်သူပေါင်း ၂၄၀၀ ဦးတို့ ရှိထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

စီစဉ်လျက်ရှိ

ပထမဆုံးအကြိမ်အဖြစ် ဧပြီလဆန်းတွင် အစိုးရဝန်ထမ်းများအတွက် အခန်းအရေအတွက် ၂၄၈ ခန်းကို ကိုယ်တိုင်ကိုယ်ကျမဲနှိုက်ခွင့်များကို တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ပြုလုပ်ပေးခဲ့ပြီး မဲပေါက်သူ နိုင်ငံ့ဝန်ထမ်းများသည် အခန်းများ ဝယ်ယူခွင့်ရရှိခဲ့ကြသည်။ ယခု ဒုတိယအကြိမ်အဖြစ် ပြည်သူများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အငြိမ်းစားများအား အခန်းဝယ်ယူခွင့် မဲနှိုက်ပေးမည့်အစီအစဉ်ကို လာမည့်လအတွင်း ပြုလုပ်သွားနိုင်ရန် စီစဉ်လျက်ရှိပြီး အခန်းအရေအတွက် ၂၀၀ ခန့် သတ်မှတ်ထားသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်တစ်စုံတစ်ရာမရဘဲ အဆုံးသတ်

ဖာတာနှင့်ဟားမားစ်အဖွဲ့ဝင်များ ဂါဇာမြို့၌ စည်းလုံးရေးသီချင်းသီဆိုခဲ့ကြစဉ်။

တဲအဗစ် မေ ၂၉

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အမေရိကန်၏ အချိန်သတ်မှတ်ပေးမှုအတွင်း သဘောတူညီချက်တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားခဲ့သည်။

သုံးနှစ်ကြာ တင်းမာမှုဖြစ်ပြီး ဇူလိုင်လက ပြန်လည်စတင်ခဲ့သော တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် တင်းမာမှုများဖြင့် အဆုံးသတ်ခဲ့သည်။

ပါလက်စတိုင်းတို့က နိုင်ငံရေးစာချုပ်တစ်ရပ် ချုပ်ဆိုကြေညာခဲ့ပြီးနောက် လွန်ခဲ့သောသီတင်းပတ်က နောက်ဆုံးတွေ့ဆုံဆွေးနွေးပြီး ပျက်ပြားသွားခဲ့သည်။

ဆွေးနွေးပွဲကို ကမကထပြုလုပ်ပေးသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အစ္စရေးအား လူမျိုးခွဲခြားသောနိုင်ငံဟု ဆိုခြင်းကို မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်သည်။

နှစ်နိုင်ငံ ငြိမ်းချမ်းရေးအဖြေမထုတ်နိုင်လျှင် လူမျိုးခွဲခြားသောနိုင်ငံဖြစ်လာနိုင်ကြောင်း ဂျွန်ကယ်ရီက အစ္စရေးကို သတိပေးပြောကြားလိုက်သည်။

အစ္စရေးနှင့် ပါလက်စတိုင်း ဆွေးနွေးပွဲသည် အခြေချနေအိမ်များ ဆောက်လုပ်မှုနှင့် အကျဉ်းသားများ လွှတ်ပေးရေး သဘောတူညီချက်မရခဲ့သဖြင့် အခြေအနေမှာ ပို၍ဆိုးရွားသွားခဲ့သည်ဟု ဆိုသည်။

ပါလက်စတိုင်း အဓိကအဖွဲ့အစည်းနှစ်ရပ်ဖြစ်သည့် ဖာတာနှင့် ဟားမားစ်တို့ စည်းလုံးညီညွတ်ရေးသဘောတူစာချုပ်ခဲ့ပြီးနောက် အစ္စရေးက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆိုင်းငံ့ထားလိုက်သည်။ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်အနေဖြင့် အစ္စရေးသို့မဟုတ် ဟားမားစ်တို့နှင့် ငြိမ်းချမ်းရေးစာချုပ်နိုင်ကြောင်း၊ သို့သော်နှစ်ခုစလုံးကို လုပ်နိုင်မည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။

(ဘီဘီစီ)

အာဖဂန်နိုင်ငံအရှေ့ပိုင်း တိုက်ခိုက်မှု စစ်သွေးကြွ ၄၉ ဦးနှင့် တပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ကဘူးလ် မေ ၂၉

အာဖဂန်နိုင်ငံအရှေ့ပိုင်း ပက်တီယာပြည်နယ်၌ တာလီဘန်များကို စစ်ဆင်ရေးတိုက်ခိုက်မှုတစ်ခုအတွင်း စစ်သွေးကြွ ၄၉ ဦးနှင့် တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ယနေ့နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

ပက်တီယာပြည်နယ်၌ စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ စစ်သွေးကြွဦးရေ ၅၀၀ ကျော်နှင့် တိုက်ပွဲဖြစ်ပွားရာမှ စစ်သွေးကြွ ၄၉ ဦးနှင့် အာဖဂန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

စစ်ဆင်ရေးမှာ တနင်္လာနေ့နံနက်မှ စတင်ခဲ့ပြီး အင်္ဂါနေ့နံနက်တွင် အဆုံးသတ်ခဲ့သည်။ အာဖဂန်တပ်ဖွဲ့ဝင်များသည် နေတိုးဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ လေကြောင်းအကူအညီများတောင်းခံပြီး စစ်ဆင်ရေးဆင်နွှဲခဲ့ကြသည်။

တနင်္လာနေ့က အာဖဂန်အရှေ့ပိုင်း တာလီဘန်ချေမှုန်းရေးတိုက်ပွဲတွင် နိုင်ငံခြားသား တပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးခဲ့ရသည်။

အာဖဂန်နိုင်ငံ၌ တာလီဘန်များကို ဆောင်းရာသီနှင့် နွေရာသီတို့တွင် စစ်ဆင်ရေးဆင်နွှဲလေ့ရှိပြီး ၎င်းရာသီများအား တိုက်ခိုက်ရေး ရာသီများအဖြစ် အသိများသည်။ **(ဘီဘီစီ)**

အမေရိကန်၏ ဒုတိယနေ့ လေဆင်နှာမောင်းကြောင့် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများစွာပျက်စီး

ဝါရှင်တန် မေ ၂၉

ဒုတိယနေ့ အင်အားကြီးလေဆင်နှာမောင်းတိုက်ခတ်မှုသည် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း မစ္စစ္စပီ၌ အိမ်များနှင့်စီးပွားရေးလုပ်ငန်းရာပေါင်းများစွာကို ဖျက်ဆီးခဲ့ပြီး ၂၁ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု မျက်မြင်သက်သေများနှင့် အရေးပေါ်ဌာနက ပြောသည်။

လူဦးရေ ၃၅၀၀၀ ရှိသော Tupelo မြို့၌ တစ်ဦးသေဆုံးခဲ့ကြောင်း မေ ၂၈ ရက် ည ၈ နာရီက မုန်တိုင်းအင်အားလျော့သွားခဲ့သော်လည်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားခဲ့သည်ဟု ဆိုသည်။ ထို့ပြင် အာကန်ဆောပြည်နယ်နှင့် အခြားပြည်နယ်များ၌ ၎င်းမုန်တိုင်းသည် ကားများကို အရုပ်များကဲ့သို့ လူးလိမ့်သယ်ဆောင်သွားခဲ့ပြီး သေဆုံးမှုအများဆုံး ဖြစ်ပေါ်စေခဲ့သည်။ **(ရိုက်တာ)**

နှစ်နိုင်ငံအငြင်းပွား ရေပြင်စပ်အနီးသို့ မြောက်ကိုရီးယားဘက်မှ လက်နက်ကြီးပစ်ခတ်မှုဆိုင်ရာ စစ်ရေးလေ့ကျင့်

ပြုံယမ်း မေ ၂၉

နှစ်နိုင်ငံအငြင်းပွားရေပြင်အနီးသို့ မြောက်ကိုရီးယားတို့ဘက်မှ လက်နက်ကြီးပစ်ခတ်မှုဆိုင်ရာ စစ်ရေးလေ့ကျင့်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း၊ သို့သော်တောင်ကိုရီးယားရေပိုင်နက်အတွင်းသို့ တစ်စုံတစ်ရာကျလာခြင်းမရှိဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုကဲ့သို့ လက်နက်ပစ်ခတ်မှု စစ်ရေးလေ့ကျင့်ခြင်းသည် ပြုံယမ်း၏ တစ်လတာအတွင်း ဒုတိယအကြိမ်လေ့ကျင့်မှုဖြစ်သည်။ နောက်ဆုံးအကြိမ် လေ့ကျင့်မှုများက မြောက်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံအကြား လက်နက်အပြန်အလှန်ပစ်ခတ်မှုကို ဖြစ်စေခဲ့သည်။ ယခုလက်ရှိအခြေအနေတွင်မူ အငြင်းပွားရေပြင်အနောက်ပိုင်းနယ်စပ်သို့ ကျရောက်ခဲ့သော်လည်း တောင်ကိုရီးယားဘက်က တစ်စုံတစ်ရာတုံ့ပြန်မှုမရှိချေ။

မြောက်ကိုရီးယားဘက်မှ ပစ်ခတ်မှုသည် အငြင်းပွားနယ်စပ်မြောက်ပိုင်းကန့်သတ်မျဉ်း မြောက်ဘက် နှစ်မိုင်ခန့်အကွာအထိ ရောက်လာခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောကြားချက်အရ ယင်းကဲ့သို့ ကိုရီးယားကျွန်းဆွယ်အနောက်ပိုင်းကျွန်းများအနီး လုပ်ဆောင်ခဲ့သည့် မြောက်ကိုရီးယားတို့၏ စစ်ရေးလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းမှပင် သတိပြုခဲ့မိသည်ဟု ဆိုထားသည်။



အနောက်ပင်လယ်ရေပြင်နယ်စပ်သည် ကိုရီးယားနှစ်နိုင်ငံအကြား ပိုင်းခြားထားခြင်းဖြစ်ပြီး ယင်းနယ်စပ်ကို ကိုရီးယားစစ်ပွဲကာလအပြီး ကုလသမဂ္ဂမှ ရေးဆွဲသတ်မှတ်ပေးထားခြင်းဖြစ်သည်။ သို့သော် မြောက်ကိုရီးယားဘက်ကမူ ယင်းစည်းခြားနယ်စပ်ကို အသိအမှတ်မပြုချေ။

(ဘီဘီစီ)

ဥရောပအရှေ့ပိုင်းသို့ စေလွှတ်သော တပ်ဖွဲ့ဝင်များတွေ့ရစဉ်။

အမေရိကန်နှင့် နေတိုးစစ်ရေးပြင်ဆင်နေမှု စိုးရိမ်မိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးပြော

မော်စကို မေ ၂၉

ယူကရိန်းအရေး တင်းမာမှုများ မြင့်တက်လာချိန် ရုရှားနယ်စပ်အနီး အမေရိကန်နှင့် နေတိုးတပ်များ စစ်ရေးပြင်ဆင်မှုအပေါ် စိုးရိမ်ပူပန်မိကြောင်း မော်စကိုက ပြောကြားလိုက်သည်။

ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုးဂုက အမေရိကန် ကာကွယ်ရေးဝန်ကြီးထံ ဖုန်းဆက်၍ စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

သို့သော်လည်း မစ္စတာရှိုးဂုအနေဖြင့် ရုရှားက ယူကရိန်းကို မကျူးကျော်ရန် ကတိကဝတ်များပေးရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။

နေတိုးမဟာမိတ်များကို ကာကွယ်ပေးရန် ဥရောပအရှေ့ပိုင်းတွင် တပ်များပိုမိုဖြန့်ကြက်ချထားကြောင်း အမေရိကန်က ပြောကြားသည်။ ယူကရိန်းအရေးနှင့် ပတ်သက်ပြီး ရုရှားကိုအရေးယူပိတ်ဆို့မှုများ ပိုမိုပြုလုပ်လာချိန် အမေရိကန်က အရှေ့ဥရောပသို့ တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်လျက်ရှိသည်။

အဆိုပါအရေးယူပိတ်ဆို့မှုသည် ရုရှားထိပ်သီးပုဂ္ဂိုလ်ခုနစ်ဦးနှင့် ဝါရှင်တန်ရှိ ရုရှားကုမ္ပဏီ ၁၇ ခုကို ပိတ်ပင်အရေးယူလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းကုမ္ပဏီများသည် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အတွင်းစည်းကျသော ကုမ္ပဏီများဖြစ်သည်ဟု ဆိုသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

❊ *ကျောဖုံးမှ*

ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်း ရှိမြဲရှိနေဆဲဖြစ်သည်ကို ထောက်ပြနေကြပါကြောင်း။ ကျန်ရှိနေသေးသည့် အစိုးရသက်တမ်း နှစ်နှစ်တာကာလတွင် ရေတိုဆောင်ရွက်ပေးနိုင်သည့်အပိုင်းအား မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးသွားရန် လိုအပ်သကဲ့သို့ ရေရှည်ပြောင်းလဲမှုအတွက် လိုအပ်သော အုတ်မြစ်များကို ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ယခုခေတ်ကာလနှင့် ကိုက်ညီမှုရှိသည့် လက်တွေ့ကျသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်း၊ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားသွားရန် လိုအပ်ပါကြောင်း။

ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့သည့် ကျန်းမာရေးဘက်ဆိုင်ရာ ကော်မတီဝင်များနှင့် ပညာရှင်များ ပါဝင်သည့် လက်တွေ့ကျသော ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၏ မိန့်မှာကြားချက်များဖြစ်သည့် ကျန်းမာရေးကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံးကို ဆန်းစစ်လေ့လာအကဲဖြတ်သွားရန်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း၊ ကျေးလက်ကျန်းမာရေး ပညာရှင်များပါဝင်သည့် အကြံပေးအဖွဲ့ ဖွဲ့စည်းဆွေးနွေးဆောင်ရွက်ရန်၊ ဆွေးနွေးပွဲ ရလဒ်အရ လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အဆင့်ဆင့်တင်ပြရန်၊ လက်တွေ့ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုမျိုး ပြုလုပ်ရန်၊ တစ်နှစ်ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း၊ မိခင်သေဆုံးမှုနှုန်းကျဆင်းစေရန်၊ သားဖွားနှင့် အရန်သားဖွားများ၊ ကျေးလက်ကျန်းမာရေးလုပ်သား တိုးမြှင့်ခန့်ထားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ HIV/AIDS၊ ငှက်ဖျား၊ တီဘီရောဂါများ ရည်မှန်းချက်အဆင့်အထိ ကျဆင်းလာစေရန်၊ ဆရာဝန်၊ သူနာပြုများကို အိမ်နီးချင်းနိုင်ငံတချို့က ကျေနပ်အားရဖွယ်ရာ လက်ခံကြသကဲ့သို့ ပြည်တွင်းပြည်သူများ ကျေနပ်လက်ခံသည့်အဆင့်ရောက်အောင် ဆောင်ရွက်ကြစေရန်၊ ဝန်ထမ်းရာထူးခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အဆင့်တိုးမြှင့်ခြင်း စသည်တို့ကိုဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုများကို ပွင့်လင်းမြင်သာမှု၊ အဆင်ပြေစေမှုနှင့် မျှတမှုရှိစေရန်၊ ကျေးလက်ဒေသတွင် ဆွေမရှိမျိုးမရှိ ဆေးရုံတက်ရောက်လာသော လူနာများအတွက် လူနာနှင့်အစောင့် အဆင်ပြေသည့် စီမံခန့်ခွဲမှုများထည့်သွင်းဆောင်ရွက်ရန်၊ ဝန်ထမ်းနှင့် လူနာအင်အားမမျှတမှုကြောင့် ဝန်ထမ်းများ စိတ်ဖိစီးမှုရောက်နေရသည့် ကိစ္စရပ်တွင် ဖွဲ့စည်းပုံအင်အားတိုးချဲ့ရန်နှင့် ကြိုးစားသူကို ဆုပေးချီးမြှင့်သည့်စနစ်များ ကျင့်သုံးရန်၊ တိုးတက်များပြားလာသည့် သက်ကြီးရွယ်အိုများကိုပြုစုစောင့်ရှောက်မည့် အသင်းအဖွဲ့များကို အားပေးမှုပြုလုပ်သွားရန်၊ ပုဂ္ဂလိက ကဏ္ဍပါဝင်မှု အားပေးရန်၊ တိုးတက်များပြားလာသည့် အစားအသောက် အတုအပများ ထိန်းချုပ်နိုင်ရေး လိုအပ်သောဥပဒေများရေးဆွဲကြရန်စသည့် ကျန်းမာရေး ကဏ္ဍမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များကို မမေ့မလျော့ဆောင်ရွက်သွားရန် ထပ်မံနှိုးဆော်လိုပါကြောင်း။

ကျန်းမာရေးကဏ္ဍ အလုံးစုံပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးတွင်ပါဝင်သည့် ကျန်းမာရေး အဆင့်မြှင့်တင်ခြင်း၊ ရောဂါများ ကာကွယ်တိုက်ဖျက်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လေးခုစလုံးကို ရေရှည်စီမံချက်များနှင့် ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ရေတိုစီမံချက်တစ်ခုဖြစ်သည့် ပြည်သူလူထုကို နေ့စဉ်နှင့်အမျှ သန်းချီပြီး ထိတွေ့မှုအများဆုံးဖြစ်သည့် Curative အပိုင်း၊ ဆေးရုံ၊ ဆေးခန်း၏ ကျန်းမာရေးစောင့်ရှောက်မှုကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

တစ်နိုင်ငံလုံးရှိ ဆေးရုံဆေးခန်းမှပေးသည့် ကျန်းမာရေးစောင့်ရှောက်မှု၏ အဆင်ပြေမှု၊ အဆင်မပြေမှု အပေါ်အဓိကမူတည်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရအပေါ် ရောင်ပြန်ဟပ်စေမှာ ဖြစ်ပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုအင်္ဂါရပ်များဖြစ်သည့် ဆေးရုံ၊ ဆေးခန်းအဆောက်အအုံ၊ ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်း၊ ဆေးဝါးနှင့် အထောက်အကူစက်ပစ္စည်းကိရိယာအမျိုးမျိုးတို့ဖြစ်ပါကြောင်း၊ လက်တွေ့တွင် အဆိုပါအင်္ဂါရပ်များ ပြည့်စုံပါမှ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် ကုသရေးအပိုင်းသည် ပြီးပြည့်စုံမှာဖြစ်ပါကြောင်း။

ပြီးခဲ့သည့် လပိုင်းအတွင်းက မြို့ကြီးလေးမြို့၊ ဆေးရုံကြီး ၁၅ ရုံကို သွားပြီး လေ့လာစစ်ဆေးကြည့်ရှုခဲ့ရာတွင် အားရကျေနပ်ဖွယ်ရာကောင်းသည့် ဝန်ဆောင်မှုမျိုးပေးနေသည့် ဆေးရုံမတွေ့ခဲ့ရပါကြောင်း၊ ဆေးဝါးထောက်ပံ့မှုပြည့်စုံသော်လည်း ကျန်သည့် ဆေးရုံအဆောက်အအုံပိုင်း လိုအပ်မှု၊ ဆရာဝန်ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်းလိုအပ်မှု၊ အထောက်အကူပြုစက်ပစ္စည်းဆိုင်ရာလိုအပ်မှု၊ ဝန်ထမ်းများအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုများကို တစ်ပုံတစ်ပင် မဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ခဲ့ရပါကြောင်း။

ကုသမှုခံယူနေကြသည့် လူနာများဘက်က ပြန်ဆန်းစစ်ကြည့်ရာတွင် ယေဘုယျအားဖြင့် အလွှာသုံးမျိုးသုံးစား ခွဲခြားလို့ရပါကြောင်း၊ ပထမအုပ်စုအနေဖြင့် ငွေကြေးတတ်နိုင်သည့်အလွှာရှိ လူနာများအနေဖြင့် ပြည်တွင်းကုသမှုကို အားမရသည့်အတွက် နိုင်ငံခြားသို့ သွားရောက်ကုသည့် အုပ်စုဖြစ်ပြီး တစ်နှစ်ကို နိုင်ငံ၏ နိုင်ငံခြားငွေစုစုပေါင်းဒေါ်လာသန်း ၂၀၀ ခန့် ယိုစီးထွက်မှုရှိနေပါကြောင်း။

အဆိုပါ အုပ်စုအတွက် နိုင်ငံတကာအဆင့်မီသည့် ဆေးရုံတစ်ရုံ၊ နှစ်ရုံပေါ်ပေါက်လာရန် မိမိတို့စွမ်းဆောင်နိုင်သည့် နည်းလမ်းကိုလည်း ဆွေးနွေးပေးစေချင်ပါကြောင်း၊ Private Sector, Public Sector, P.P.P ဖြစ်စေ မြန်မြန်ဆန်ဆန်ပေါ်ပေါက်လာနိုင်ရန် အဓိကဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေ ယိုထွက်ခြင်းထက် နိုင်ငံတော်နှင့် ကျန်းမာရေးလောက ဂုဏ်သိက္ခာကိုလည်း ထိခိုက်နိုင်ပါကြောင်း၊ ဒုတိယဖြစ်သည့် အလယ်အလတ်တန်းစားဖြစ်သော မရှိမရှားအုပ်စုအနေဖြင့် ဆေးရုံဆေးခန်းကိုသွားပြီး ကုသမှုယူနေသည့် ဆေးရုံများကို ပြည့်လျှံနေစေသည့် အုပ်စုဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ငွေကြေးအကုန်အကျများလွန်းနေသကဲ့သို့ ကျေနပ်မှုရှိသည့် ဝန်ဆောင်မှုမရကြသည်ကို ကြားနေကြရပါကြောင်း။

တစ်ချိန်တည်းတွင် ယခင်ကာလ ဆေးရုံဆေးခန်းများ၌ ဆေးဝါးမလုံလောက်ခဲ့ပေမယ့် ယခုဆေးဝါးအမျိုးမျိုးဝယ်ယူရန် သက်ဆိုင်ရာဆေးရုံကြီးများသို့ တိုက်ရိုက်ရန်ပုံငွေချပေး၍ ဆေးဝါးလုံလောက်မှုရှိလာသည်နှင့်အမျှ ပိုလျှံလာသည့် ဆေးဝါးများကို သိုလှောင်နိုင်ရန် အဆောက်အအုံလိုအပ်မှုကို နောက်ဆက်တွဲ အကျိုးဆက်ပေါ်လာပါကြောင်း။

လူနာများလာရခြင်းအကြောင်းရင်းများအနက် အခမဲ့ဆေးဝါးကုသမှုပေးခြင်းသည် အကြောင်းအရာတစ်ခုဖြစ်ပါကြောင်း၊ သို့ရာတွင် လက်ရှိစနစ်သည် နိုင်ငံအနေဖြင့် ရေရှည် ကိုက်ညီမှု ရှိ၊ မရှိ၊ ဖြစ်နိုင်မဖြစ်နိုင်ကို သုံးသပ်ကြရန် လိုအပ်မှာဖြစ်ပါကြောင်း။

တတိယဖြစ်သည့် အခြေခံလူတန်းစားနှင့်ကျေးလက်နေပြည်သူလူထုဖြစ်ပြီး ဆေးရုံ၊ ဆေးခန်းများကို မလာနိုင်၊ မသွားနိုင်သူများဖြစ်ပါကြောင်း၊ ရွာတိုင်းအတွက် ကျေးရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် အရန်သားဖွားဆရာမနှင့် လူထုကျန်းမာရေးလုပ်သားဖြင့် စပေးစေလိုပါကြောင်း။

အဆိုပါ အုပ်စုများအားလုံးအတွက် လွှမ်းခြုံနိုင်သည့် ရေရှည်ကျန်းမာရေး အာမခံစနစ်တစ်ခု ထူထောင်နိုင်ရန်၊ မည်ကဲ့သို့ လုပ်ဆောင်ပါက သင့်တော်မည်ကို အားလုံးကအကြံပေးဆွေးနွေးစေလိုပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံမှ ကျင့်သုံးနေသည့် အာမခံစနစ်၊ နိုင်ငံတကာကျင့်သုံးနေသည့် အာမခံစနစ် သင့်တော်ရာ ရွေးချယ်နိုင်ရန်လိုအပ်လာမှာဖြစ်ကြောင်း။

အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးစီးဌာနခုနစ်ခုရှိသည့်အနက် ကျန်းမာရေးဦးစီးဌာနတစ်ခုတည်းက ဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းရာခိုင်နှုန်း ၈၀ ခန့်ကို တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းအတော်များများကို ဦးစီးဌာနတစ်ခုတည်းက ကိုင်တွယ်ရသည့်အတွက် မနိုင်မနင်းဖြစ်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များ ရောက်သည့်အခါတိုင်း လိုအပ်မှုများ တင်ပြသည့်အထဲတွင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမများအပြင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ပါပါကြောင်း၊ အထူးကုဆရာဝန် လိုအပ်ချက်များအနက် Radiologist, Anesthetist, Pathologist, Pediatric Surgeon အပါအဝင် သွားဆရာဝန်များလည်းပါပါကြောင်း။

MRCOG အောင်ရန် ခက်လာသည့်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် မည်သို့ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ကို ဝိုင်းဝန်းစဉ်းစားအကြံပြုကြစေလိုပါကြောင်း၊ Undergrad ဖြစ်သည့် MBBS, BDS ၏ လိုအပ်ချက်များကို လွှတ်တော်တွင် တစ်ချိန်လုံး တောင်းဆိုနေတာကိုတွေ့ရပါကြောင်း၊ မိမိတို့တွင် ဘွဲ့ရများထောင်ချီရှိနေသော်လည်း ပေးလိုပေမယ့် မပေးနိုင်ခြင်းသည် စနစ်တစ်ခုခုမှားနေခြင်းဖြစ်ပါကြောင်း။

ဘွဲ့လွန်ဆိုသည့်အတိုင်း လူတိုင်းအနည်းဆုံး Masterပြီးရင် Doctorate သွားချင်ကြပါကြောင်း၊ အချိန်ငါးနှစ်၊ခုနစ်နှစ်ပေးမှ ဘွဲ့လွန်တစ်ဦးသာရသည့်အစီအစဉ်သည် လတ်တလောလိုအပ်ချက်များနှင့် မကိုက်ညီသည်ကိုတွေ့ရပါကြောင်း၊ Masterအစား Diploma, Certificate Course များပေးပါက လက်ရှိ Shortage ပြဿနာကို အချိန်တိုအတွင်း ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း။

သူနာပြုနှင့်သားဖွားဆရာမများကိုလည်း Bachelor ဘွဲ့နှင့်အတူ Diplomaနှင့် Certificate Course မျိုးသွားနိုင်မည်ဆိုပါက ယခုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ လူသားအရင်းအမြစ်မွေးထုတ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားသင်ယူမှုကို သမားရိုးကျသင်ကြားသင်ယူမှုမှ တစ်ဆင့်တက်ပြီး Electronic နည်းပညာသုံး၍ သင်နိုင်သည့် နည်းလမ်းမျိုး ကျင့်သုံးရန်လိုအပ်ပါကြောင်း၊ တက္ကသိုလ်၏ အသက်ဖြစ်သည့် Research Funding နှင့် စက်ပစ္စည်းများလိုအပ်မှု၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် အိမ်ရာ၊အဆောင်လိုအပ်မှုများကို ထည့်သွင်းစဉ်းစားကြရမှာဖြစ်ကြောင်း။

ပြီးခဲ့သည့်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် CT စက်ကြီးများကို ပေးပို့နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်စရာဖြစ်သော်လည်း အချို့နေရာများတွင် Radiologist ရှိသော်လည်း Training မရသေးသည့်အတွက် ယခုအထိ မရိုက်နိုင်၊ မဖတ်နိုင်သည့် အခက်အခဲရှိနေတာကို တွေ့ရပါကြောင်း။

ထို့အပြင် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ဆောက်လုပ်မှုအပိုင်းတွင် တချို့သော အဆောက်အအုံများမှာ ကြီးကြပ်မှုအားနည်းသည့်အတွက် အရည်အသွေးမမီတာများကို တွေ့ခဲ့ရပါကြောင်း။

အဆိုပါ အခက်အခဲများ၊ လိုအပ်ချက်များကို ကျော်လွှားနိုင်ပြီး ကျန်းမာရေးကဏ္ဍကို တကယ်အကျိုးပြုမည့် ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်နေပြီဖြစ်သည့် အတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို သင့်တော်သလို Redesign လုပ်ပြီး ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ကိုက်ညီမည့် ဖွဲ့စည်းမှုပုံစံအသစ်နှင့် ပြန်လည်ဖွဲ့စည်း စီမံခန့်ခွဲလုပ်ဆောင်သွားပါမှ ကျန်းမာရေးကဏ္ဍ ရှေ့ကိုတက်လှမ်းနိုင်မှာ ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် Promotive, Preventive, Rehabilitation အပိုင်းမှာလည်း ရေတိုရေရှည် ဘယ်လိုပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သင့်သည်ကို တက်ရောက်လာကြသူအားလုံးက ဝိုင်းဝန်းအကြံပေးကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ၏ (၁/၂၀၁၃)အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မတီတွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးကလည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွှယ်သည့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစားဆေးပညာရှင်များက ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲသင့်သည်များနှင့် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးသင့်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးပညာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုအပိုင်း တိုးတက်ရေးတို့အတွက် အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မတီတွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဖတ်ကြားအတည်ပြုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းပေး၍ လက်ရှိကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုအပိုင်းတွင် ကောင်းမွန်သည့်အပိုင်းများရှိသကဲ့သို့ လိုအပ်ချက်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးကို ကျင်းပ၍ လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲဖြည့်ဆည်းပေးနိုင်ရန် အားလုံးက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အလားတူ ဆေးဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် အမိန့်ကြေညာစာ အမှတ် (၁၇/၂၀၁၄) ဖြင့် အမျိုးသားကျန်းမာရေးကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

ယခင် အမျိုးသားကျန်းမာရေးကော်မတီကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၉ ခုနှစ်အထိ နှစ်ပေါင်း ၁၉ နှစ်အတွင်း အစည်းအဝေးပေါင်း (၄၄)ကြိမ် ကျင်းပခဲ့၍ ကျန်းမာရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်ပြီး ဆွေးနွေးဆုံးဖြတ်ချက်များ အမြောက်အမြားရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းဆောင်းပါး

အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသော ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး

ဆေးရုံအုပ်ကြီး ဒေါက်တာဦးလှမြင့်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

သတင်းဆောင်းပါး–ခင်ချိုဝင်း၊ ဓာတ်ပုံ–ရဲထွန်း

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၅၀၀)သည် မြန်မာနိုင်ငံ၌ အကြီးဆုံး ပြည်သူ့ဆေးရုံကြီး ဖြစ်သည်။ ဆေးရုံသက်တမ်းသည် နှစ်ပေါင်း ၁၀၀ ကျော်လာပြီဖြစ်သဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဆေးရုံအဆင့်မြှင့်တင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဦးလှမြင့်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

မေး။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ဆောင်ရွက်နေတဲ့ လုပ်ငန်းကဏ္ဍတွေနဲ့ ပတ်သက်ပြီး သိလိုပါတယ်ရှင့်။

ဖြေ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မှတ်တမ်းများအရ ၁၉၀၅ ခုနှစ် မေ ၆ ရက်တွင် ပင်မအဆောက်အအုံကို အုတ်မြစ်ချခဲ့ပြီး တည်ဆောက်ခဲ့ရာ ၁၉၁၁ ခုနှစ်တွင် လုံးဝပြီးစီးခဲ့ပါတယ်။ မြေညီထပ်အပါအဝင် လေးထပ်အဆောက်အအုံဖြစ်ပြီး ခုတင် ၃၄၂ ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

မြန်မာနိုင်ငံ၏ ဆေးရုံကြီးများတွင် ရှေးအကျဆုံး သမိုင်းဝင်ပြယုဂ် အဆောက်အအုံ (Historic and Iconic building) တစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အကြီးဆုံးခုတင် ၁၅၀၀ ဆံ့ဆေးရုံကြီးလည်းဖြစ်ပါတယ်။ မြန်မာပြည်အရပ်ရပ်မှ လွှဲပြောင်းပေးပို့လာသော လူနာများကို လက်ခံကုသပေးသည့် Tertiary Referral Hospital တစ်ခုဖြစ်သည့်အပြင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏သင်ကြားရေးဆေးရုံ Teaching Hospital လည်းဖြစ်ပါတယ်။ အထူးကုဘာသာရပ်ပေါင်း ၂၄ ခုဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြင့်ကုသပေးရာ ဆေးရုံကြီးတစ်ခုလည်းဖြစ်ပါတယ်။

အများပြည်သူများအားထားရသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ သက်တမ်းနှစ် ၁၀၀ ကျော်ရှိနေပြီး ၂၀၀၈ ခုနှစ်တွင် အတွင်းလူနာဦးရေ ၂၅၇၄၀ လက်ခံကုသခဲ့ရာမှ ၂၀၁၃ ခုနှစ်အတွင်း လူနာဦးရေ ၅၈၀၃၁ ဦး အထိ တိုးတက်များပြားလာသည့်အပြင် ပြင်ပလူနာအဖြစ် တစ်နှစ်လျှင် လူနာဦးရေ နှစ်သိန်းခွဲကျော် လာရောက်ပြသသဖြင့် လူနာဆောင်များတွင် အတွင်းလူနာများ ကျပ်တည်းစွာထားရှိနေရပြီး အဆောက်အအုံအတွက် Overweight ဖြစ်နေသောကြောင့် လည်းကောင်း၊ ဆေးကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်မှုရရှိစေရန်အတွက် လည်းကောင်း၊ နှစ်ပေါင်း ၁၀၀ ကျော်သည့် Main building ကို အကြီးစားပြုပြင်မွမ်းမံခြင်း(General Renovation) ပြုလုပ်ရန်နှင့် အခြားအဆောက်အအုံများကို တိုးချဲ့ပြုပြင်မွမ်းမံရန် လိုအပ်လာပါတယ်။ နိုင်ငံတကာအဆင့်မီ ဆေးရုံတစ်ခုအဖြစ် ရပ်တည်နိုင်ရန် လိုအပ်သောရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ခေတ်မီစက်ကိရိယာပစ္စည်းများနှင့် ကုသမှုနည်းစနစ်များကို အဆင့်မြှင့်တင်ရန်နှင့် တိုးချဲ့တပ်ဆင်ရန်အတွက် အဆောက်အအုံအသစ်များ လိုအပ်နေပါတယ်။

၁၉၉၂ ခုနှစ် နောက်ပိုင်းတွင်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုးချဲ့ဆောင်များနှင့် အဆောင်သစ်များဆောက်လုပ်ခဲ့ခြင်း မရှိခဲ့သဖြင့် ခြောက်နှစ်တာကာလအတွင်း လူနာနှစ်ဆကျော် တိုးတက်များပြားလာသည့် အချိန်တွင် လူနာများကို Medical Ward များ၊ Trauma Ward နှင့် Cancer Ward များတွင် Central line နှင့် Corridor များ၌ ကျပ်ညပ်စွာထားရှိရသည့် အခြေအနေသို့ ဆိုက်ရောက်နေပါတယ်။

ပင်မဆောင် Main building တွင် စနစ်တကျထားရှိပါက လူနာခုတင် ၃၂၂လုံးသာ ထားရှိကုသနိုင်ပါသော်လည်း ဆေးရုံတက်ရောက်ကုသသည့် လူနာများ ယခုခြောက်နှစ်တာကာလအတွင်း နှစ်ဆကျော် တိုးတက်များပြားလာပြီး အထူးသဖြင့် ဆေးကုသဆောင်များနှင့် Trauma Ward တို့တွင် Central line နှင့် Corridor များတွင်ပါ ခုတင်များထပ်မံဖြည့်တင်း၍ ခုတင် ၇၄၁ လုံးအထိ တိုးချဲ့ထားရှိကာ Over Load ဖြစ်နေသည့် အခြေအနေတွင် ရှိပါတယ်။

ပင်မဆောင် Main building တွင် Over Load ဖြစ်နေသည့် အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ သုတေသနဌာနမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား ရေရှည်အသုံးပြုနိုင်ရန် လူနာအရေအတွက် Loading အားလျှော့ချ၍ ဆက်လက်အသုံးပြုသင့်ပါကြောင်း အကြံပြုလာပါတယ်။

ဒါကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ဖို့ လိုအပ်လာတဲ့အတွက် စတင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေများ ခွဲဝေချထားရာတွင် ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးအတွက် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် သန်းငါးထောင်တိတိကို ခွဲဝေချထားပေးခဲ့ပါတယ်။

မေး။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး ဆက်လက်သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်တွင် ပုံမှန်ခွဲစိတ်မှုလုပ်ငန်းများအတွက် စုစုပေါင်း ခွဲစိတ်ခန်းလေးခုသာရှိပြီး ယခုခေတ်နှင့်လျော်ညီသည့် Specification များနှင့်ကိုက်ညီမှုမရှိတော့ပါ။ ခုတင် ၁၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ခန်း ၁၀ ခန်း ပါဝင်သော နိုင်ငံတကာအဆင့်မီ တစုတစည်းတည်း ဖြစ်မည့် OT Complex တစ်ခုတည်ဆောက်ရန် လိုအပ်လျက်ရှိပါတယ်။ ယခုလက်ရှိ အထူးကြပ်မတ်ကုသဆောင်မှာလည်း လူနာခုတင် ၂၀ သာရှိပြီး အဆောက်အအုံနှင့်ဖွဲ့စည်းပုံမှာလည်း ခေတ်မမီတော့သည့်အတွက် လူနာခုတင် ၅၀ ခန့်ထားရှိနိုင်သည့် ခေတ်မီသော အထူးကြပ်မတ်ကုသဆောင်တစ်ခုလိုအပ်နေပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၁၅၀၀ ဆံ့ဆေးရုံကြီးဖြစ်ပြီး Imaging Department တွင် အနည်းဆုံး MRI သုံးခုနှင့် CT လေးခုခန့်ရှိသင့်ပါတယ်။ ယခုအခြေအနေမှာ Function အရ စက်တစ်လုံးစီသာ အသုံးပြုနိုင်၍ ၎င်းစက်များကို Imaging Department တွင် မထားရှိနိုင်ဘဲ အရေးပေါ်ဌာနတွင်သာ နေရာချထားအသုံးပြုနေပါတယ်။ သို့ဖြစ်၍ Imaging Complex တစ်ခုအနေဖြင့် MRI နှစ်ခု၊ CT နှစ်ခု၊ Digital X-Ray ငါးခု၊ Ultrasound Sound ခြောက်ခန်းနှင့် Teaching Room များ ဖွဲ့စည်းရန် လိုအပ်ပါတယ်။ Rehabilitation Center အနေဖြင့်လည်း ICU ၏ အောက်ထပ်တွင် ၎င်း၏စက်ပစ္စည်းများထားရှိရန် နေရာအခက်အခဲရှိပြီး ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် စက်ပစ္စည်းများ ထားရှိရန် နေရာလုံလောက်မှုမရှိပါ။

ပင်မဆောင်အား Renovation ပြုလုပ်ရာတွင် Extension Building ငါးထပ်အဆောက်အအုံ ဆောက်ပြီးမှ လူနာများကိုရွှေ့ပြောင်းပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းအဆောက်အအုံကို အကြမ်းထည် ဆောက်လုပ်ပြီးပါက အပေါ်ဆုံးထပ်ကို OT Complex အဖြစ်လည်းကောင်း၊ အောက်လေးထပ်ကို ယာယီလူနာဆောင်များအဖြစ် အသုံးပြုကာ ပင်မဆောင် Renovation ပြုလုပ်သည့် အချိန်တွင် ပင်မဆောင်မှ လူနာများကို ခေတ္တပြောင်းရွှေ့မည်ဖြစ်ပြီး Renovation ပြီးဆုံးပါက မူလအစီအစဉ်အတိုင်း အပေါ်ဆုံးဖြစ်သည့် စတုတ္ထထပ် 4th Floor တွင် Operation theatre ၁၀ ခုပါဝင်သည့် OT Complex၊ တတိယထပ် 3rd Floor တွင် ခုတင် ၅၀ ခန့်ထားရှိနိုင်မည့် Intensive Care Unit၊ ဒုတိယထပ် 2nd Floor တွင် (Private Room)၊ ပထမထပ် 1st Floor တွင် အကြောအဆစ်ဆေးကုဌာနနှင့် ဆေးမှတ်တမ်းဌာန၊ မြေညီထပ် Ground Floor တွင် ဓာတ်မှန်ဌာနတို့ကို ထားရှိမည်ဖြစ်ပါတယ်။ ဒါကြောင့် တိုးချဲ့ငါးထပ်ဆောင်တစ်ခုကို စတင်ဆောက်လုပ်ခဲ့ရပါတယ်။ ပိုင်တိုင် ၁၂၃ လုံးရိုက်ကာ အဆောက်အအုံကို တည်ဆောက်ခဲ့ရာ ပထမထပ်ပြီးစီးတော့မှာဖြစ်ပါတယ်။

Cyclotron နှင့် PET/CT စက်ကို မြန်မာငွေကျပ်သန်းခုနစ်ထောင်ဖြင့် ဝယ်ယူခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်၍ ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရန် လျာထားသည့် ရန်ပုံငွေမှ Cyclotron နှင့် PET/CT ထားရှိရန် အဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်ပါတယ်။

ရင်ခေါင်းဆေးကုဌာန (Chest Medical)နှင့် ကျောက်ကပ်ဆေးကုဌာန (Renal Medical) တို့မှာ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးသို့ ပြောင်းရွှေ့သွားပြီး အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုဌာန (Department of Gastroenterology)မှာ ၎င်းအဆောက်အအုံတွင် ကျန်ရှိခဲ့ပါတယ်။ ဌာနနှစ်ခု ပြောင်းရွှေ့ပြီးဖြစ်၍ ထိုအဆောက်အအုံကို တစ်ခြမ်းစီ လိုအပ်ချက်အတိုင်း အကြီးစားမွမ်းမံပြင်ဆင်မှုများပြုလုပ်ကာ အစာအိမ်နှင့် အူလမ်းကြောင်းဆေးကုဌာနကို အောက်ထပ်တစ်ခြမ်းနှင့် ပင်မဆောင် Main building မှ Medical Ward လူနာဆောင် ၁၇-၁၈ ကို အဆောက်အအုံ၏ ကျန်အခန်းလွတ်များသို့ ပြောင်းရွှေ့ထားရှိမည်ဖြစ်တဲ့အတွက် အဆောက်အအုံ Renovation ကို ဆောင်ရွက်ခဲ့ပါတယ်။

ဆေးရုံကြီးအတွင်းရှိ ဆေးရုံအဆောက်အအုံများ၏ ပြင်ပနံရံများ၊ ဆေးသုတ်ခြင်း၊ ကား Parking တည်ဆောက်ခြင်း၊ ရေမြောင်းများ (Drain & Apron)ပြုပြင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းသာယာရေး (Landscaping)ဆောင်ရွက်ခြင်း၊ လျှပ်စစ်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်အတွက် အရေးပေါ်ထွက်ပေါက်လုပ်ငန်းများကို ယခု သုံးလတာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ ဆေးရုံကြီးမှာ ဆေးရုံသုံးခေတ်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့တဲ့ အခြေအနေလေးကို သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ စုစုပေါင်း သန်းပေါင်းတစ်သောင်းလေးထောင့်ငါးရာခန့် တန်ဖိုးရှိတဲ့ ရောဂါရှာဖွေရေးနှင့် ကုသရေးတွင် အသုံးပြုသည့်ဆေးရုံသုံးခေတ်မီစက်ပစ္စည်း (Modern Equipments)၁၄မျိုးကို ထောက်ပံ့ပေးခဲ့တဲ့အတွက် လက်ခံရရှိခဲ့ပါတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း အဆောင်သစ်များ ဆောက်လုပ်နေသည်ကို တွေ့ရစဉ်။

မေး။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ ဆရာကြီးတို့လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း သိချင်ပါတယ်ရှင့်။

ဖြေ။ ။ ၁၅-၂-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဒေါက်တာကျော်မြင့်၊ ဒေါက်တာမောင်မောင်ဝင့်၊ ဒေါက်တာနေလင်း၊ ဒေါက်တာခင်မောင်ဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီး၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဗိသုကာပညာရှင်(ငြိမ်း) ဒေါ်နီလာကျော်၊ ဆေးရုံအုပ်ကြီး(ငြိမ်း) ရန်ကုန် ဒေါက်တာနုနုသာတို့ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။

ဥက္ကဋ္ဌအနေနဲ့ ပင်မအဆောက်အအုံကြီးကို စနစ်တကျပြုပြင်နိုင်ရန်အတွက် ယခုအဆောက်အအုံမျိုး ပြုပြင်ခြင်းအတွေ့အကြုံရှိတဲ့ အင်္ဂလန်နိုင်ငံမှ ပညာရှင်များ၏နည်းပညာပံ့ပိုးမှုရရှိရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလက်ရှိဆောင်ရွက်နေတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးကိစ္စတွင် အသုံးပြုနိုင်ရန် နိုင်ငံတော်မှ ခွဲဝေချထားပေးသော ခွင့်ပြုရန်ပုံငွေကို အသုံးပြု၍ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဖွဲ့၏အတည်ပြုချက်ရယူကာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။ ဆေးရုံကြီးရဲ့ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ဆေးရုံကြီးဖွဲ့စည်းပုံကတော့ မူလအတိုင်း ဖွဲ့စည်းပုံအဟောင်းပဲဖြစ်နေသေးတဲ့အတွက် လက်ရှိ တိုးတက်များပြားလာသော လူနာများကို စောင့်ရှောက်မှုပေးရန်နှင့် တိုးချဲ့တပ်ဆင်လာသော ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် ဝန်ထမ်းအင်အား အလွန်နည်းပါးနေပါသဖြင့် လက်ရှိအခြေအနေနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံရရှိရေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ပေးပို့တင်ပြထားကြောင်း သိရှိရပါတယ်။

မေး။ ။ အရင်တုန်းကဆိုရင် လူနာတွေက ဆေးရုံကြီးကိုသွားပြပါဆိုရင် ကြောက်စိတ်တွေရှိတယ်။ အဲဒီလိုမျိုးတွေမဖြစ်အောင် ဆေးရုံအုပ်ကြီးအနေနဲ့ ပြည်သူတွေကို စကားလက်ဆောင်လေး ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ယခုအခါမှာ ကျွန်တော်တို့ရန်ကုန်ဆေးရုံကြီးရဲ့ ဝန်ဆောင်မှုအပိုင်းကို အဆင့်မြင့်အောင် ဆောင်ရွက်နေပြီဖြစ်သလို ကုသရေးပိုင်းမှာလည်း စွမ်းဆောင်ရည် ပိုမိုမြင့်မားအောင်ဆောင်ရွက်ပေးနေပါတယ်။ အရေးပေါ်လူနာများနှင့် လူနာများအတွက် အခြေခံဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနိုင်သည့် အခြေအနေတွင်ရှိနေသဖြင့် လူနာများစိုက်ထုတ်ရသော ငွေကြေးလျော့နည်းစေရန် အဖွဲ့အနေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း အောက်ခြေဝန်ထမ်းပိုင်းရဲ့ ဆက်ဆံရေးနှင့်ဝန်ဆောင်မှုတွေအပေါ် လူနာများမှ အမြင်မကြည်လင်မှုများ မဖြစ်ပေါ်စေရေး၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

လူငယ်ရေးရာကဏ္ဍ

မတူကွဲပြားမှုများကို တန်ဖိုးထားမြှင့်တင်မည့် မျိုးဆက်သစ်အာဆီယံလူငယ်များ

ရန်ကြီးအောင်

မလေးရှားနိုင်ငံသို့ရောက်ရှိခဲ့သော အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုဘားမားသည် ဧပြီ ၂၇ ရက်တွင် ကွာလာလမ်ပူမြို့ရှိ မလေးရှားတက္ကသိုလ်၌ အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် သမ္မတအိုဘားမားက ပထမဦးစွာ အမေရိကန်-အာဆီယံပေါင်းစည်းမှုမြှင့်တင်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍ၏ အရေးပါမှုကို အလေးပေး၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံလူငယ်များက သိလိုသည်များ မေးမြန်းပြီး သမ္မတအိုဘားမားက ပြန်လည်ဖြေကြားသည့် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ လူငယ်တစ်ဦးက အသက်(၂၀) အရွယ်တွင် အိုဘားမား၏ အိပ်မက်၊ ယင်းအိပ်မက်ပြည့်ဝအောင်မြင်ခဲ့ခြင်းရှိ၊ မရှိမေးမြန်းခဲ့ရာ သမ္မတအိုဘားမားက လူမှုရေးနှင့်ပရဟိတလုပ်ငန်းများအပေါ် စတင်စိတ်ဝင်စားလာခဲ့ပုံမှ အစပြု၍ အစိုးရလုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမှ လူငယ်တစ်ဦးက မေးမြန်းခဲ့ရာ သမ္မတအိုဘားမားက ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ သမ္မတအိုဘားမား၏ ရှင်းလင်းပြောကြားသည့်အချက်အပေါ် မီဒီယာအချို့မှ လိုရာဆွဲ၍ ဖော်ပြနေသည်များရှိနေရာ အိမ်ဖြူတော်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အမေးအဖြေအပြည့်အစုံကို ပြည်သူအများသိရှိနိုင်စေရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

အစီအစဉ်တင်ဆက်သူ ။ ။ ကျေးဇူးတင်ပါတယ် သမ္မတကြီးရှင့်။ အခုလူမှုကွန်ရက်က မေးထားတဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အပတ်အတွင်းမှာ ကျွန်မတို့လက်ခံရရှိခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။

သမ္မတအိုဘားမား ။ ။ ကောင်းပါပြီ။

မေးခွန်း ။ ။ ဒီမေးခွန်းက မြန်မာနိုင်ငံက ကျွန်မတို့ သူငယ်ချင်းတစ်ဦးက မေးမြန်းထားတာဖြစ်ပါတယ်။ သူမေးထားတာက "သမ္မတကြီးခင်ဗျား။ မတူကွဲပြားတဲ့ မျိုးနွယ်စုတွေ၊ မတူကွဲပြားတဲ့ ဘာသာစကားတွေ၊ ကွဲပြားခြားနားတဲ့ ဘာသာစကားတွေ၊ ကွဲပြားခြားနားတဲ့ကိုးကွယ်ယုံကြည်မှုတွေနဲ့ ယဉ်ကျေးမှုတွေ အစရှိတဲ့ မတူကွဲပြားမှုအမျိုးမျိုးအကြားမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံတင်မကဘဲ အာဆီယံဒေသကြီးတစ်ခုလုံးမှာ ဖြစ်ပါတယ်။ ဒီလိုပေါင်းစည်းနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားမျိုးဆက်သစ်ခေါင်းဆောင်တွေအားလုံးကို သမ္မတကြီးကိုယ်တိုင် ဘယ်လိုစကား၊ ဘယ်လိုတိုက်တွန်းအားပေးမှု ပေးလိုပါသလဲခင်ဗျာ။

သမ္မတအိုဘားမား ။ ။ သိပ်ကောင်းတဲ့မေးခွန်းပါပဲ။ ကမ္ဘာကြီးတစ်ခုလုံးက ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ တင်းမာမှုအဓိကဇာစ်မြစ်ကို ကြည့်လိုက်မယ်ဆိုရင် အရေးအကြီးဆုံးမဟုတ်တောင်မှ ဖြစ်တတ်တဲ့ အကြောင်းရင်းက သူတို့နဲ့ မတူတဲ့သူတွေကို တစ်မျိုးတစ်ဖုံ ဆက်ဆံနေတာကြောင့်ဖြစ်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဆယ်စုနှစ်နဲ့ချီပြီး ဖိနှိပ်ခဲ့တဲ့ အစိုးရကနေ အသွင်ကူးပြောင်းနေပြီဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒီမိုကရေစီဖော်ဆောင်ရေးရဲ့အန္တရာယ်ဟာ အခုအခါမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့လူမျိုးစုတွေ၊ မတူညီတဲ့ ကိုးကွယ်မှုတွေအတွင်းမှာပဲ ရှိနေပါတယ်။ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဒါတွေကို စုစည်းတည်ဆောက်ထားတဲ့ စည်းမျဉ်းတွေကို ဆန့်ကျင်ပြီး ဘာသာရေးအမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းမယ်၊ ဒါမှဟုတ် လူမျိုးရေးအမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းကြမယ်ဆိုရင် မြန်မာနိုင်ငံကို လမ်းကြောင်းအမှားပေါ် ဆွဲချသွားစေနိုင်တဲ့ပဋိပက္ခတွေကို ကျွန်တော်တို့ စမြင်နေရပါပြီ။

ဒါဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ မဟုတ်ပါဘူး။ ဒီ မလေးရှားနိုင်ငံဟာဆိုရင် မူဆလင်လူများစု နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့်လည်း မူဆလင်မဟုတ်တဲ့သူတွေ ခွဲခြားခံနေရတာတွေ၊ မူဆလင်မဟုတ်သူတွေကို ရန်ပြုခြင်းခံခဲ့ရတာတွေရှိနေပါတယ်။

ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် သမိုင်းနဲ့ချီတဲ့ လူမျိုးရေးပဋိပက္ခတွေ ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပြည်တွင်းစစ်ပွဲကြီး ဆင်နွှဲခဲ့ရပါတယ်။ နိုင်ငံသားအခွင့်အရေး လှုပ်ရှားမှုတွေ ဆင်နွှဲခဲ့ရပါတယ်။ အာဖရိကန်နွယ်ဖွားသမ္မတတစ်ယောက်အဖြစ် ခင်ဗျားတို့ရှေ့မှာ ရပ်လာနိုင်တဲ့ ယနေ့အထိမျိုးဆက် အဆက်ဆက်တိုက်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒီအလုပ်ကမပြီးသေးပါဘူး။ အမေရိကန်ပြည်ထောင်စုမှာကိုပဲ ခွဲခြားဆက်ဆံမှုတွေ၊ မမျှတမှုတွေ၊ လူမျိုးရေးပဋိပက္ခတွေရှိနေတုန်းပါပဲ။ ဒါတွေကို ကျွန်တော်တို့ တိုက်ဖျက်နေရတုန်းပါပဲ။

ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နဲ့ မတူတဲ့သူတွေ၊ ကိုးကွယ်မှုကွဲပြားတဲ့သူတွေ၊ လူမျိုးရေးနောက်ခံမတူညီတဲ့သူတွေ၊ ဒီလူတွေအပေါ်မှာ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီဘက်လိုက်မှုတွေ၊ ခွဲခြားလိုတဲ့စိတ်ဆန္ဒတွေရှိနေကြပါတယ်။ ဒါပေမယ့်လည်း ဒီကနေ့ကမ္ဘာကြီးက ကျုံ့နေပါတယ်။ ပိုပိုပြီးလည်း သေးငယ်လာနေပါတယ်။ ခင်ဗျားတို့အနေနဲ့ ကိုယ့်ရွာနဲ့ကိုယ်၊ ကိုယ့်မျိုးနွယ်စုနဲ့ကိုယ် တစ်သီးတခြား နေနေကြတာပဲ၊ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဆက်ဆံစရာမလိုဘူးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ဟာ အခုဆိုရင်အင်တာနက်တွေ၊ စမတ်ဖုန်းတွေရှိနေပါပြီ။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေဟာ ပြိုလဲသွားပါပြီ။ ကမ္ဘာကြီးက သေးသည်ထက် သေးလာနေပါပြီ။ လူတချို့ကို ဘေးဖယ်ထားပြီး အထီးကျန်ဖယ်ကြဉ်ထားတဲ့ ဘယ်နိုင်ငံမဆို အောင်မြင်နိုင်မှာမဟုတ်ပါဘူး။

မလေးရှားနိုင်ငံမှာ မူဆလင်မဟုတ်သူတွေကို အခွင့်အရေးတွေ ပိတ်ပင်ထားမယ်ဆိုရင် မလေးရှားနိုင်ငံအောင်မြင်မှာမဟုတ်ပါဘူး။ မူဆလင်တွေကိုဖိနှိပ်ထားမယ်ဆိုရင်လည်း မြန်မာနိုင်ငံဟာလည်း မအောင်မြင်နိုင်ပါဘူး။ နိုင်ငံရဲ့ထက်ဝက်ရှိတဲ့လူဦးရေ၊ ပြောရရင်အမျိုးသမီးတွေကို အမျိုးသားတွေနည်းတူပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းအတူတူမပေးတဲ့ ဘယ်လိုလူ့အဖွဲ့အစည်းမှ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ခင်ဗျားတို့အားလုံးအတွက်၊ အထူးသဖြင့်လူငယ်တွေအတွက် ကျွန်တော်ပြောချင်တဲ့အဓိကအချက်ကတော့ ခင်ဗျားတို့ရဲ့ ယဉ်ကျေးမှုကို ခင်ဗျားတို့ မြှင့်တင်ရမယ်။ ခင်ဗျားတို့ ဘယ်သူဆိုတာ၊ ခင်ဗျားတို့ ဘယ်ကဆင်းသက်လာတယ်ဆိုတာကို ခင်ဗျားတို့ဂုဏ်ယူရမယ်။ ဘာသာစကားတွေ၊ အစားအသောက်တွေ ကွဲပြားခြားနားနေတာတွေကို ခင်ဗျားတို့ တန်ဖိုးထားရမယ်။ ခင်ဗျားတို့ကိုးကွယ်နေကြတဲ့ ဘုရားသခင်တွေက တူမှာမဟုတ်ပါဘူး။ ဒီမတူညီတဲ့ ကိုးကွယ်မှုတွေကို တန်ဖိုးထားရမယ်။ ဒါပေမယ့် ဒီကွဲပြားမှုတွေဟာ တစ်စုံတစ်ဦးကို ထိုးနှက်တိုက်ခိုက်တဲ့ အသုံးချခံတွေ မဖြစ်ရဘူး။ ခွဲခြားဆက်ဆံဖို့ အကြောင်းပြချက်တွေ မဖြစ်ရဘူး။

ဒါကြောင့် ခင်ဗျားတို့ရဲ့နေ့စဉ်ဘဝတွေမှာ ဒီလိုခွဲခြားဆက်ဆံမှုတွေကို ဆန့်ကျင်တာတွေ ထုတ်ပြောရမယ်။ ခေါင်းဆောင်တွေအဖြစ် ပေါ်ထွက်လာမယ့် ခင်ဗျားတို့ဟာ လူတွေကို သီးခြားခွဲထုတ်မထားဘဲ သီးခြားဖြစ်နေတဲ့ လူတွေကိုတစ်စုတစ်စည်းတည်းဖြစ်အောင်လုပ်တဲ့နိုင်ငံရေးကို ဖော်ဆောင်ရမယ်။ လက်ရှိမျိုးဆက်အတွက် ဒါဟာ အရေးကြီးဆုံး အချက်ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် အခြားသူတွေနဲ့အတူ ရပ်တည်ရမယ်။ သူတို့ရဲ့ မျက်ဝန်းတွေကို ကျော်လွန်ပြီး သူတို့ရင်ထဲကို ကြည့်မြင်နိုင်ရမယ်။ ဘာသာတရားတိုင်းမှာ အခြေခံစည်းမျဉ်းကျင့်ဝတ်တွေ ရှိပါတယ်။ ခရစ်ယာန်တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ခရစ်တော်ရဲ့ အဆုံးအမတွေကနေ နားလည်ထားတာရှိပါတယ်။ "လူတွေက မိမိကို ဆက်ဆံစေချင်သလိုမျိုး မိမိက အခြားသူတွေကို ဆက်ဆံပါ" ဆိုတာရှိပါတယ်။ ခင်ဗျားတို့ ဒီလိုမျိုး မဆက်ဆံဘူးဆိုရင်၊ အခြေခံစည်းမျဉ်းကျင့်ဝတ်တွေကို မလေးစားဘူးဆိုရင် အဲဒီလူ့အဖွဲ့အစည်းဟာ ရှေ့ကိုသွားနိုင်မှာ မဟုတ်ဘဲ နောက်ပြန်ဆွဲနေတာဖြစ်တယ်။

ဒါဟာ ကမ္ဘာတစ်ဝန်းလုံးအတွက် အမှန်တရား၊ သစ္စာတရားဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ထဲက တချို့သီးခြား ဖြစ်နေပေမယ့်လည်း ကျွန်တော်တို့နဲ့သူတို့ဟာ အတူတူပဲ ဖြစ်ပါတယ်။ မြောက်အိုင်ယာလန်မှာဆိုရင် လူဦးရေတစ်ဝက်က ကက်သလစ်တွေ၊ ကျန်တဲ့တစ်ဝက်က ပရိုတက်စတင့်တွေ၊ ပဋိပက္ခတွေ အမြောက်အမြားဖြစ်ခဲ့ပေမယ့်လည်း နောက်ဆုံးမှာတော့ ငြိမ်းချမ်းရေးရရှိခဲ့ပါတယ်။ အပြင်ဘက်က ခင်ဗျားတို့ ကြည့်လိုက်မယ်ဆိုရင် ဘာဖြစ်လို့ ပဋိပက္ခတွေ ဖြစ်နေတာလဲဆိုပြီး မေးစရာဖြစ်နေမယ်။ သူတို့ နှစ်ဖက်စလုံးက အိုင်းရစ်လူမျိုးတွေပဲ၊ ပြောတဲ့ဘာသာစကားကလည်း တစ်ခုတည်းပဲ။ သူတို့ အငြင်းပွားနေစရာ မလိုဘူးလို့ ထင်ကြလိမ့်မယ်။ ဒါပေမယ့် ပြဿနာဖြစ်တဲ့အခြမ်းက နောက်ကျကျန်ခဲ့တယ်။ ဆင်းရဲတယ်။ အိုင်ယာလန်ရဲ့ ပြဿနာမဖြစ်တဲ့ အခြမ်းထက် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျ ကျန်ရစ်ခဲ့ရတယ်။

အာဖရိကတိုက်က နိုင်ငံတွေကို ကြည့်လိုက်ရင် ကျွန်တော့်ဖခင်ရဲ့ ကင်ညာနိုင်ငံမှာဆိုရင် လူမျိုးစုပဋိပက္ခတွေ အများကြီးဖြစ်နေတယ်။ အပြင်က ခင်ဗျားတို့က ဘာကြောင့်ဖြစ်နေတာလဲလို့ ထင်ကြလိမ့်မယ်။ ဒီနိုင်ငံဟာ အလားအလာ အများကြီးကောင်းတယ်။ သူတို့အနေနဲ့ တိုးတက်နေရမယ့်အချိန်မှာ လူမျိုးစုတွေ၊ မျိုးနွယ်စုတွေကို အကြောင်းပြုပြီး နိုင်ငံရေးအရ စည်းရုံးတာတွေ၊ တိုက်ခိုက်တာတွေကို တစ်ချိန်လုံးလုပ်နေကြတယ်။ တစ်ဖွဲ့က အာဏာရသွားပြီဆိုရင် ကျန်တဲ့တစ်ဖွဲ့ကို သံသယပွားပြီး နေရာလုမှာကို စိုးရိမ်တယ်။ အာဏာအလှည့်အပြောင်းဖြစ်ရင် ပြန်ခံကြရရော။ ဒီသံသရာကို လူ့အဖွဲ့အစည်းတစ်ခုပြီးတစ်ခု ကျွန်တော်တို့ တွေ့နေရပါတယ်။ လူငယ်မျိုးဆက်သစ်တွေ လုပ်ဆောင်နိုင်တဲ့ အရေးကြီးဆုံးအချက်ကတော့ ဒီလို အတွေးအခေါ်တွေကို ဖောက်ထွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တိုကျိုကို ရောက်တုန်းက အာကာသယာဉ်မှူးတစ်ယောက်ရဲ့ ပြခန်းတစ်ခုကို တွေ့ခဲ့ရပါတယ်။ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှာရှိတဲ့ ဂျပန်အာကာသယာဉ်မှူးတစ်ယောက်၊ သူက ကမ္ဘာကြီးတစ်ခုလုံးကို လေ့လာစောင့်ကြည့်နေတယ်။ သူတို့ဟာ ရာသီဥတုပြောင်းလဲမှုပုံသဏ္ဍာန်တွေကို ခြေရာခံလေ့လာနေကြတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ လေ့လာမှုက ကျွန်တော်တို့ကိုသဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်လာရင် အမြန်ဆုံးတုံ့ပြန်နိုင်စေဖို့ ဖြစ်ပါတယ်။ ဂျပန်၊ အမေရိကန်၊ ရုရှားနဲ့ အခြားနိုင်ငံက အာကာသယာဉ်မှူးတွေ အတူတူနေထိုင်လုပ်ကိုင်နေတာ မြင်ရပါလိမ့်မယ်။ အာကာသထဲက သူတို့ဆီကနေ ဒီကမ္ဘာဂြိုဟ်ကြီးကို လှမ်းကြည့်လိုက်ရင် ကျွန်တော်တို့အားလုံးဟာ အာကာသအလယ်က ဒီကျောက်တုံးသေးသေးလေးပေါ်မှာ အတူတူနေနေကြရတာပါပဲ။ သိပ်ကိုအရေးကြီးလှပါတယ်ဆိုတဲ့ ထင်မြင်ယူဆနေကြတဲ့ ကွဲပြားမှုတွေဟာ ကျွန်တော်တို့ကို အာကာသထဲက လှမ်းကြည့်တဲ့အခါမှာ ဘာမှမဟုတ်တော့တဲ့ အခြေအနေ ရောက်သွားပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ လူတိုင်းကို လေးစားရမယ်၊ လူတိုင်းကို တန်းတူရည်တူ ဆက်ဆံရမယ်ဆိုတဲ့ တူညီတဲ့ရှုမြင်ချက်ထားရှိကြရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံး လိုက်နာကြရမယ့် ကျင့်ဝတ်စည်းမျဉ်းပဲ ဖြစ်ပါတယ်။ သိပ်ကောင်းတဲ့မေးခွန်းပါ။ ယောကျ်ားလေး၊ မိန်းကလေးအားလုံးဟာ အခွင့်အရေးအတူတူရှိဖို့လိုပါတယ်။ ဒါကို ကျွန်တော်တို့လိုက်နာကျင့်သုံးကြရမှာဖြစ်ကြောင်း တိုက်တွန်းလိုပါတယ်။ ဒါကိုခင်ဗျားတို့အားလုံး ဆက်လက်ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ထို့နောက် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံစသည့် အာဆီယံနိုင်ငံများမှ လူငယ်များ၏ မေးမြန်းချက်များကို ဆက်လက်ဖြေကြားသွားခဲ့သည်။

သမ္မတအိုဘားမား၏ အာဆီယံလူငယ်များနှင့် တွေ့ဆုံမှုတွင် မြန်မာနိုင်ငံ၏ လက်ရှိလျှောက်လှမ်းနေသော ပြုပြင်ပြောင်းလဲမှုများကို လွန်စွာမှပင် ရဲရင့်လှသော ခြေလှမ်းများအဖြစ် ချီးကျူးပြောဆိုသွားခဲ့သလို မတူကွဲပြားမှုများကို တန်ဖိုးထားမြှင့်တင်ရေး၊ တန်းတူအခွင့်အရေးများရရှိရေး၊ ပဋိပက္ခများ ကင်းဝေးစေရေး စသည်တို့ကို ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို သာဓကပြု၍ ရှင်းလင်းပြောကြားသွားခဲ့ကြောင်း တွေ့ရှိရသည်။ အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် လူငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမေးမြန်းခွင့် ရရှိခဲ့ခြင်းကြောင့် မတူကွဲပြားမှုများ တည်ရှိနေသော အာဆီယံနိုင်ငံများမှ လူငယ်များအတွက်လည်း ကြီးမားသော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပေတော့သည်။

❄ *ကျောဖုံးမှ*

ယခုလူငယ်ပွဲမှာ ရွှေရတဲ့အတွက် နိုင်ငံလက်ရွေးစင်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံ့ရွှေတံဆိပ် ထပ်မံဆွတ်ခူးကာ နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားပါမယ်။

Singpore Lion XII အသင်းနှင့် ခြေစမ်းကစားမည့်ပွဲများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ဓာတ်ပုံ-စိုးညွန့်

ရုပ်မြင်သံကြား

၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၃၀ **ဘက်စုံထူးချွန် လူရည်မွန်**
၁၀း၁၅ **နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု** ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေး လုပ်ငန်းရှင်ဆု ထုတ်လုပ်ရောင်းချမှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု
၂၀း၀၀ ပြည်တွင်းသတင်း
၂၁း၀၀ **နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လယ်သမားဆု**

ပြည်တွင်းသတင်း

ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှုကို မလိုက်နာပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လွှတ်တော်၊ အစိုးရအဖွဲ့တို့ဖြင့်သာ မအောင်မြင်နိုင်ဘဲ နိုင်ငံသားအားလုံး ပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်းဖြင့် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အစိုးရသစ်လက်ထက်တွင် နိုင်ငံအနှံ့အပြား၌ မြေယာကိစ္စများ ပေါ်ပေါက်လာခဲ့ကြောင်း၊ မိမိလေ့လာမိသလောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မြေယာကိစ္စများ အသံအကျယ်လောင်ဆုံးဖြစ်ခဲ့ကြောင်း၊ ပဋိပက္ခအသွင်လည်း ဆောင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ မိမိတာဝန်ယူစဉ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးလုပ်ကိုင်မည့်သူမရှိ၍ လုပ်ဆောင်ရန် ဖိတ်ခေါ်ရာတွင် သာမန်ငွေကြေးအင်အားဖြင့် မလုပ်နိုင်ကြကြောင်း၊ ဒေသခံများအနေဖြင့်လည်း မလုပ်နိုင်ခဲ့ကြကြောင်း၊ လုပ်နိုင်သူများကို လုပ်ခွင့်ရရန် လမ်းဖွင့်ကာ ဖိတ်ခေါ်ခဲ့ကြောင်း၊ ထိုစဉ်က မိမိတို့နိုင်ငံ ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးတို့အတွက် များစွာကြိုးပမ်းခဲ့ရကြောင်း။

ရေအောက် ရောက်နေသည့် မြေများကို ဖော်ထုတ်စိုက်ပျိုးနိုင်လျှင် ရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်းများရှိသော ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေအောက်ရတနာမြေဖော်ထုတ်ရေးစီမံကိန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဧက ၅၀၀၀ စိုက်ပျိုးနိုင်သည့် ကုမ္ပဏီဆိုပါက စိုက်ပျိုး၍ ထွက်ရှိလာသည့် တစ်ဝက်ကို ပြည်ပတင်ပို့ခွင့်ပြုမည်ဟု မက်လုံးပေးခဲ့ရကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်မှသာ တိုင်းဒေသကြီးသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတည်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များကို မက်လုံးပေးပြီး ဆွဲဆောင်ခဲ့ရကြောင်း၊ အချို့ကုမ္ပဏီများအနေဖြင့် လှေလှော်ရင်းတက်ကျိုးသည့် အနေအထားဖြစ်၍ အချို့မြေများကို ပြန်အပ်ခဲ့ကြကြောင်း၊ စိုက်ပျိုး၍မရသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများကို ငါးကန်များအဖြစ် ဖော်ထုတ်လုပ်ကိုင်ခဲ့ကြောင်း၊ မိမိတာဝန်ယူစဉ်က ငါးကန်ဧက ၇၀၀၀ သာရှိသော်လည်း နောက်ပိုင်းတွင် ငါးကန်ဧက ၇၀၀၀၀ ဖြစ်လာကြောင်း၊ လုပ်ငန်းတစ်ခုလုပ်ပါက အောင်မြင်သည်ရှိသလို မအောင်မြင်သည်များလည်း ရှိကြောင်း၊ မအောင်မြင်သည်များကို လက်လျှော့၍မနေဘဲ လမ်းကြောင်းပြောင်းပြီး လုပ်ကိုင်ခဲ့ကြောင်း။

လူသားများမြေပေါ်၌ နေထိုင်ကြသည်ဖြစ်၍ မြေယာပြဿနာများ ရှိနေကြမည်ဖြစ်ကြောင်း၊ မြေယာကိစ္စ အငြင်းပွားမှုများရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ အခြားနည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း၊ သိမ်းဆည်းထားသည့် မြေများအနက် လုပ်ကိုင်ခွင့်ရှိသည့်မြေများကို မလုပ်ကိုင်တော့လျှင် ပြန်ပေးရန်လိုကြောင်း၊ အချိန်ကြန့်ကြာပါက တာဝန်ရှိသူများအပေါ် တစ်မျိုးထင်နိုင်ကြောင်း၊ မိုးသီးနှံအတွက် ၂၀၁၄ ခုနှစ် မေလ မကုန်မီနှင့် ဆောင်းသီးနှံအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာလ၌ ပြန်လည်လွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကလည်း ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးစီးသည့် ဗဟိုမြေယာစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းပြီး မူဝါဒနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်သမ္မတက သဝဏ်လွှာပြန်လည်ပေးပို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များလည်း ပူးပေါင်းဆောင်ရွက်ရန် ပြောကြားထားကြောင်း၊ ဤအချက်များကို ဧရာဝတီတိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ပြည်သူများ သိရှိနိုင်အောင် ရှင်းလင်းပြောကြားရန် အချိန်ပေးပြီး သွားသင့်သည်ဟု ယူဆကာ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ လာရောက်ရသည့် အဓိက အကြောင်းရင်းမှာ မြေယာကိစ္စဖြစ်ပါကြောင်း။

ယခုတွေ့ဆုံပွဲတွင် မိမိတို့၏ လိုလားချက်များကို ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါကြောင်း၊ တင်ပြချက်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှုကို မလိုက်နာပါကလည်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် စံပြတိုင်းဒေသကြီးတစ်ခုအဖြစ် တည်ရှိနေပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်၊ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မ၊ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဦးတိုင်းအောင်၊ ဦးထွန်းမြင့်၊ ဦးစိုးသန်း၊ ဦးသန်းထွန်း၊ ဦးမြင့်ဆွေ၊ ဦးဝင်းနိုင်၊ ဦးတင်လတ်၊ ဦးထိန်ဝင်း၊ ဒေါက်တာ သက်ရှည်၊ ဦးညွန့်ရွှေနှင့် ဒေါက်တာလှဟန်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

အလားတူ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကလည်း အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဆန်းတို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ ငွေဆောင်ကမ်းခြေသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် ငွေဆောင်ကမ်းခြေရှိ Sunny Paradise Resort ဟိုတယ်ဧည့်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက ငွေဆောင်ဒေသကို မရောက်ဖြစ်သည်မှာ ၁၄နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ မိမိတာဝန်ထမ်းဆောင်စဉ်က ဟိုတယ်ဇုန်ဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက ညှိနှိုင်းပေါင်းစပ်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငွေဆောင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်း၊ မြို့နယ်ခွဲဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမမိုးတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ငွေဆောင်ဒေသဖွံ့ဖြိုးရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယကနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်ပြီး ဆရာတော်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီအားလုံးက ပေါင်းစပ်ညှိနှိုင်းပြီး အဆင်ပြေပြေဖြင့် အစီအစဉ်တကျ အချိန်ကိုက် ဆောင်ရွက်နိုင်စေရန် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် အခမ်းအနားအစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်စန်းရီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးကော်မတီတို့မှ ဒုတိယဝန်ကြီးများက ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပရေး အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပင့်ဖိတ်ဆက်ကပ်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူ့သံတမန်ရေးရာနှင့် ပြည်သူ့ရေးရာ ဒုတိယဝန်ကြီး မစ္စတာ ရစ်ချတ်စတန်ဂဲလ်နှင့်အဖွဲ့သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၉ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကင်းထောက်လူငယ်နှင့် ကြက်ခြေနီသင်တန်းဖွင့်ပွဲ ချောင်းဦး၌ကျင်းပ

ချောင်းဦး ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ကြီးမှူးဖွင့်လှစ်သော ကင်းထောက်လူငယ်နှင့် ကြက်ခြေနီသင်တန်းဖွင့်ပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစန်းဌေးမောင်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နောက်ခံသမိုင်းကြောင်းများ၊ ရှေးဦးသူနာပြုစုခြင်း အရေးကြီးပုံများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် ကြက်ခြေနီအခြေခံမူ (၇)ချက်၊ ကြက်ခြေနီစိတ်ဓာတ်၊ ရှေးဦးပြုစုခြင်းအခြေခံသဘောတရားများ၊ ဒဏ်ရာအမျိုးမျိုးပြုစုခြင်း စသည့် သင်ခန်းစာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်

နေပြည်တော် ဧပြီ ၂၉

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာကျေးရွာရှိ ကုန်းသာတောင်မေ့ ပရဟိတ (ဘုန်းတော်ကြီးသင်ပညာရေး)ကျောင်းသို့သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဉာဏအား ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းလှူဒါန်းပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်ကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသားကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဦးသိန်းဇော်နှင့် ဒေါက်တာခင်ရွှေတို့က အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက ကယားပြည်နယ်အတွင်းရှိ ဘာသာရေး၊ ပညာရေး၊ လူမှုရေးအဖွဲ့အစည်းများကို အလှူငွေနှင့်ထောက်ပံ့ပစ္စည်း တန်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၁၅၀၀ ခန့်လှူဒါန်းခဲ့ပြီး ယင်းကုန်ကျငွေများကို ဇေကဘ္ဘာကုမ္ပဏီလီမိတက်မှ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဉာဏအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၉-၄-၂၀၁၄

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိရေးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းရေးဆွဲရေး ကော်မရှင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းရေးဆွဲရေး ကော်မရှင် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်က ကော်မရှင်က စတင်ရေးဆွဲတင်ပြသော ဥပဒေမူကြမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော၊ နိုင်ငံတကာမှ လက်ခံနိုင်သော၊ ပြည်သူအများက လက်ခံနိုင်သော၊ လိုက်နာကျင့်သုံးနိုင်သော၊ ဥပဒေမူကြမ်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ယခုအစည်းအဝေးတွင် ကနဦးမူကြမ်းများအပေါ် ပြည်သူတို့၏ကိုယ်စား ဆွေးနွေးအကြံပြုပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ဥပဒေအသီးသီး၏ ပထမမူကြမ်းများကို ကော်မရှင်အဖွဲ့က ရေးသားအတည်ပြုပြီးပါက အများပြည်သူထံမှ သင့်မြတ်သည့် အကြံဉာဏ်များ ရရှိနိုင်ရန်လည်း ဥပဒေကြမ်းများကို ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဥပဒေကြမ်းများအပေါ် ဆွေးနွေးအကြံပြုခဲ့ကြပြီး ဧပြီ ၃၀ ရက်တွင် အစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် နိုင်ငံတကာစီမံခန့်ခွဲမှုအတိုင်ပင်ခံကောင်စီ၏ အာရှ-ပစိဖိတ် ဇုဟိုအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

၂၀၁၄ ခုနှစ် နိုင်ငံတကာစီမံခန့်ခွဲမှု အတိုင်ပင်ခံကောင်စီ၏ အာရှ-ပစိဖိတ် ဇုဟိုအစည်းအဝေးကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်အမှုဆောင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ကျယ်ကျယ်ပြန့်ပြန့် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အသစ်များ ရှာဖွေဆောင်ရွက်သွားနိုင်မည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရွှေရောင်နယ်မြေတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၊ ဖွံ့ဖြိုးရေးဆောင်ရွက်လိုသူများအား လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အခွင့်အလမ်းများရှာဖွေဖော်ထုတ်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတွင် မြန်မာ့စီမံခန့်ခွဲမှုအတိုင်ပင်ခံ သိပ္ပံ (Institute of Management Consultants Myanmar) မှ ကွန်ပျူတာ ၂၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားသည့် Mobile School ယာဉ်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနသို့ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာသည့် သက်ဆိုင်ရာတာဝန်ရှိသူများက Mobile School ယာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယာဉ်အတွင်း ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ Mobile School ယာဉ်ဖြင့် ကျေးရွာများအရောက် သွားရောက်၍ လူငယ်များအတွက် ကွန်ပျူတာ အခြေခံသင်တန်းများ၊ ကျေးလက်နေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အိမ်ရှင်မများအတွက် အသေးစားငွေရေးကြေးရေးစီမံခန့်ခွဲမှု သင်တန်းများကို တစ်နေ့လျှင် သင်တန်းချိန်သုံးချိန်ခွဲ၍ ပို့ချပေးသွားမည်ဖြစ်ပြီး Mobile School ယာဉ်တစ်စီးသည် တစ်နှစ်လျှင် ကျေးလက်ပြည်သူ ၂၀၀၀၀ ခန့်အား ပညာရေးဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

Mobile School ယာဉ် အစီး ၁၀၀ အထိ တိုးချဲ့ဆောင်ရွက်သွားရန် လျာထားပြီး လူဦးရေ နှစ်သန်းခန့်အား နှစ်စဉ်အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ပြိုကျမှုကြောင့် ဆုံးရှုံးသူတို့အား အိမ်တိုင်ရာရောက်ကူညီထောက်ပံ့

ရန်ကုန် ဧပြီ ၂၉

ရန်ကုန် အနောက်ပိုင်းခရိုင် ဥာနာရပ်ကွက် အလုံလမ်းပေါ်ရှိ တိုက်အိုတိုက်ဟောင်းဖျက်ရာမှ ဧပြီ ၂၆ ရက် ညနေ ၄ နာရီ ၅ မိနစ်က ပြိုကျပိမိပြီး အလုပ်သမားသုံးဦး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ တိုက်ပိဆုံးပါးသွားရသော အလုပ်သမားသုံးဦးတို့ နေထိုင်ရာ ဒလမြို့နယ်ရှိ မိသားစုများထံသို့ ဧပြီ ၂၈ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ဥာနာရပ်ကွက် စေတနာအလှူရှင်များနှင့် သံဝေဂနာရေးဝန်ဆောင်မှုအဖွဲ့တို့မှ စုပေါင်းကာ သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၃၂၁၀၀၀ စုစုပေါင်း ငွေကျပ် ၉၆၃၀၀၀ လှူဒါန်းခဲ့ရာ ဆုံးပါးသွားသူ အသက်(၁၉နှစ်)အရွယ် လူငယ်ကလေး၏ မိသားစုထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေတိုင်လွင်

✻ ရှေ့ဖုံးမှ

သတ်မှတ်ထားသည့်အတွက် အာဆီယံနိုင်ငံများအချင်းချင်း လွယ်ကူချောမွေ့စွာ ကုန်သွယ်နိုင်ရေးအတွက် နိုင်ငံချင်းဆက် လမ်းမကြီးများကို ဖောက်လုပ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၏ အကူအညီများ၊ ဒေသတွင်းနိုင်ငံများ၏ အကူအညီများကို ရယူကာ မြန်မာနိုင်ငံတွင်လည်း စီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း အာဆီယံဆက်သွယ်ရေးလမ်းမကြီးပေါင်း ၁၅ ခုခန့် ဖြတ်သန်းသွားလာရန် ဖောက်လုပ်လျက်ရှိပြီး အချို့လမ်းများမှာ ပြည်တွင်းရှိလမ်းများနှင့် ချိတ်ဆက်ထားသဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်ပြီး အချို့နေရာများတွင် လမ်းသစ်များ ဖောက်လုပ်လျက်ရှိနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း အဆိုပါ ကုန်သွယ်ရေးလမ်းမကြီးပေါင်း ၁၅ ခုတွင် ဖြတ်သန်းသွားလာမည့်လမ်းနှင့် တံတားအရေအတွက် စုစုပေါင်းမှာ ၂၄၈၄၀၀ ခန့်ရှိနေပြီး လက်ရှိတွင် နိုင်ငံတော်အစိုးရနှင့် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများက ရန်ပုံငွေများ ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ယခုကဲ့သို့ အေဒီဘီမှ ကူညီခြင်းဖြင့် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပျောက်ဆုံးလေယာဉ်ရှာဖွေသည့် နိုင်ငံတကာစုံစမ်းထောက်လှမ်းရေး အဖွဲ့ခေါင်းဆောင်တစ်ဦး မလေးရှားက ငှားရမ်း

ဘာသာပြန်
ကျော်သဲအိမ်

ကွာလာလမ်ပူ ဧပြီ ၂၉

မလေးရှားလေယာဉ် ပျောက်ဆုံးရခြင်း၏အကြောင်းရင်းကို ရှာဖွေထောက်လှမ်းရန် တာဝန်ပေးထားသော နိုင်ငံတကာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဦးဆောင်မည့်သူတစ်ဦးအဖြစ် လေကြောင်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဟောင်းဖြစ်သူ ကွတ်ဆူချွန်ကို မလေးရှားက ငှားရမ်းလိုက်ကြောင်း မလေးရှားအစိုးရက ဧပြီ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယင်းနိုင်ငံတကာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် အမေရိကန် အမျိုးသားပို့ဆောင်ရေးလုံခြုံမှုအဖွဲ့၊ ဗြိတိန်လေကြောင်း မတော်တဆဖြစ်မှု စုံစမ်းရေးအဖွဲ့ခွဲ၊ တရုတ်လေကြောင်း မတော်တဆဖြစ်မှု စုံစမ်းထောက်လှမ်းရေးဌာန၊ ပြင်သစ်ကုန်းလမ်းပို့ဆောင်ရေး မတော်တဆဖြစ်မှု စုံစမ်းထောက်လှမ်းရေးဗျူရို၊ သြစတြေးလျပို့ဆောင်ရေးလုံခြုံမှုဗျူရို၊ လေယာဉ်ထုတ်လုပ်သော ဘိုးရင်းကုမ္ပဏီနှင့် ဗြိတိသျှဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော အင်ဗာဆက်တို့မှ ပုဂ္ဂိုလ်များအပြင် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်သည်။

ပျောက်ဆုံးရခြင်း၏အကြောင်းရင်း

ယင်းနိုင်ငံတကာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ နောင်အခါ အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားရေးအတွက် မလေးရှားလေယာဉ်ပျောက်ဆုံးရခြင်း၏အကြောင်းရင်းကို စုံစမ်းခြင်း၊ သုံးသပ်ချင့်တွက်ခြင်းနှင့် ဆုံးဖြတ်ချက်များ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း မလေးရှား ခေတ္တပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က ပြောကြားသည်။

ထို့ပြင် ဟီရှန်မုဒ္ဒင်ဟူစိန်က ယင်းနိုင်ငံတကာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သောအပြစ်များကို ဝေပုံချရန် မရည်ရွယ်ကြောင်း ထပ်လောင်းပြောကြားသည်။

မတ် ၈ ရက်က ပျောက်ဆုံးသွားသော မလေးရှားလေယာဉ်ကို နိုင်ငံတကာရှာဖွေရေးအဖွဲ့က အင်တိုက်အားတိုက်ရှာဖွေမှု ပြုကြသည့်တိုင် ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်သည့် အပျက်အစီးအပိုင်းအစများ ယနေ့ထိ ရှာဖွေတွေ့ရှိခြင်းမရှိသေးပေ။ ထို့အတူ ပျောက်ဆုံးလေယာဉ်သည် ဗီယက်နမ်လေပိုင်နက်အတွင်း ရောက်ရှိသွားစဉ် ဘာကြောင့် ရုတ်တရက် လမ်းကြောင်းပြောင်းပြီး ရေဒါဖန်သားပြင်မှ ပျောက်ဆုံးသွားသည်ဟူသော အချက်ကို ယနေ့တိုင် အဖြေမရှာနိုင်ကြသေးပေ။

မလေးရှားအာဏာပိုင်များအနေဖြင့် ပင်လယ်ကြမ်းပြင်ရှာဖွေရေးတွင် အသုံးပြုသောပစ္စည်းများ ဖြန့်ကြက်မှု၊ ရှာဖွေရေးကုန်ကျစရိတ်နှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို သက်ဆိုင်ရာမိသားစုဝင်များအား အကောင်းဆုံးနည်းလမ်းဖြင့် အသိပေးအကြောင်းကြားမှုများကို ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင်ပါဝင်သော အခြားနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးကြမည်ဟု သိရသည်။

ရိုက်တာ/ဆင်ဟွာ

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

အခုလူငယ်ပွဲမှာ ရွှေရတဲ့အတွက် နိုင်ငံ့လက်ရွေးစင်ဖြစ်အောင် ကြိုး စားပြီး နိုင်ငံရွှေတံဆိပ် ထပ်မံ ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင် အောင် ကြိုးစားပါမယ်။

အမည် - မောင်ရဲထွဋ်ဝင်း၊ ပြိုင်ပွဲအမျိုးအစား- မီတာ ၂၀၀ လက်ဆင့်ကမ်း ဆုတံဆိပ် - ရွှေ

ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ အခုလိုရွှေရယူနိုင်တဲ့အတွက် ကျွန်တော့်ကို မွေးထုတ်ပေးတဲ့ ရန်ကုန်အားကစားသိပ္ပံကျောင်းနဲ့ နိုင်ငံတော်အတွက် ဂုဏ်ယူမိပါတယ်။ နောင်လာမယ့် နှစ်တွေမှာလည်း ဒီလို ရွှေတံဆိပ်ရရှိအောင် ကြိုးစားပါမယ်လို့ ကတိပြုပါတယ်။

အမည် - မနှင်းယုစိုး၊ ပြိုင်ပွဲအမျိုးအစား - မီတာ ၂၀၀၀ အတားအဆီးကျော် ဆုတံဆိပ် -ရွှေ

ကျွန်မက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဖရန်ကျေးရွာကပါ။ အခုလိုလူငယ်ပြိုင်ပွဲမှာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ရယူပေးနိုင်လို့ ဂုဏ်ယူပါတယ်။ သမီးတို့လို လူငယ်အားကစားသမားတွေ ပေါ်ထွက်လာအောင် နိုင်ငံတော်ကလူငယ်ပြိုင်ပွဲတွေ များများပြုလုပ်ပေးစေချင်ပါတယ်။

အမည် - မောင်ရဲဟိန်းထွဋ်၊ ပြိုင်ပွဲအမျိုးအစား-မီတာ ၃၀၀၀ လမ်းလျှောက် ဆုတံဆိပ် - ရွှေ

ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကပါ။ ရွှေရတဲ့အတွက် အလွန်ဝမ်းသာ ဂုဏ်ယူမိပါတယ်။ ဒီထက်မြင့်မားတဲ့ SEA Games ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံတော်ဂုဏ်သိက္ခာကို ရွှေတံဆိပ်ရယူပြီး စွမ်းဆောင်နိုင်အောင် ကြိုးစားပါမယ်။

အမည် - မောင်ရဲထက်အောင်၊ ပြိုင်ပွဲအမျိုးအစား - ကြိုးတပ်သံလုံးပစ် ဆုတံဆိပ် - ရွှေ

ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ အခုလိုရွှေရအောင် မွေးထုတ်ပေးတဲ့ အဖေ၊ အမေနဲ့ သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။

အမည် - မသီတာအောင်၊ ပြိုင်ပွဲအမျိုးအစား - မီတာ ၂၀၀ လက်ဆင့်ကမ်း ဆုတံဆိပ် - ရွှေ

ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ သမီးကို အခုလို ရွှေတံဆိပ်ဆုရအောင် လေ့ကျင့်ပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။

အမည် - မောင်ရှိုင်းအောင်
ပြိုင်ပွဲအမျိုးအစား - မီတာ ၁၅၀၀
ဆုတံဆိပ် - ရွှေ

ကိုယ့်နိုင်ငံ ကိုယ့်အိမ်ရှင်မှာ မီတာ ၁၅၀၀ ရွှေရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။

အမည် - မသဲပွင့်ဖြူ၊ ပြိုင်ပွဲအမျိုးအစား - မီတာ ၂၀၀ လက်ဆင့်ကမ်း ဆုတံဆိပ် - ရွှေ

ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ သမီးက မြိတ်မြို့ကနေ ရန်ကုန်သိပ္ပံကျောင်းတက်နေတာပါ။ အခုလို ရွှေရတဲ့အတွက် နိုင်ငံနဲ့ မိမိတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အတွက် ဂုဏ်ယူမိပါတယ်။

အမည် - မောင်သီဟဇော်
ပြိုင်ပွဲအမျိုးအစား - မီတာ ၃၀၀၀ အပြေး
ဆုတံဆိပ် - ရွှေ

ကျွန်တော်က မန္တလေးအားကစားနဲ့ကာယပညာ သိပ္ပံကပါ။ အနာဂတ်မှာ နိုင်ငံတော်အတွက် ရွှေရအောင် ထပ်မံကြိုးစားပါမယ်။

အမည် - မစုနဒီလှိုင်၊ ပြိုင်ပွဲအမျိုးအစား - မီတာ ၂၀၀ လက်ဆင့်ကမ်း ဆုတံဆိပ် - ရွှေ

ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ ဒီဆုကိုရမယ်လို့ မထင်မိပါဘူး။ သမီးတို့လေးယောက် ညီညွတ်တဲ့ စိတ်ဓာတ်ကြောင့် အခုလိုရတာပါ။ နောက်ထပ် နိုင်ငံတော်အတွက် ဒီ့ထက်မက ကြိုးစားပါမယ်။

အမည် - မသီသီအောင်
ပြိုင်ပွဲအမျိုးအစား - မီတာ ၃၀၀၀ လမ်းလျှောက်
ဆုတံဆိပ် - ရွှေ

ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ သင်ကြားပြသပေးတဲ့ ဆရာတွေကို ကျေးဇူးတင်ပါတယ်။ နောင်ကို အများကြီးကြိုးစားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ချင်ပါသေးတယ်။

အမည် - မအေးအေးအောင်
ပြိုင်ပွဲအမျိုးအစား - မီတာ ၁၅၀၀
ဆုတံဆိပ် - ရွှေ

ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ အခုလို ရွှေတံဆိပ်ရပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်တဲ့အတွက် ဝမ်းသာ ဂုဏ်ယူမိပါတယ်။

အမည် - မောင်ခွန်ထီလုံ၊ ပြိုင်ပွဲအမျိုးအစား - တုတ်ထောက်ခုန် ဆုတံဆိပ် - ရွှေ

ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ အခုလိုရွှေရအောင် သင်ကြားပြသလေ့ကျင့်ပေးတဲ့ သိပ္ပံကျောင်းက ဆရာ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်။

အမည် - မောင်နိုင်ဝင်းလတ်ထွန်း
ပြိုင်ပွဲအမျိုးအစား- မီတာ ၂၀၀ လက်ဆင့်ကမ်း
ဆုတံဆိပ် - ရွှေ

ကျွန်တော်က ရန်ကုန်အားကစားနဲ့ကာယပညာ သိပ္ပံကျောင်းကပါ။ ဒီဆုရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ဒီဆုရတဲ့အတွက် ရှေ့ဆက်ကြိုးစားဖို့ ခွန်အားတွေ အများကြီးဖြစ်မိပါတယ်။

အမည် -မမြတ်ပန်းဝတ်မှုံ
ပြိုင်ပွဲအမျိုးအစား - မီတာ ၂၀၀ လက်ဆင့်ကမ်း
ဆုတံဆိပ် - ရွှေ

ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ သမီးအသက် ၁၆ နှစ်ပါ။ နိုင်ငံတော်အတွက် ရွှေတံဆိပ်တွေ ထပ်ယူပေးဖို့ ဆန္ဒတွေ အများကြီးရှိပါတယ်။

အမည် - မစိုးစန္ဒာဝင်း
ပြိုင်ပွဲအမျိုးအစား - မီတာ ၃၀၀၀ အပြေး
ဆုတံဆိပ် - ရွှေ

ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ အခုလို ရွှေရအောင်အားပေးကြတဲ့ ပရိသတ်နဲ့ နိုင်ငံတော်က တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်အမှုသည် ဦးအောင်ဝင်း ၁၂/ဥကတ(နိုင်)၁၃၄၆၃၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်-

မင်းလှမြို့နယ်၊ ပတ်တန်းကြီးကျေးရွာနေ (ဘ)ဦးမြင့်ဆွေ၊ (အမိ)ဒေါ်ခင်ဝင်းကြည်တို့၏ သမီး ဒေါ်အိမွန် ၁၂/မလန(နိုင်)၁၀၅၁၇၇ သည် ကျွန်ုပ်အမှုသည် ဦးအောင်ဝင်းအားလည်းကောင်း၊ ဦးအောင်ဝင်း၏မိသားစုဝင်များအားလည်းကောင်း၊ အကြိမ်ကြိမ်ရိုင်းပြစွာ စော်ကား၍ ၂၆-၄-၂၀၁၄ ရက်တွင် ကလေးနှင့်ငွေများယူဆောင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်အမှုသည် ဦးအောင်ဝင်းမှ ဒေါ်အိမွန် ၁၂/မလန(နိုင်) ၁၀၅၁၇၇ အား ဇနီးမယားအဖြစ်မှ စွန့်လွှတ်ပြတ်စဲလိုက်ပြီဖြစ်ကြောင်း သိစေအပ်ပါသည်။ ဦးအောင်ဝင်းနှင့်ဒေါ်အိမွန်တို့သည် မည်သည့်အကြောင်းပြချက်အမျိုးမျိုးနှင့်မှ ပတ်သက်ဆက်ဆံရန်မရှိပါကြောင်းနှင့် ဒေါ်အိမွန်နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ ဤကြော်ငြာအား တစ်စုံတစ်ရာကျေနပ်မှုမရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း တရားဥပဒေအတိုင်း ဖြေရှင်းနိုင်ပါသည်။ ကျွန်ုပ်အမှုသည်အားလည်းကောင်း၊ အမှုသည်၏မိသားစုဝင်များအားလည်းကောင်း၊ တစ်စုံတစ်ရာလာရောက်ပတ်သက်နှောင့်ယှက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန်းယဉ်မွေး
အထက်တန်းရှေ့နေ (စဉ်အမှတ်-၃၉၁၅၆)
ဖုန်း-၀၉-၄၂၈၁၄၈၀၉၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကွင်းအမှတ် ၉၄၈၊ ကြက်မောက်မြောင်၊ ဧရိယာ ၁၉.၃၁သမ ၉၇၈ကေရှိ စိုက်ပျိုးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဇော်မင်း ၁၁/သတန(နိုင်)၀၄၆၉၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂၅-၄-၂၀၁၄ရက်က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၄/၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလပ်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၆၁၊ အလပ်ချောင်းနောက်၊ ဦးပိုင်အမှတ် ၁/၇ ဟုခေါ်တွင်သော ၁၀.၃၂၈ကေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးရွှေကြည် ၁၂/တတန(နိုင်)၁၁၃၂၅၁ တစ်ဦးတည်းအမည်ပေါက် လက်ဝယ်ထားသုံးစွဲပိုင်ဆိုင် လုပ်ကိုင်သော မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဦးရွှေကြည်တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထား သုံးစွဲလုပ်ကိုင်လျက်ရှိသောမြေကွက်နှင့်ပတ်သက်၍ ဦးရွှေကြည်သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရွှေကြည် ၁၂/တတန(နိုင်)၁၁၃၂၅၁ ၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမောင်မောင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလပ်ချောင်းကျေးရွာအုပ်စု၊ အလပ်ချောင်းကုန်းရွာ၊ ကွင်းအမှတ် ၁၆၁၊ အလပ်ချောင်းနောက်၊ ဦးပိုင်အမှတ် ၁/၆ ဟုခေါ်တွင်သော ၁.၀၀ဧကေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးကြည်သန်း ၁၂/တတန(နိုင်)၁၁၃၂၄၆ တစ်ဦးတည်း အမည်ပေါက် လက်ဝယ်ထားသုံးစွဲပိုင်ဆိုင် နေထိုင်သောအိမ်/မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဦးကြည်သန်းတစ်ဦးတည်း ပိုင်ဆိုင်နေထိုင် လက်ဝယ်ထားသုံးစွဲလျက်ရှိသော အိမ်/မြေကွက်နှင့် ပတ်သက်၍ ဦးကြည်သန်းသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ် လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်သန်း ၁၂/တတန(နိုင်)၁၁၃၂၄၆ ၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမောင်မောင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူငယ်ရေးရာကဏ္ဍ

၂၀၁၄ ခုနှစ် ကင်းထောက်မောင်မယ်များ တွေ့ဆုံပွဲနှင့်ကတိခံယူပွဲကျင်းပ ပြင်ဦးလွင်တွင် စခန်းချနေထိုင်စဉ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်မည်

မန္တလေး ဧပြီ ၂၉

၂၀၁၄ ခုနှစ် ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲနှင့် ကတိခံယူပွဲကို ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ် မျှော်စင်ကွင်းတွင် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ် အမျိုးသား ၂၄၄ ဦး၊ အမျိုးသမီး ၂၄၅ ဦး စုစုပေါင်း ၄၈၉ ဦး၊ အုပ်ချုပ်သူ ခြောက်ဦး၊ ကြီးကြပ် ဆရာ ဆရာမ ၇၈ ဦးနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အမျိုးသားကင်းထောက်အလံနှင့် အမျိုးသမီးကင်းထောက်အလံများကို လွှင့်တင်ကြပြီး ကင်းထောက်မောင်မယ်များက ကင်းထောက် ကတိ(၃)ပါးကို ရွတ်ဆိုကတိပြုကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အနာဂတ် မျိုးဆက်သစ်ဖြစ်သော လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အကြောင်းအကျိုး ဆက်စပ်တွေးခေါ်တတ်စေရေး၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားကောင်းများဖြစ်စေရေး၊ ကမ္ဘာကိုကြည့်မြင်တတ်သော လူတော်လူကောင်းများဖြစ်စေရေးတို့အတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ "ပညာပြည့်ဝ နှလုံးလှပြီး ကျန်းမာပျော်ရွှင်ပညာသင်" နိုင်ကြသော လူငယ်များဖြစ်စေရေးအတွက်လည်း အစဉ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် စကားနှင့်အညီ အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် တည်တံ့နိုင်ရေးအတွက် လူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းလုပ်ငန်းထက်ပို၍ အရေးကြီးသောလုပ်ငန်းမရှိနိုင်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကင်းထောက်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး "ပြည်သူ့အတွက် အစဉ်အသင့်" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ယင်းနောက် ဝန်ကြီးချုပ်က ကင်းထောက်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၉၆၄ ခုနှစ်ကတည်းက လှုပ်ရှားမှုမရှိတော့သော ကင်းထောက်အဖွဲ့များကို အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း အခြေခံပညာကျောင်း ၂၀ ကို အခြေပြုပြီး ကင်းထောက်အမျိုးသား ၁၀၀၀၊ အမျိုးသမီး ၁၀၀၀ တို့ဖြင့် ရည်ရွယ်ချက် (၄)ရပ်၊ ကင်းထောက်ကတိ(၃)ချက်၊ ကင်းထောက်ကျင့်ဝတ် (၁၀) ပါးတို့ကိုရေးဆွဲပြီး ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၇၈ ကျောင်းကိုအခြေပြုပြီး အမျိုးသားကင်းထောက်လူငယ်များ၊ အမျိုးသမီးကင်းထောက်လူငယ်များဟူ၍ တစ်မျိုးစီ သီးခြားလှုပ်ရှားဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်းထောက် မောင်မယ်များသည် ပြင်ဦးလွင်တွင် စခန်းချနေထိုင်နေစဉ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် အုပ်စုများခွဲ၍ မဟာအံ့ထူးကံသာဘုရား ပရိဝုဏ်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘိုးဘွားရိပ်သာအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘိုးဘွားများအားပြုစုခြင်း၊ မျက်မမြင်ကျောင်း အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေငယ်ကျေးရွာ အလကကျောင်းတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၊ ရေငယ်ကျေးရွာအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ်
ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲ
ပြင်ဦးလွင်စခန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့မှ မေလ(၂)ရက်နေ့အထိ

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ
၂၄-၄-၂၀၁၄ မှ ၄-၅-၂၀၁၄ အထိ

ဘက်စုံထူးချွန်မောင်မယ်များ သဇင်ကျေးရွာရှိ မြန်မာနိုင်ငံ၏ ပထမဦးဆုံးရေသန့်စက်ကြီးကို သွားရောက်လေ့လာ

ငွေဆောင် ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ ငွေဆောင်ကမ်းခြေ၌ ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်စခန်း (ငွေဆောင်)မှ ထူးချွန်မောင်မယ်များသည် ငွေဆောင်မြို့နယ်ခွဲ သဇင်ကျေးရွာ အထက(ခွဲ) သဇင်ကျောင်းဝင်းအတွင်းရှိ မြန်မာနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိပြီး ဂျာမနီနိုင်ငံက လှူဒါန်းသည့် ရေသန့်စက်ကြီးကို ယနေ့နံနက်ပိုင်းတွင် သွားရောက်လေ့လာခဲ့သည်။

အဆိုပါ ရေသန့်စက်ကြီးသည် ရခိုင်ရေးရာဝန်ကြီး ဦးဘကြူ၏ ဆက်သွယ်ဆောင်ရွက်ပေးမှုဖြင့် ဂျာမနီနိုင်ငံ Mork Water Solutions က လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဟောင်းနွမ်းချွတ်ယွင်းနေသော သဇင်အထက်(ခွဲ) ကျောင်းဆောင်များကို အသစ်ပြန်လည်ပြီး နှစ်ထပ်အုပ်ညှပ်ကျောင်းဆောင်နှင့် ကျောင်းသားကျောင်းသူများ နားနေဆောင်တို့ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

" ဒီရေသန့်စင်စက်ကြီးက မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ ရောက်ရှိလာတဲ့ စက်ကြီးဖြစ်ပါတယ်။ ပင်လယ်ရေငန်ကို ရေသန့်ရေချိုဖြစ်အောင် သန့်စင်ပေးတဲ့စက်ကြီးဟာ တစ်နာရီကို ၁၀၀ လီတာ ထွက်ပါတယ်။ နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိဆို အားလုံး ရေသန့် လီတာ ၁၂၀၀ ရရှိပါတယ်။ ဒီလို သောက်ရေရှားပါးတဲ့ ဒေသတွေမှာ အခုလို လှူဒါန်းတဲ့သူရှိတာဟာ ဒီဒေသခံပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရလဒ်တစ်ခုပဲ။ ဒီစက်ကြီးက ကျောင်းသား ကျောင်းသူတွေ သောက်သုံးဖို့တင်မကဘဲ ကျေးရွာနေပြည်သူများပါ သောက်သုံးလို့ရမှာဖြစ်ပါတယ်" ဟု အထက(ခွဲ) သဇင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ဘက်စုံထူးချွန်မောင်မယ်များအား ရှင်းပြခဲ့သည်။

ဂျာမနီနိုင်ငံမှ လှူဒါန်းသော အဆိုပါရေသန့်စင် စက်ကြီးသည် ကျပ်သိန်း ၅၀၀ တန်ဖိုးရှိပြီး အဆိုပါ ဂျာမနီနိုင်ငံ Mork Water Solutions ကုမ္ပဏီကပင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရေသန့်စင်စက်ကြီးကို အထက(ခွဲ) သဇင်ကျောင်းဝင်းအတွင်း၌ ၂၀၁၃ ခုနှစ် စက်တင်ဘာလကတည်းက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျောင်းဆောင်သစ်များနှင့်အတူ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၎င်း ရေသန့်စက်ကြီးကို Filter များဖြင့် တစ်နေ့အနည်းဆုံး တစ်ကြိမ်ဆေးကြောသန့်စင်ပေးပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စက်ကြီးလည်ပတ်ရာတွင် ဆိုလာပြားများကို အသုံးပြုပြီး အလိုလျောက် စတင်လည်၍ အလိုလျောက် ပြန်လည်ပိတ်သွားခြင်းဖြစ်ကြောင်း သိရသည်။

သဇင်ကျေးရွာသည် သောက်သုံးရေရှားပါးပြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ ငွေဆောင်ကမ်းခြေမှ သုံးမိုင်ကွာဝေး၍ အိမ်ခြေ ၁၀၃၅ အိမ်ရှိပြီး ဒေသခံပြည်သူအများစုမှာ ရေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြရကြောင်း သိရသည်။

သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)

သဇင်ကျေးရွာရှိ မြန်မာနိုင်ငံ၏ ပထမဦးဆုံးရေသန့်စက်ကြီးကို ထူးချွန်မောင်မယ်များ လေ့လာနေကြစဉ်။ ဓာတ်ပုံ- မင်းထက်

စာမျက်နှာ ၆ မှ

ဝန်ထမ်းများမှ မေတ္တာစေတနာထား၍ လုပ်ငန်းများကို ဆောင်ရွက်ကြရန်နှင့် ယခင်အပြုအမူများကို Attitude Change ဖြစ်ရန်အတွက် ဆောင်ရွက်နေသလို ဆေးရုံကြီးအနေနဲ့ ပြည်သူလူထုအားကိုးရသည့် ဆေးရုံအဖြစ် ဆောင်ရွက်နေပါကြောင်း ပြောကြားလိုပါတယ်။

မေး။ ။ ဆေးရုံအုပ်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့လည်း ယခုနိုင်ငံတော်၏ ပံ့ပိုးမှုများရရှိလာတဲ့အချိန်မှာ ဆေးရုံကြီးကို အဆင့်မြှင့်တင်ရာတွင် အသွင်သဏ္ဌာန်သာမက အနှစ်သာရကိုပါ တိုးတက်မှုရရှိအောင် ဆောင်ရွက်နေပါတယ်။ တစ်နှစ်ထက်တစ်နှစ် သိသာထင်ရှားစွာ တိုးတက်မှုရရှိအောင်ဆောင်ရွက်ပြီး ပြည်သူလူထုအတွက် Comprehensive Health Care လို့ခေါ်တဲ့ ပြီးပြည့်စုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ ဆေးရုံကြီးဖြစ်အောင် ဆောင်ရွက်သွားပါမယ်လို့ ပြောကြားလိုပါတယ်။ ။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆင်းကတ်မျှော်သူများကြောင့် မိုဘိုင်းဖုန်းဈေးကွက်ချဲ့ထွင်လာ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-အေးကေလင်း

ရန်ကုန် ဧပြီ ၂၉

မိုဘိုင်းအော်ပရေတာများက နည်းပညာမြင့်တန်ဖိုးနည်းဆင်းကတ်များ ဖြန့်ဖြူးထုတ်လုပ်ရန် အကြိတ်အနယ်ယှဉ်ပြိုင်နေကြစဉ် ဟန်းဆက်အရောင်းဆိုင်များနှင့် နာမည်ကျော် ဟန်းဆက်အမှတ်တံဆိပ်များကလည်း ပိုမိုသုံးစွဲလာကြတော့မည့် ဝယ်ယူသူများအတွက် ပြင်ဆင်မှုများ အားကောင်းလာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တွင်သာမက အခြားသော နယ်မြို့များ၌လည်း မိုဘိုင်းဖုန်းအရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်လိုသူများပြားလာပြီး မိုဘိုင်းဖုန်းပြုပြင်ရေးလုပ်ငန်း၊ ဆက်စပ်ပစ္စည်းများလက်ကားဝယ်ယူရေး လုပ်ငန်းများကိုလည်း ပိုမိုစိတ်ဝင်စားလာကြသည်။

"ဟန်းဆက် အရောင်းဆိုင်တွေက ရန်ကုန်မြို့အတွင်းမှာတင် အရောင်းဆိုင် အသေးအကြီး ၁၈၀၀ ကျော်ရှိလာတယ်။ ဆိုင်ကြီးတွေအပြင် ဆိုင်သေးတွေမှာပါ ဝယ်ယူပြုပြင်ကြသူတွေပိုများလာတယ်။ ဟန်းဆက်ဆိုင်တစ်ဆိုင်ဖွင့်ဖို့အတွက် ဆိုင် အသေးဆုံးတစ်ဆိုင်မှာတင် အရင်းအနှီးက ငွေကျပ်သိန်း ၂၀ လောက်ရှိတယ်။ ဆင်းကတ်ကတန်ဖိုးကျဆင်းလာတဲ့အတွက် ဟန်းဆက်ကို အသုံးပြုဖို့ ဝယ်လိုအားကလည်း မြင့်တက်လျက်ရှိပါတယ်"ဟု လူကြီးမင်း မိုဘိုင်းဖုန်းအရောင်းဆိုင်မှ တာဝန်ခံ တစ်ဦးက ပြောကြားသည်။

ဟန်းဆက်ဆိုင်များ မှိုလိုပေါက်လာခဲ့သည့်အပြင် ဆမ်ဆောင်း၊ ဟွာဝေးလ်၊ ဆိုနီ၊ အိတ်ချ်တီစီ၊ အိုင်ဖုန်းအစရှိသည့် ဟန်းဆက်များကို တင်သွင်းဖြန့်ဖြူးကြသူများ၏ ပြိုင်ဆိုင်မှုများသည်လည်း ပိုမိုကြီးမားလျက်ရှိသည်။

"နာမည်ကျော် ဟန်းဆက် အမှတ်တံဆိပ်တွေရဲ့ ပြိုင်ဆိုင်မှုကလည်း ပြင်းထန်လာပါတယ်။ ပရိုမိုးရှင်းတွေပြုလုပ်ပြီး ရောင်းအားမြှင့်တင်သလို နိုင်ငံတကာမှာ စတင်ရောင်းချပေးမယ့်ရက်တွေမှာ မြန်မာနိုင်ငံက တစ်ပြိုင်နက်ဝယ်ယူခွင့်၊ ဆားဗစ်အခမဲ့ပြုလုပ် ပေးခြင်းတွေနဲ့ ဆင်းကတ်ရောင်းချပေးမယ့် အော်ပရေတာတွေနဲ့ ချိတ်ဆက်ထားပြီး ဥပမာ ဟန်းဆက်ဝယ်မယ်ဆိုရင် ဆင်းကတ် လက်ဆောင်ပေးတာမျိုးအထိ လုပ်ဆောင်ဖို့စီစဉ်လာကြတယ်" ဟု အဆိုပါတာဝန်ခံက ပြောကြားသည်။

"ဆမ်ဆောင်းရဲ့ ဂလက်စီ စီးရီးအသစ်တွေကို အရောင်းမြှင့်တင်ရေးတွေ ဆက်တိုက်လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းကတ်တွေကို ယခုထက်ပိုပြီး သုံးစွဲလာနိုင်မှာဖြစ်တဲ့အတွက် ဟန်းဆက်ဈေးကွက်ကတော့ ခေတ်ကောင်းတဲ့အချိန်ဖြစ်ပါတယ်။ ဆင်းကတ်ဈေးနှုန်းကျဆင်းလာတဲ့အတွက် ဟန်းဆက်ဝယ်ယူရေးမှာ ငွေကြေးပိုမိုသုံးစွဲလာကြတယ်"ဟု ဆမ်ဆောင်း၏ ရန်ကုန်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း လူကြိုက်အများဆုံးနှင့် အသုံးအများဆုံး ဟန်းဆက်အမျိုးအစားများမှာ ဟွာဝေးလ်ဖြစ်ပြီး ဆမ်ဆောင်းနှင့်အိုင်ဖုန်းတို့မှာ ဒုတိယလူသုံးအများဆုံး ဟန်းဆက်များဖြစ်ကာ ဆိုနီ၊ နိုကီရာနှင့် အိတ်ချ်တီစီ ဟန်းဆက်များမှာ တတိယလူကြိုက်အများဆုံးနှင့် အရောင်းရဆုံးဖြစ်ကြောင်း ယုဇနပလာဇာရှိ မိုဘိုင်းဖုန်း လက်ကားရောင်းချသူတစ်ဦးက ပြောသည်။

အော်ရီဒိုနှင့်တယ်လီနော‌မိုဘိုင်းအော်ပရေတာများကလည်း ရန်ကုန်မြို့ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များအား အရောင်းမြှင့်တင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်စီမံထားမှုများရှိနေပြီး အော်ပရေတာတစ်ခုနှင့် ချိတ်ဆက်ပြီးပါက အခြားအော်ပရေတာနှင့် ထပ်မံချိတ်ဆက်ခြင်းမပြုလုပ်ရန် ကတိကဝတ်ထားရှိကြရကြောင်း အော်ပရေတာများထံမှ သိရသည်။ ထို့အပြင် နယ်မြို့လေးများတွင် မိမိတတ်နိုင်သော ငွေကြေးအရင်းအနှီးနှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်ဖွင့်လိုသူများအနေဖြင့် မိုဘိုင်းဖုန်းဆားဗစ်ပိုင်းသဘောတရားများအား အခြေခံကျကျတတ်ကျွမ်းထားရန် လိုအပ်ကြောင်း၊ လက်ကားစနစ်ဖြင့် မှာယူခြင်းများ၊ ဝန်ဆောင်မှုများကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပြီး လက်ကား ဖြန့်ဖြူးရောင်းချသူများနှင့် ကြိုတင်ချိတ်ဆက်ထားသင့်ကြောင်း rEal မိုဘိုင်းပိုင်ရှင် ဆားဗစ်အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၃၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ်	၃၂၀၀-၃၇၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ်	၂၇၀၀-၃၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ်	၆၅၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ်	၈၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ်	၁၃၀၀၀-၃၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ်	၆၀၀၀-၂၇၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ်	၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ်	၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ်	၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၅
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၇-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၆၈
ထိုင်း	တစ်ဘတ်	ကျပ် ၃၀-၃၀၆၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆ -၁၆.၅
တရုတ်	တစ်ယွမ်	ကျပ် ၁၅၂-၁၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၄-၃၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၁၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၈၅-၄၆၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၄၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၇၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၅၅၀
ရေတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၅၅၀-၂၆၅၀
ရေတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်တင်ပြသည်။

မန်းရွှေစက်တော် အောက်ခြေတော်ရာအား ဖန်ဦးသျှောင်ဖြင့် ပူဇော်ထားရှိရေး စီစဉ်

မင်းဘူး ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် အောက်ခြေတော်ရာအာ ဖန်ဦးသျှောင်တော်ဖြင့် ပူဇော်ထားရှိရေးဩဝါဒခံယူပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မကွေးမြို့ကျောင်းထိုင်ဘုန်းတော်ကြီးသင်ကျောင်း၌ ကျင်းပသည်။

မန်းရွှေစက်တော် အောက်ခြေတော်ရာ ပါဒခြေတော်ရာမြတ်အား ဖန်ဦးသျှောင်ဖြင့် ပူဇော်ထားရှိမည့် အခြေအနေများကို ဗိသုကာပညာရှင် ဦးစိုင်းသန်းရွှေက ပရိုဂျက်တာဖြင့် တင်ပြလျှောက်ထားပြီး ဆရာတော်သံဃာတော်များက ဖန်ဦးသျှောင်တော်ဖြင့် ပူဇော်ထားရှိရေးနှင့် စပ်လျဉ်း၍ ဩဝါဒကထာများ ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ မန်းရွှေစက်တော်ဘုရားကြီး၏ဩဝါဒါစရိယဆရာတော်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗိသုကာပညာရှင်များ တက်ရောက်ကြသည်။

မန်းရွှေစက်တော် အောက်ခြေတော်ရာအား ဖန်ဦးသျှောင်ဖြင့်ပူဇော်ထားရှိပြီးပါက ဘုရားဖူးလာပြည်သူများ ရာသီမရွေး သွားရောက်ဖူးမြော်နိုင်မည်ဖြစ်ပြီး မိုးတွင်းကာလများတွင် ပုသိမ်-မုံရွာကားလမ်းမှတစ်ဆင့် ရှစ်မိုင်လမ်းသို့ဝင်ကာ အထက်စက်တော်ရာ တောင်ခြေအရောက် အလွယ်တကူသွားရောက်နိုင်ကြောင်း သိရသည်။

သူရထွန်း(မကွေး)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၄-၂၀၁၄ရက် ဤသတင်းစာ၏ စာမျက်နှာ(၁၂)ပါ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့၏ ဖုန်း-၀၉-၂၅၀၀၂၉၄၁၂ အစား ဖုန်း-၀၉-၂၅၀၁၂၉၄၁၂ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၇၇၅၀၊ Nissan Sunny FBR ဆလွန်း(4x2)၊ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၇/ဝမန(နိုင်)၀၈၈၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လူပျောက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဝိစာရလမ်း၊ အမှတ်မ/၈၅၄နေ ဦးသောင်းရှိန် ၁၂/တမန(နိုင်)၀၅၄၉၉၅ (ဘ) ဦးတင်မောင်၏ တူတော်စပ်သော စိတ်ကျန်းမာရေးချို့တဲ့သူ အထက်ပါဓာတ်ပုံရှင် ကိုသန်းဇော် ၁၀/မခန(နိုင်)၁၀၂၇၁၁ (ဘ) ဦးထွန်းကြည်သည် ၂၆-၄-၂၀၁၄ရက် နံနက် ၄:၀၀ နာရီခန့်တွင် နေအိမ်မှထွက်သွားရာ ပြန်မလာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အမြန်ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးသောင်းရှိန် ၁၂/တမန(နိုင်)၀၅၄၉၉၅
ဖုန်း-၀၉-၅၀၁၇၄၇၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ် ၁၀၇၀၊ ဖားရွှေကျော်လမ်း၊ ပေ ၄၀× ပေ ၆၀(ပါမစ်မြေအမျိုးအစား)၊ မြေအမည်ပေါက် ဒေါ်အေးအေးဟုခေါ်တွင်သော မြေကွက်အား မူလပိုင်ရှင်ထံမှ အရပ်ကတိဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း မြေချပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့ဖြင့် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း ဝယ်ယူရန်သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးရှင်ပန်း ၁၃/လရန(နိုင်)၁၀၁၁၅၆
အမှတ် C/၅၄၊ FMI City၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၅၁၈၈၈၉၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့နယ်ခွဲ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုငွေဖြင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

ခွဲကျောက်ရွယ်စုံ	- ၁၁၇၀၀ ကျင်း
ကျောက်ရောမြေ	- ၁၉၃၀၄ ကျင်း
ဘိလပ်မြေ	- ၁၈၆၃ အိတ်
သံချောင်း	- ၆၇၈၀ ပေါင်
တင်ဒါလျှောက်လွှာပိတ်ရက်	- ၇-၅-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- ညနေ ၄:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၃၀-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၈၄-၆၀၂၂၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့နယ်ခွဲ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုငွေဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

ခွဲကျောက်ရွယ်စုံ	- ၁၃၄၅၃ ကျင်း
ကျောက်ရောမြေ	- ၂၄၃၅၄ ကျင်း
ဘိလပ်မြေ	- ၅၂၂၅ အိတ်
သံချောင်း	- ၁၂၅၀၀ ပေါင်
တင်ဒါလျှောက်လွှာပိတ်ရက်	- ၇-၅-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- ညနေ ၄:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၃၀-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၈၄-၆၀၂၂၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေရိပ်သာ၊ အောင်သိဒ္ဓိလမ်း၊ (၁၇/H)နေ ဦးထွန်းလင်းဦး (ဘ)ဦးကျော်ဟိန်း ၇/ဖမန(နိုင်)၀၉၀၂၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၀ (ချောင်းသာကွင်း)၊ ဦးပိုင်အမှတ် ဆ-၄၃၊ ဧရိယာဧက ၀ ဒသမ ၀၈၃ဧကရှိ ဂရန်မြေနှင့် ယင်းဂရန်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးတင်မောင်လေးထံမှ ဦးထွန်းလင်းဦးက ၂၀-၁၂-၂၀၁၂ ရက်တွင်လည်းကောင်း၊ ထို့အတူ ချောင်းသာရပ်ကွက်၊ ကွင်းအမှတ် ၁၉၉၀(ချောင်းသာကွင်း)၊ မြေကွက်အမှတ် ဆ-၄၄၊ ဧရိယာဧက ၀ ဒသမ ၀၈၃ဧကရှိ ဂရန်မြေနှင့် ယင်းဂရန်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမြငြိမ်းထံမှ ၂၄-၅-၂၀၁၃ ရက်တွင်လည်းကောင်း ဦးထွန်းလင်းဦးက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ခဲ့ပါသည်။

ယခုအခါ ယင်းဂရန်မြေကွက်နှစ်ကွက်ပေါ်တွင် ဦးဝင်းထွန်းဆိုသူက လေးခန်းတွဲတဲအိမ်ဆောက်လုပ်ခြင်း၊ ဝက်ခြံဆောက်လုပ်ခြင်းများပြုလုပ်နေသည်ကို သိရှိရပါသည်။ မူလပိုင်ရှင်ဦးထွန်းလင်းဦး၏ခွင့်ပြုချက်များမရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဦးဝင်းထွန်းနှင့်သက်ဆိုင်သူများက မိမိတို့၏အစီအစဉ်များတို့ဖြင့် ၉-၅-၂၀၁၄ ရက် နောက်ဆုံးထားပြီး အပြီးအပိုင်ဖယ်ရှားပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်ပေးသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးထွန်းလင်းဦး	**ဦးတင်ရွှေ**

တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၉)
အမှတ် ၂၁၊ စကားဝါ ၆ လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊
ဖုန်း-၀၉-၈၈၇၅၃၃၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာအနောက်ပိုင်းနေ ကျွန်တော်၏သားဖြစ်သူ မောင်ချစ်ကိုသည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စအမျိုးမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ချစ်ကိုနှင့်ပတ်သက်သမျှကိစ္စအဝဝ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိဘ-ဦးကျော်ကြီး-ဒေါ်တင်
ပေါက်တောကျေးရွာ

ပြည်တွင်းသတင်းနှင့် ကျေးငြာ

မိုးသက်လေပြင်းနှင့် မိုးသီးများကြွေကျ

မုံရွာ ဧပြီ ၂၉

ယခုအချိန်ကာလသည် မိုးကြိုကာလဖြစ်သည်နှင့်အညီ နိုင်ငံ၏ နေရာအနှံ့အပြား မိုးတိမ်တောင်များ ဖြတ်သန်းရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကျခြင်းစသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၂၆ ရက် ညနေ ၅ နာရီ ၅၅ မိနစ်မှ ၆ နာရီ ၁၅ မိနစ်အထိ ယင်းမာပင်ခရိုင် ကနီမြို့တွင် မိုးသီးများအဆက်မပြတ် ရွာကျခဲ့သည်။ **(အောက်ပုံ)**

မိုးသီးများ ကျရောက်နေစဉ် အနောက်မြောက်ဘက်မှ လေပြင်းများ ၁ နာရီ မိုင် ၃၀ နှုန်းဖြင့် တိုက်ခတ်ခဲ့သော်လည်း သစ်ပင်လဲကျ ပျက်စီးခြင်းများ၊ လူနှင့် တိရစ္ဆာန်များ သေပျောက်ခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းမရှိကြောင်း သိရသည်။ မိုးသီးကျ မိုးရွာသွန်းပြီးနောက် အပူချိန်များ ကျဆင်းသွားသောကြောင့် ဒေသခံများ ဝမ်းသာလျက်ရှိကြသည်။

ယခုလို မိုးသီးများ ကျရောက်သဖြင့် ပြည်သူများအနေဖြင့် မိုးရာသီတွင် ကျရောက်တတ်သည့် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် လိုအပ်ကြောင်းနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အသိပေး ကြေညာချက်များကို နားထောင်ပြီး သိရှိလိုက်နာသင့်ကြောင်း ပြန်/ဆက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများပျက်စီး

ကျွန်းလှ ဧပြီ ၂၉

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ ၂၈ ရက် နံနက် ၅ နာရီက စာသင်ကျောင်းဆောင်များ လေလန်ပျက်စီးသွားကြောင်း သိရသည်။ **(အပေါ်ပုံ)** ထိုသို့ စာသင်ကျောင်းများပျက်စီးရာတွင် ကျောက်အိုင်ကျေးရွာအုပ်စု ကျောက်အိုင်ကျေးရွာရှိ အလကကျောင်းဆောင် ပင်မဆောင် အမှတ်(၂) ကျောင်းဆောင် အဆောက်အအုံရှိ အမိုးနှင့် ကျောင်းဆရာနေအိမ် သုံးခန်းတို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ကျီကုန်းကျေးရွာ အုပ်စု ဇီးတောကျေးရွာ အမက ကျောင်းဆောင်၏ စာသင်ခန်း နှစ်ခန်း ပျက်စီးသွားသည်။

အဆိုပါ ကျေးရွာများသို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် တာဝန်ရှိသူတို့က သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို (iprd)

လေပြင်းနှင့် မိုးသီးများကြွေကျမှုကြောင့် နေအိမ်များပျက်စီး

ဟင်္သာတ ဧပြီ ၂၉

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ဧပြီ ၂၇ ရက် ညနေ ၅ နာရီခန့်က ရုတ်တရက် လေပြင်းတိုက်ခတ် မိုးသီးများကြွေကျမှုကြောင့် နေအိမ်များပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ဟင်္သာတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စုအတွင်းရှိ ကျွန်းဦးကျေးရွာ၊ ဒါးကကျေးရွာ၊ ကျွန်းထိပ်ကျေးရွာ၊ ကြွက်ကျွန်းကျေးရွာ၊ ပေါက်တောကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ သဲရိုးကျေးရွာနှင့် ဆိပ်သာကျေးရွာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ပြိုကျပျက်စီး အိမ် ၃၇ လုံးနှင့် အမိုးအကာများလန် ပျက်စီး အိမ် ၇၃ အိမ် အိမ်ခြေ စုစုပေါင်း ၁၁၀ ရှိခဲ့ပြီး ဆိပ်သာတိုက်နယ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ တန်ဆောင်းနှင့် နတ်လမ်းများပြိုလဲ၊ အမိုးများကွာကျကာ စေတီတော်မှာ ရွှေထီးတော် စောင်းသွားသည်။ စုစုပေါင်း လူဦးရေ ၄၃၂ ဦးတို့ကို ယာယီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ခရိုင်မီးသတ် ဦးစီးမှူး ဦးခင်ဝင်း၊ ခရိုင်သာသနာရေးမှူး ဦးမြင့်ဇော်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဌာနမှဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များက ခြင်ဘို့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သန်းနှင့် ရပ်ရွာ ဖွံ့/ထောက် အဖွဲ့ဝင်များက ယာယီနေထိုင်ရေးနှင့် ပျက်စီးနေအိမ်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။ ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းကာ မိုးသီးများကြွေကျမှုကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၁၀၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် အမက စာသင်ကျောင်းတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

နေ့စဉ်သတင်းစာများတွင် စာဖောင်များ စီစဉ်တကျညှပ်သွင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမှ နေ့စဉ်ပုံနှိပ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သတ်မှတ်ချိန်အတွင်း စာဖောင်များ စီစဉ်တကျ ညှပ်သွင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူလုပ်ငန်းရှင်များ အောက်ဖော်ပြပါ လိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခအား နှစ်ဖက်ညှိနှိုင်းပေးချေသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသူ (၁)ဦးထက်ပိုပါက ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာတည်းမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမြို့
၂၀×၂၁လမ်းကြား၊ ၈၂×၈၃လမ်းကြား
ဖုန်း-၀၂-၇၃၂၁၉

ဖိတ်ကြားလွှာ

ကမ္ဘာသူကမ္ဘာသား နိုင်ငံသူနိုင်ငံသားများ ရာသီဥတုဘေးဒဏ် ကပ်ကြီးသုံးပါး သဘာဝဘေးအန္တရာယ်နှင့် ဥပဒ္ဒေကက်တို့မှ ကင်းဝေးစေရန်ရည်သန်၍ သန်လျင်မြို့ ဓမ္မဝဟသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတနယ်လှည့်နတ်စင်တစ်ရာကျောင်း အထူးသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တပညာတေဇကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းတို့ ဦးဆောင်၍ စတုဒိသာပင်မအလှူရှင်များထဲမှ တစ်ဦးဖြစ်သော ဦးကျော်မြင့်-ဒေါ်တင်တင်ဦး Heroes star Co.,Ltd. တို့၏ Show Room ဖွင့်ပွဲအခမ်းအနားနှင့် စတုဒိသာထမင်း/ဟင်းကျွေးမွေးလှူဒါန်းပွဲသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းမည်ဖြစ်ပါသည်။

ထို့ကြောင့် လူမျိုးဘာသာ အယုတ်အလတ်အမြတ်မရွေး ဧည့်ပရိသတ်အပေါင်းတို့ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၅-၂၀၁၄ရက် (မေဒေးနေ့၊ အလုပ်သမားနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၂း၀၀နာရီအထိ
နေရာ - 985/B သာယာကုန်း၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ရန်ကုန်-ပဲခူးလမ်းမကြီး)

သန်းဌေးနှင့်ရောင်းရင်းများမှ နှစ်သစ်ခရီးစဉ်များ

APR-30, MAY 2/9/12/16/23/30 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

- ပုဂံ-ပုပ္ပား (စွယ်တော်)၊ ပခုက္ကူ (၄) ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (အလောင်းတော်) (၅) ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်း (၅) ရက်။ (အားလုံးပါ (၁၀) ရက်)။
- မော်လမြိုင်၊ ကျိုက္ခမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။ ကြိုတင်လက်မှတ်ရောင်းပြီ
- မော်လမြိုင်၊ ကျိုက္ခမီ ကဆုန်ညောင်ရေသွန်းပွဲ (၁၂-၅-၂၀၁၄) ထွက်မည်။
- ဇလွန်၊ နေပြည်တော်၊ (ပြည်အကောက်တောင်)၊ နဂါးရုပ်ဆရာတော် (စနေ၊ တနင်္ဂနွေ)

ပင်ရင်း - အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း။ Ph : 241863, 380141, 09-43043109

ဆရာမွှေး အင်္ဂလိပ်စာသင်တန်း

သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ်တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ မေလ (၃)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0950 47516

POST ဝင်ခွင့်သင်တန်း

Tel: 0973161140

မူလတန်းပြဆရာမ (နေစား၊ လပေး)နှင့် DTECT

30-4-2014 စမည်။ ဘာသာစုံ ၂၀၀၀၀ိ/-။ ဘာသာစုံစာအုပ်ရပြီ ၆၀၀၀

၁၆၅၊ ဆိပ်ကမ်းသာလမ်း၊ ပန်းဆိုးတန်းမှတ်တိုင်းဆင်းပါ။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉ (ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်)၊ မြေကွက်အမှတ်-၉၇၂၊ အကျယ်အဝန်း (အလျား ၄၀ ပေ× အနံ ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်ခင်ဝင်း (AG-၂၂၉၄၇၈၊ ၁၂/အစန (နိုင်) ၁၂၆၈၃၃) အမည်ပေါက်မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ် ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်သူ ဦးစံမြ (ISN-၄၆၀၈၄၈၊ ၁၂/လကန (နိုင်) ၀၁၄၀၂၁) ၏ တရားဝင်တစ်ဦးတည်းဇနီး ဒေါ်ခင်မြင့် (ဘ) ဦးကြီးလှိုင် (၁၂/ဒဂဆ (နိုင်) ၀၀၉၂၄၉) မှ တရားဝင်ဆက်ခံလက်ရှိလက်ရောက်ရယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေကတရားဝင်အပြီး အပိုင်ဝယ်ယူရန်အတွက် စရောင်းဘိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမြင့် (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၄)
အခန်း (အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀-၆၃၅၁၃

အမှတ်(၁)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ မူလငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက်ဝယ်ယူလိုပါသည်။

စဉ်		ကျောက်အမျိုးအစား	အရေအတွက်
၁။	ပျဉ်းမနား-ပင်လောင်းလမ်း	ခွဲကျောက်ရွယ်စုံ	၁၂၉၄.၅ ကျင်း

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၄-၅-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
(ခ) **တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၁၄-၅-၂၀၁၄ ရက်၊ မွန်းလွဲ ၁၄း၀၀နာရီ
(ဂ) **စိစစ်ရွေးချယ်မည့်နေရာ** - ပျဉ်းမနား-ပင်လောင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၃) ရှေ့တန်းစခန်းရုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့

တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့နှင့် ပင်လောင်းရှေ့တန်းစခန်း၊ ပျဉ်းမနားရှေ့တန်းစခန်းရုံးတို့တွင် ၃၀-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၄-၂၃၁၁၈၊ ၀၈၁-၅၄၄၉၈၊ ၀၆၇-၂၁၀၁၂

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

(၁၅၇)ဘဏ်မြောက် ရန်ကုန်မြို့-စော်ဘွားကြီးကုန်းဘဏ်ခွဲ(၂)နှင့်

(၁၅၈)ဘဏ်မြောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) - သီပေါဘဏ်ခွဲ

တို့ကို ၃၀.၄.၂၀၁၄ (ဗုဒ္ဓဟူးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

စော်ဘွားကြီးကုန်းဘဏ်ခွဲ(၂)

အမှတ်(၁၄၀/C)၊ ရွှေဝါလမ်းနှင့် နီလာလမ်းကြား၊
အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၉၆၄၀၁၄၅/၄၆/၄၇/၅၂
ဖက်စ် - (၀၁) ၉၆၄၀၁၄၈/၄၉/၅၀
www.kbzbank.com

သီပေါဘဏ်ခွဲ

အမှတ်(၁၃၉)၊ သရဖီလမ်း၊ ပန်းတိမ်မြောက်ရပ်၊
သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
ဖုန်း - (၀၈၂) ၈၀၇၁၅/၁၆/၁၇
ဖက်စ် - (၀၈၂) ၈၀၇၁၈/၁၉
www.kbzbank.com

ဌာနဆိုင်ရာ

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့လာသည့်အကြံပြုစာများ ကိစ္စတင်ပြခြင်း

မေး - အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းမှတ်ပုံတင်ရာတွင် ရင်ဆိုင်ရသည့် အခက်အခဲများအားဖြေရှင်းပေးပါရန် ခရမ်းမြို့နယ် မြို့နယ်တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်းပါ ၆၇ ဦးကစုပေါင်းလက်မှတ်ရေးထိုး၍ အခက်အခဲများအား ဖြေရှင်းပေးပါရန်၊

ဖြေ - အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အသိအမှတ်ပြု လက်မှတ် လျှောက်ထားလာသောအဖွဲ့အစည်းများအား စတင်လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးလျက်ရှိပါသည်။ သို့ရာတွင်အဖွဲ့အစည်းများက အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာ၌ လိုအပ်ချက်များရှိနေပါက မြို့နယ်မှတ်ပုံတင်အရာရှိမှလိုအပ်ချက်များ ပြန်လည်တောင်းခံခြင်းကိုအဖွဲ့အစည်းများမှ နားလည်မှု လွဲမှားနေခြင်းများလည်း ရှိပါသည်။ အဆိုပါမြို့နယ်အလုပ်သမားအဖွဲ့အစည်းသည် ၆-၁၁-၂၀၁၂ ရက်နေ့တွင် အသိအမှတ်ပြုလက်မှတ်စတင်လျှောက်ထားခဲ့ပြီး မှတ်ပုံတင်အရာရှိချုပ်က မှတ်ပုံတင်အမှတ် (၁/၂၀၁၃) ဖြင့် ခရမ်းမြို့နယ် တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးမြို့နယ်အလုပ်သမားအဖွဲ့အစည်းအဖြစ် ၁-၁-၂၀၁၃ ရက်နေ့တွင် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးပြီးပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အခြေခံစိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်း ခုနစ်ဖွဲ့ရှိရာ ငါးဖွဲ့ဖြင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းခဲ့ရာ မြို့နယ်မှတ်ပုံတင်အရာရှိက လျှောက်လွှာအား လက်မခံသည့်အတွက် အခက် တွေ့နေရသဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၄(ခ)အရ အခြေခံ အလုပ်သမားအဖွဲ့အစည်း ၁၀ ရာခိုင်နှုန်းက ထောက်ခံပါက ဖွဲ့စည်းခွင့်ပေး ရမည်ဖြစ်ရာ ထိုမြို့နယ်တွင် ၇၁ ဒသမ ၄ ရာခိုင်နှုန်း ထောက်ခံခဲ့သော်လည်း ဖွဲ့စည်းခွင့်မရရှိကြောင်း တင်ပြအစီရင်ခံခဲ့သော်လည်း ဒဂုံဆိပ်ကမ်းမြို့နယ်တွင် မှတ်ပုံတင်ခွင့်မရရှိဖြစ်နေပါကြောင်း၊

ဖြေ - ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အခြေခံစိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်း ခုနစ်ဖွဲ့ရှိသည့်အနက် ငါးဖွဲ့အုပ်စုနှင့် နှစ်ဖွဲ့အုပ်စု သဘောထားကွဲလွဲလျက်ရှိပြီး ယင်းအဖွဲ့များပူးပေါင်း၍ အခြေခံအဖွဲ့အစည်းအားလုံး ပါဝင်ရွေးချယ်သည့် မြို့နယ်အဆင့်ဖွဲ့စည်းရေး မြို့နယ်မှတ်ပုံတင်အရာရှိက ဦးဆောင်ကာ ညှိနှိုင်းဆွေးနွေးမှုများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အချင်းချင်းပြေလည်မှုမရရှိခဲ့ပါ။ နောက်ဆုံးအကြိမ် ထပ်မံညှိနှိုင်းမှု ပြုလုပ်ပေးခဲ့ရာတွင် သဘောထားကွဲလွဲနေသည့် နှစ်ဖွဲ့အုပ်စုက မြို့နယ်အဆင့်အဖွဲ့အစည်းတွင် ပါဝင်လိုခြင်းမရှိ သည့်အတွက် ငါးဖွဲ့ဖြင့်သာ မြို့နယ်အဆင့်အဖွဲ့အစည်းဖွဲ့စည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ အဖွဲ့ငါးဖွဲ့ကိုယ်စား မြို့နယ်အဆင့်အဖွဲ့အစည်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့်သူ ကွယ်လွန်သွားကြောင်းသိရှိရပြီးနောက် အဆိုပါအဖွဲ့အစည်းကလည်း ထပ်မံပြင်ဆင်ဖွဲ့စည်း၍ လျှောက်ထားလာမှုမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အလုပ်သမားအဖွဲ့အစည်းများအားလုံး ပါဝင်၍ မြို့နယ်အဆင့်ဖွဲ့စည်းနိုင်ရေးကြိုးပမ်းခဲ့ရာ မြို့နယ်ဦးစီးအရာရှိ ရှေ့မှောက်တွင် အဖွဲ့အစည်းမှတ်ပုံတင်ရရှိပြီးသော ၁၃ ဖွဲ့က ရာနှုန်းပြည့်တက်ရောက်ဖွဲ့စည်းခဲ့ရာတွင် အမှုဆောင်များကို မဲပေးရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် တက်ရောက်မဲပေးခဲ့သည့် ကိုယ်စားလှယ်တစ်ဦးကအကြောင်းမဲ့ ကန့်ကွက်သည်ကို မြို့နယ်ဦးစီးမှူးကလက်ခံ၍ မှတ်ပုံတင် လျှောက်လွှာကို လက်ခံခြင်းမရှိခဲ့ပါကြောင်းနှင့်ထိုနည်းအတူ အခြားတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်နှင့်အဖွဲ့ချုပ်အဆင့်များတွင်လည်း အခက်အခဲများ ကြုံတွေ့နေရပါကြောင်း၊

ဖြေ(၃)- ယခုမေးမြန်းချက်တွင် အဖွဲ့အစည်းမှတ်ပုံတင်ရရှိပြီးသော ၁၃ ဖွဲ့တက်ရောက်ကြောင်းသာ ဖော်ပြထားရာ မည်သည့်လုပ်ငန်းများ၏ အခြေခံအလုပ်သမားအဖွဲ့အစည်းများကဖြစ်ကြောင်းဖော်ပြထားခြင်းမရှိပါ။ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ မြို့နယ်အဆင့်အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ လုပ်ငန်းသဘောသဘာဝ တူညီသော အခြေခံအလုပ်သမားအဖွဲ့အစည်းများ စုစည်း၍ လျှောက်ထားရမည်ဖြစ်ပါသည်။ သို့သော်လည်း ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လုပ်ငန်းအမျိုးအစားမတူညီသော အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၃ ဖွဲ့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ရာ ယင်းအဖွဲ့အစည်းများအားလုံးပါဝင်၍ မြို့နယ်အဆင့်ဖွဲ့စည်းနိုင်ရေး လျှောက်ထားခဲ့ခြင်းမရှိပါကြောင်းနှင့် အကယ်၍ မြို့နယ်အဆင့်လျှောက်ထားမည်ဆိုပါကလည်း လုပ်ငန်းသဘောသဘာဝ တူညီသည့် အခြေခံအဖွဲ့အစည်းများစုစည်း၍ စုပေါင်းသဘောတူညီချက်ဖြင့် အမှုဆောင်များ ရွေးချယ်လျှောက်ထားရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

မေး(၄)- ပဲခူးတိုင်းဒေသကြီးတွင် မှတ်ပုံတင်ရရှိပြီးသော မြို့နယ်မှတ်ပုံတင်အလုပ်သမား အဖွဲ့အစည်း လေးခုက စုပေါင်း၍ ပဲခူးတိုင်းဒေသကြီးအဆင့်တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းရာတွင် ရာနှုန်းပြည့်တက်ရောက်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ယင်းတိုင်းဒေသကြီးဖွဲ့စည်းရေးတွင် ကိုယ်တိုင်တက် ရောက်ပါဝင်ခဲ့သူ (ကိုယ်စားလှယ်မဟုတ်သူ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦး) ကကျိုးကြောင်းဆီလျော်မှုမရှိ ကန့်ကွက်ခဲ့သဖြင့် တိုင်းဒေသကြီးအဆင့် တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အလုပ်သမားအဖွဲ့၏ မှတ်ပုံတင်ခြင်း လက်ခံမှုမရှိသဖြင့် ကြန့်ကြာလျက်ရှိပါကြောင်း၊

ဖြေ(၄)- တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကို ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ လုပ်ငန်းသဘောသဘာဝတူညီသော မြို့နယ်အဖွဲ့အစည်းများပါရှိရန် လိုအပ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းထားသောမြို့နယ် ၁၂ မြို့နယ်ရှိပါသည်။ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်း၌ မြို့နယ်အဆင့်အဖွဲ့အစည်းများအဖြစ် စိုက်ပျိုးရေး မြို့နယ်အလုပ်သမားအဖွဲ့စည်း ၅ ဖွဲ့နှင့် ကုန်တင်ကုန်ချမြို့နယ် အလုပ်သမားအဖွဲ့အစည်း ၂ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ယခုအခါ ပဲခူးတိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်းကို အဆိုပါ မြို့နယ်အဆင့်အဖွဲ့အစည်း လေးဖွဲ့ဖြင့် လျှောက်ထားလာခဲ့ရာတွင် အခြားအခြေခံအဖွဲ့အစည်းရှိသော မြို့နယ်များမှ မြို့နယ်အဆင့်ဖွဲ့စည်း၍ တိုင်းဒေသကြီးအဆင့်တွင် အမှုဆောင်အဖြစ် ပါဝင်လိုကြောင်း လျှောက်ထားလာပါက မလိုလားအပ်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

တံခွန်ပရဟိတအဖွဲ့နှစ်နှစ်မြောက် အထိမ်းအမှတ်စာပေဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၈၈ ရပ်ကွက် ငွေဇင်ယော်လမ်းမနှင့် ဓမ္မရတနာလမ်းမကြား ဘောလုံးအားကစားကွင်း၌ တံခွန်ပရဟိတလူမှုကူညီရေးအဖွဲ့နှစ်နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် စာပေဟောပြောပွဲကို မေ ၂၆ ရက် ည ၇ နာရီက ကျင်းပရာ စာရေးဆရာများဖြစ်သော စာရေးဆရာအကြည်တော်က လမ်းနှစ်သွယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မောင်သာချိုက တန်ဖိုး သုံးမျိုးခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာချစ်ဦးညိုက ဘာတွေချန်ခဲ့သေးလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေအသိပညာ ဗဟုသုတ ရသများကို တက်ရောက်လာကြသော စာပေချစ်သူညှော့်ပရိသတ် ရပ်မိရပ်ဖ မိဘပြည်သူများကို ဟောပြောကြောင်း သိရသည်။ **ကျင်မောင်**

ဆောမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ဆော မေ ၂၉

ဂန့်ဂေါခရိုင် ဆောမြို့နယ် လယ်ရင်းကျေးရွာနှင့်အကြည်ကတင်း ကျေးရွာတို့မှာ ခရီးတာ နှစ်မိုင်သာ ကွာဝေးသော်လည်း မြေသားလမ်းဖြင့်သာ သွားလာကြရသဖြင့် မိုးရာသီတွင် သွားလာမှုခက်ခဲခြင်းများ ကြုံရလေ့ရှိသည်။

၂၀၁၄ ခုနှစ်တွင် အဆိုပါလမ်းကို လမ်းအကျယ် ၁၂ ပေရှိ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ လမ်းပြီးစီးသည့်အခါ စက်ဘီး၊ ဆိုင်ကယ်၊ လှည်းများဖြင့်သာမက ကားဖြင့်ပါ မောင်းနှင်သွားလာနိုင်မည် ဖြစ်သည့်အတွက် အဆိုပါကျေးရွာများသာမက ပတ်ဝန်းကျင် ကျေးရွာများပါ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်ပြုပြင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချင်းပြည်နယ် ကန်ပက်လက်မြို့ခရီးစဉ်တွင် ငွေကျပ်သိန်း ၅၀ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် လမ်းအဆင့်မြှင့်ပြုပြင်နိုင်ပြီဖြစ်သည့်အတွက် ဒေသနေပြည်သူများ ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။ (၁၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်

ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။
၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၄ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
၃။ ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။
(ခ) ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ် သုံးနာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(ဂ) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။
(ဃ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုဖြင့် မဟာသုတေသနဘွဲ့ရရှိထားသည့် ကျောင်းသား ကျောင်းသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သော သုတေသနကျမ်းအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာသုံးမျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
(င) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှသရုပ်ပြဖြစ်ပါက သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ်အနည်းဆုံးရှိရမည်။
(စ) ပုသိမ်တက္ကသိုလ်စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၆-၅-၂၀၁၄ ရက် (သောကြာနေ့)နောက်ဆုံးထားလျှောက်ထားရမည်။
(ဆ) လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင်(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။
(၁) ၁၇-၅-၂၀၁၄ရက်(စနေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီသက်ဆိုင်ရာဘာသာရပ်
(၂) ၁၈-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်
(ဇ) ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၄-၅-၂၀၁၄ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။
(ဈ) အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၉-၇၃၆၅၀၈၈၂ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး (သင်တန်းရေးရာ)
ပုသိမ်တက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၂၇၊ မြေအကျယ်(၄၀'×၆၀')အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၇၊ အေးရိပ်သာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်ကို ဒေါ်မိုနာလူသာက အမည်ပေါက်ပြီး ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်ခိုင် ၁၂/တမန(နိုင်)၁၀၇၉၃၀ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စိန်လွင် (စဉ်-၇၀၉၇) တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
(၁)	စာသင်ဆောင်(၁)ထပ်ဆောင် ဆောက်လုပ်ခြင်း (၁၂၀'×၄၃'×၁၄')RC (ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့)	၁

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂-၆-၂၀၁၄ ရက်၊ ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၅၅-၃၀၄၁၃ နှင့် ၀၉-၃၁၁၉၅၅၁၄တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးသိပ္ပံ-သာယာဝတီမြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မျိုးဇော်သူ ၁၂/ဒလန(နိုင်)၀၄၉၆၄၆သည် မိဘ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ငွေနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ လုံးဝ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ခင်မေ ၁၂/ဒလန(နိုင်)၀၅၁၁၄၅

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် ကျန်းမာရေးအန္တရာယ်

ဒေါက်တာဘီကျော်

ကမ္ဘာပေါ်တွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ (Second hand Smoke) သို့တည်းမဟုတ် ပတ်ဝန်းကျင် ဆေးလိပ်ငွေ့ (Environmental Tobacco Smoke) ရှူရှိုက်နေရသည့် လူဦးရေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှဖြစ်ပြီး ယင်းထဲတွင် မြန်မာနိုင်ငံသည်လည်း ထိပ်ဆုံးမှ ပါဝင်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဆိုသည်။

တစ်ဆင့်ခံ ဆေးလိပ်ငွေ့ခေါ် ပတ်ဝန်းကျင်ဆေးလိပ်ငွေ့ဆိုသည်မှာ အခြားမဟုတ် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါး သောက်သော ဆေးလိပ်ငွေ့များကို ရှူရှိုက်နေရခြင်းကိုခေါ်ပါသည်။

မြန်မာနိုင်ငံရှိ အမျိုးသားထက်ဝက်ကျော်နှင့်အမျိုးသမီး ၁၆ ရာခိုင်နှုန်းကျော်သည် တစ်ဆင့်ခံဆေးလိပ်ငွေ့များကို ရှူနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့ချုပ်က ၂၀၁၃ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်ခဲ့ပါသည်။

ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါအမျိုးမျိုး ရရှိနိုင်ပေရာ ၁၉၈၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ကို"ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေး"ဟု ပြဋ္ဌာန်းခဲ့ပေသည်။

မှန်ပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင် နှစ်စဉ်လူပေါင်းသိန်းပေါင်းများစွာ သေဆုံးနေကြရပြီး ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးရောဂါဖြင့်ရုတ်တရက်သေဆုံးမှုနှုန်းမှာ သုံးဆရှိကာ အဆုတ်လေပွရောဂါဖြစ်ပွားမှုနှုန်းမှာ ၁၁ ဆ တိုးလာပြီး အဆုတ် ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ၂၅ ဆအထိမြင့်တတ်လာခဲ့ပါသည်။

ဆေးလိပ်မီးခိုးသည် ဆေးလိပ်မသောက်သူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ အရွယ်ရောက်ပြီးသူများတွင် အဆုတ်ကင်ဆာနှင့် ကလေးငယ်များတွင် အဆုတ်ပွန်ရောင်ရောဂါ၊ အဆုတ်အအေးမိရောဂါနှင့် အခြားကူးစက်ရောဂါများစသည်ဖြင့် ရောဂါပေါင်းသုံးသိန်းဖြစ်ပွားစေနိုင်ကြောင်း ပတ်ဝန်းကျင်ကာကွယ်ရေး အေဂျင်စီ (အီးပီအေ)က ဖော်ပြခဲ့ပါသည်။

"အများပြည်သူသွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်၍ စည်းကမ်း တင်းကျပ်မှုများပိုမိုချမှတ်သွားရန် လိုအပ်ကြောင်း" အီးပီအေက ဖော်ပြထားခဲ့ပါသည်။

"ဆေးလိပ်ကို ကိုယ်တိုင် မသောက်သော်လည်း သူတစ်ပါးသောက်နေသော ဆေးလိပ်ငွေ့ကို ရှူမိပါက ရောဂါရနိုင်သည်"ဟု အမေရိကန် ဆရာဝန်ချုပ်အဲဗားရက်ကွပ်က သတိပေးခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၆၀ မှ သိပ္ပံပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုများနှင့် အမေရိကန်အမျိုးသားအကယ်ဒမီသိပ္ပံ (NAS)၏ လေ့လာမှုများအရ သိရသည်မှာ ဆေးလိပ်ငွေ့ရှူခြင်းနှင့် ရောဂါရခြင်းကြားဆက်နွယ်မှုရှိကြောင်းနှင့် အောက်ပါအချက်သုံးချက်သည် ကမ္ဘာ့နေရာတိုင်းတွင် တူညီမှုရှိကြောင်းပင်တည်း။

၁။ အီးတီအက်စ် (ETS)ခေါ် ပတ်ဝန်းကျင်ဆေးလိပ်ငွေ့(Environmental Tobacco Smoke)နှင့် ထိတွေ့ပါက ဆေးလိပ်မသောက်သူများ၌လည်း အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မားသည်။ ဥရောပ၊ အာရှနှင့် မြောက် အမေရိကတိုက်မှ လူများတွင် လေ့လာခဲ့ရာ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းသည် ဆေးလိပ်သောက်သော အမျိုးသားများ၏ ဇနီးများတွင် ဆေးလိပ်မသောက်သော အမျိုးသားများ၏ဇနီးများထက် ၃၀ ရာခိုင်နှုန်းပို၍ မြင့်မားကြောင်းနှင့် ဆေးလိပ်သောက်သောဇနီးများ၏ အမျိုးသားများတွင်လည်း အဆုတ်ကင်ဆာဖြစ်ပွားမှုမှာ ဆေးလိပ်မသောက်သော ဇနီးများ၏ အမျိုးသားများထက် ၃၀ ရာခိုင်နှုန်းပင်ပို၍ မြင့်မားကြောင့်တွေ့ရှိခဲ့ပါသည်။

၂။ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်းနှင့် သလိပ်ထွက်ခြင်းစသည့် အဆုတ်လမ်းကြောင်း ရောဂါလက္ခဏာများသည် ဆေးလိပ်သောက်သော မိဘများ၏ သားသမီးများတွင် ၂၀ ရာခိုင်နှုန်းပို၍ တွေ့ရသည်။ အဆုတ်အအေးမိခြင်း အဆုတ်ပွန်ရောင်ခြင်းစသော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများသည် ဆေးလိပ်သောက်သော မိဘများ၏ မွေးကင်းစကလေးများတွင် ပို၍ အဖြစ်များသည်။

၃။အီးတီအက်စ် (ပတ်ဝန်းကျင်ဆေးလိပ်ငွေ့)နှင့် ထိတွေ့မှုကြောင့် အဖြစ်များဆုံးနှင့် အဖြစ်မြန်ဆုံးမှာ မျက်စိနှာခေါင်းနှင့် လည်ချောင်းများ ပူလောင်နာကျင်ခြင်းတို့ပင်ဖြစ်သည်။

အမေရိကန်တွင် အသက် ၃၀-၅၉ နှစ်ကြားအမျိုးသမီး ၇၀၀၀ ကိုလေ့လာခဲ့ရာ ဆေးလိပ်သောက်သော အမျိုးသားများ၏ဇနီးများတွင် ဆေးလိပ်မသောက်သော အမျိုးသားများ၏ ဇနီးများထက် နှလုံးရောဂါဖြစ်ရန်နီးစပ်မှုမှာ သုံးလေးဆပိုကြောင်းနှင့် ယခင်က ဆေးလိပ်သောက်ခဲ့သော အမျိုးသားများ၏ ဇနီးများထက်နှစ်ဆပို၍ နီးစပ်ကြောင်းတွေ့ရှိခဲ့ပါသည်။

ယင်းနိုင်ငံတစ်ခုတည်းမှာပင် ဆေးလိပ်ငွေ့ ရှူရှိုက်ခြင်းကြောင့် ဆေးလိပ် မသောက်သူများ၌ အဆုတ်ကင်ဆာဖြင့်သေဆုံးနှုန်းမှာ နှစ်စဉ် ၅၀၀၀ ကျော်ရှိနေပေသည်။ စင်စစ်ဆေးလိပ် သောက်သူများ၌ အဆုတ်ကင်ဆာဖြင့် နှစ်စဉ်သေဆုံးနှုန်းမှာ သုံးသိန်းကျော်ရှိပါသည်။

အိမ်တွင် တစ်နေ့ဆေးလိပ်အလိပ်၂၀သောက်သော အမျိုးသားများ၏ ဇနီးများတွင် အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းသည် နှစ်ဆပိုများပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ရှူရှိုက်နေရသော လေထုထဲတွင် ဆေးလိပ်ငွေ့များကင်းစင်ရေးမှာ လူသားအားလုံး၏ ကျန်းမာရေးအတွက် လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နွေရာသီကာလ မြို့ပေါ်ရပ်ကွက်များ ရေအခက်အခဲမရှိစေရေး ဆောင်ရွက်ပေး

မလှိုင် ဧပြီ ၂၉

မလှိုင်မြို့နယ်စည်ပင်သာယာရေးကော်မတီက ပူပြင်းသော နွေရာသီကာလ မြို့ပေါ်ရပ်ကွက်များ ရေအခက်အခဲ မဖြစ်ပေါ်စေရေး ရေပြတ်လပ်မှုမရှိစေရေးတို့အတွက် မြို့ရေပေးဝေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ၂၅ရက်က အများသုံးရေကန်များနှင့် ရေဖြန့်ဝေပေးနေသော မလှိုင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ကန်ဖျား စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ သွားရောက်ကြည့်ရှုခဲ့သည်။

ကန်ဖျား စက်ရေတွင်းရှိ ရေစုကန်မှတစ်ဆင့် ရေဂါလန် ငါးသောင်းဆံ့ မြို့ရေပေးဝေရေးကန်သို့ ရေလွှတ်တင်ပေးနေမှုကို သွားရောက်ကြည့်ရှုရာ ရေပေးဝေရေး တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးလင်းက "ကျွန်တော်တို့ ရေစုကန်ကနေ မြို့ရေပေးရေးကန်ကို တစ်ဆင့် လွှတ်တင်ပေးပြီး ရေပေးဝေရေးကန်ကနေ မြို့ပေါ်ရှိ အများသုံးရေကန်နှင့် ရေမီတာတပ်ဆင်ထားသော အိမ်များကို ရေဖြန့်ဝေပေးပါတယ်၊ နံနက် ၆ နာရီမှာ တစ်ကြိမ်၊ နေ့လယ်မှာ တစ်ကြိမ်၊ ညနေမှာတစ်ကြိမ် တစ်နေ့ကို သုံးကြိမ် တစ်နာရီမှ တစ်နာရီခွဲကြာ လွှတ်ပေးပါတယ်၊ ယခင်က ရေစုကန်ကနေ ရေပေးဝေရေးကန်ကို ရေပို့လွှတ်ရင် တစ်နာရီကို အမြင့် တစ်ပေတတ်ပါတယ်၊ ယခုအခါမှာတော့တစ်နာရီကို ၅ လက်မ လောက်တတ်ပါတယ်၊ အမြင့်တစ်ပေကို ရေဂါလန် ၅၀၀၀ရှိပါတယ်"ဟု ရှင်းပြသည်။

မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမြသန်းနှင့် အတွင်းရေးမှူး စည်ပင်သာယာအမှုဆောင်အရာရှိ ဦးရဲနိုင်တို့က ရေပေးဝေနိုင်မှု အချိန်ပိုမို ပေးနိုင်စေရန် နွေကာလတွင် ရေစုကန်မှ တိုက်ရိုက်ရေပေးဝေနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့ အမှတ်(၄)ရပ်ကွက်ရှိ အများသုံးရေကန်မှာ လာရောက်ရေယူသုံးစွဲသူ အိမ်ထောင်စု ၃၀ ခန့်ရှိပါတယ်၊ နံနက် ၆ နာရီမှာ ရေစတင်ပေးပြီး တစ်ဦးကို ရေ နှစ်ပုံးကနေ လေးပုံးထိဖြန့်ဝေပေးပါတယ်၊ မြို့ရေပေးဝေရေးကနေ ပေးတဲ့ရေဟာ ရေချို ရေကောင်းဖြစ်လို့သောက်ရေအဖြစ်ပဲ အသုံးပြုကြပါတယ်"ဟု ရေဖြန့်ဝေပေးသူ ဦးညိုက ပြောသည်။ မလှိုင်တစ်မြို့လုံးတွင် အများသုံးရေကန် ခုနစ်ကန်ရှိပြီး ရေမီတာတပ်ဆင်သုံးစွဲသူ ရေတိုင်ပေါင်း ၂၁၉ ခုရှိကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ပြန်လည်စွန့်လွှတ် လယ်ယာမြေများ မူလပိုင်ရှင်များသို့ လွှဲပြောင်းပေးအပ်

မိုးကောင်း ဧပြီ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်၌ တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်လယ်ယာမြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက စီမံခန့်ခွဲရေးကော်မတီနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများနှင့်ပတ်သက်၍ အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေစုစုပေါင်းဧက ၆၃၀ ဒသမ ၂၇ ဧကကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်နှင့် ဦးကျော်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက မူလပိုင်ရှင်များထံသို့တစ်ဦးချင်း ပြန်လည်ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ်အစိုးရအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်း (၄၃၂ မိုင် ၃ဖာလုံ)နှင့် ကျောက်လမ်းခင်းခြင်း (၁၅မိုင် ၄ဖာလုံ)လုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသား ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အင်/ယာမှူးကြီးရုံး ဖုန်း- ၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၉-၅-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ

တင်ဒါဖွင့်မည့်ရက် - ၂၀-၅-၂၀၁၄ ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးအရှေ့ခြမ်း၊ နေကျော်ပိုင်း၊ နေကျော်ကွက်သစ်၊ ကွင်းအမှတ် ၁၀၄၁(A)၊ ကွင်းအမည်လှည်းကူး၊ ဦးပိုင်အမှတ် ၁/၁၊ မြေအမျိုးအစားလယ်ကျူးဟုခေါ်တွင်သော အကျယ်အဝန်း ၄ဒသမ ၉၆ဧက၊ (၇၀×၂၇၈)ပေရှိ ဦးခင်မောင်မြင့်အမည်ဖြင့် မြေခွန်စည်းကြပ်လျက်ရှိသော လယ်မြေကို လက်ရှိပိုင်ဆိုင်တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းလှ HGU-၀၀၇၇၅၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင် ရုံးချိန်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်၍ ယင်းမြေကွက်နှင့်ပတ်သက်သမျှ အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်း (စဉ်-၇၇၁၇)
တရားလွှတ်တော်ရှေ့နေ

ဦးချမ်းမြေ့လင်း (စဉ်-၂၇၂၆၀)
အထက်တန်းရှေ့နေ

အမှတ် ၈၃/၇(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၈၅၂၀၅၊ ၀၉-၇၃၀၉၅၂၄၀

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မင်းရဲကျော်စွာ ၁လမ်း၊ မြေကွက်အမှတ်(၂၆၀/က)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်သောင်း CA-၀၃၉၈၃၄ အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်ဖြစ်သည်။ အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အား မူလအမည်ပေါက်ပိုင်ရှင်မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆိုပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)

အမှတ် ၅၄၄၊ မွှေးရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆၇)ရပ်ကွက်/ရတနာအိမ်ရာ၊ နီလာလမ်းသွယ်(၃)လမ်း၊ မြေကွက်အမှတ် ၁၉၊ ဧရိယာ ၀ဒသမ ၁၂၁ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန့်ကွက်နိုင်ပါကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါမြေကွက်အား အမည်ပေါက်များဖြစ်ကြသော ဦးသောင်းထွန်း ၁၀/သဖရ(နိုင်)၀၆၄၃၉၃နှင့် ဒေါ်မြင့်အေး ၁၀/သဖရ(နိုင်)၀၆၄၃၆၀တို့သည် တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း (LL.B) အထက်တန်းရှေ့နေ

အမှတ် ၇၇၉၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊မြေကွက်အမှတ် ၁၁၂/ခ၊မြေကွက်တည်နေရာအမှတ် ၁၁၂/ခ၊ တကောင်း ၇ လမ်း၊ ဒေါ်ခလေးလေးအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခလေးလေးကွယ်လွန်သဖြင့် ဦးဘသောင်း ၁၂/ဥကတ(နိုင်)၀၉၇၉၄၆က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၇၅၂/က၊ မြေကွက်တည်နေရာအမှတ် ၇၅၂/က၊ ရန်ပြေ ၁လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်ခင်၊ဒေါ်မြမြဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြဝင်း (ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ကျန်အမည်ပေါက် ဦးအောင်ခင် ၁၂/သကတ(နိုင်)၀၀၄၅၇၅မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါးနှင့် ကြော်ငြာ

မျိုးဆက်သစ်ပန်းကလေးများ ပွင့်သောပန်းတိုင်းလန်းစေချင်

မောင်သင်းပျံ့

၂၀၁၄ ခုနှစ် ဆူနာမီတွင် လူဦးရေ ငါးသိန်းခန့်သာရှိသော လှိုင်သာယာသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီး၍ ငါးလအတွင်း မြန်မာပြည်အနောက်ပိုင်း၊အလယ်ပိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ရွှေ့ပြောင်းသူများ တဖွဲဖွဲရောက်လာရာ ဧရာဝတီတိုင်းဒေသကြီးမှ အများဆုံးဝင်ရောက်လာသည့်အတွက် ယခုအခါ လူဦးရေရှစ်သိန်းကျော်သွားပြီဖြစ်သည်။

လှိုင်သာယာသည် ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးဖြစ်၍ အခြေခံလူတန်းစား အများဆုံးနေထိုင်ရာ မြို့နယ်ဖြစ်ပြီး ကလေးဦးရေလည်း သိသာစွာတိုးလာခဲ့ရာ ပညာရေး၊ ကျန်းမာရေးနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အများဆုံး ဆောင်ရွက်ပေးနေရသော နေရာလည်းဖြစ်သည်။ လက်လုပ် လက်စားများ၍ စက်မှုဇုန်၊ ရပ်ကွက်၊ကျေးရွာအတွင်းနှင့် ပန်းလှိုင်မြစ်ဘေး တို့တွင်နေထိုင်ကြပြီး အသိပညာဗဟုသုတအားနည်းကြသည့်အလျောက် မိသားစုကို ပညာအမွေပေးနိုင်ခြင်းထက် တစ်နေ့တာ တစ်ပတ်တာ ဝမ်းစာဖြေရှင်းရန်ကိုသာ ဦးစားပေးနေကြရသည်။

အနာဂတ်အတွက် ဖူးပွင့်ဝေဆာလာမည့် ပန်းပွင့်လေးများ တောရိုင်းပန်းများအဖြစ် ညှိုးခြောက် ကြွေကျမှုမှကင်းလွတ်စေရန် မျိုးဆက်သစ်လူငယ်တို့၏ဘဝကို မြှင့်တင်ဆောင်ရွက်ပေးနေကြသည်များကိုလည်း တွေ့မြင်နေရသည်။

လှိုင်သာယာတွင် ကျေးရွာလေးရွာ၊ ရပ်ကွက်တစ်ခုကို တာဝန်ယူရသော လူအင်အား ၇၅ဦးပါဝင်သည့် Child Dream နှင့်ရပ်ကွက် ၁၀ ရပ်ကွက်ကို လူအင်အား ၇၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ယူနေသည့် ပဲ့ကိုင်ရှင်ဟူသော ကလေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟူ၍နှစ်ဖွဲ့ရှိပါသည်။ ထိုအဖွဲ့ နှစ်ဖွဲ့သည် ရန်ကုန်မြို့ ဝိဇယပလာဇာတွင်ရုံးဖွင့်ထားသော Save the Children ၏ ထောက်ပံ့မှုဖြင့် လုပ်ဆောင်နေကြခြင်းဖြစ်သည်။

Child Dream အဖွဲ့သည် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်အိမ်ရာတွင် ရုံးခန်းဖွင့်လှစ်၍ ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များကို တစ်ပတ်တစ်ခါခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်၍ အသိပညာပေးလျက်ရှိသည်။ လိုအပ်ချက်များစွာရှိနေသော်လည်း တတ်နိုင်သည့်ဝန်ကိုထမ်းကာ မျိုးဆက်သစ်လူငယ်များအတွက် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့လည်း ဖြစ်သည်။ ဗိုလ်အောင်ကျော်အိမ်ရာ၏ အလယ်တွင်ရှိသော ဓမ္မာရုံဘေးတွင် ကလေးကာကွယ်စောင့်ရှောက်ရေး ရုံးခန်းဖွင့်လှစ်ထားပြီး အဆိုပါရုံးခန်းလေးအတွင်းမှ ကလေးများသံပြိုင်ကဗျာရွတ်သံသည် နွေအပူကို ဂရုမထားဟန်ဖြင့် အနီးပတ်ဝန်းကျင်တစ်ဝိုက် ပျံ့လွင့်လျက်ရှိသည်။

ယဉ်ကျေးလိမ္မာသင်တန်းမှ ဆရာမနှစ်ဦးက ဗုဒ္ဓဇာတ်နိပါတ်တော်မှ နွားလားဥဿဖအကြောင်းကို ပြောဆိုရာတွင် ကြမ်းတမ်းစွာပြောဆိုခြင်းထက် ချိုသာစွာပြောဆိုခြင်းဖြင့် အရာရာကိုအောင်နိုင်ကြောင်းကို ပုံပမာ ဆောင်၍ ပြောပြလျက်ရှိရာ ဆံနွယ်နီကြောင်ကြောင် အသက် ငါးနှစ်အရွယ် မိန်းကလေးငယ်လေးမှာ ခုံပေါ်တွင် မေးကိုလက်ထောက်၍ ဆရာမကို စိုက်ကြည့်လျက် ပထမဆုံးကြားခွင့်ရသော ပုံပြင်တစ်ပုဒ်သဖွယ် စိတ်ဝင် စားစွာ နားထောင်လျက်ရှိသည်။ **(အပေါ်ယာပုံ)** ၄င်းအရွယ်မှသည် ၁၃ နှစ်ထိ အရွယ်စုံပါဝင်သော သားငယ် သမီးငယ်တို့မှာလည်း ပုံပြင်ကို စိတ်ဝင်တစား နားထောင်လျက်ရှိရာ သူတို့၏ အသက်အရွယ်ကွာခြားသော်လည်း တူညီသော အရာမှာ ဆင်းရဲသောဘဝနှင့် ခိုင်မာသောအနာဂတ် ရည်မှန်းချက်မရှိကြခြင်းပင်ဖြစ်သည်။ ဘဝများစွာတို့မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ပေါ်တွင် မူတည်သည့်အတွက် ထိုကလေး ၃၁ ဦးထဲမှ လင်းလက်တောက်ပသည့် ကြယ်ပွင့်လေးများ အနာဂတ်တွင် ပေါ်ထွန်းလာနိုင်ပါသည်။

Child Dream မှ ဒုတိယဥက္ကဋ္ဌဖြစ်သော ဦးသန်းရွှေက လက်ရှိဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဘုန်းတော်ကြီးကျောင်းမှ ဆရာမနှစ်ဦးကို အကူအညီတောင်း၍ ကလေးများယဉ်ကျေးလိမ္မာစေရန်၊ လူမှုရေးနယ်ပယ်တွင် ပြောဆိုဆက်ဆံတတ်စေရန်နှင့်ဂါရဝေါစ၊ နိဝါတောစ တရားသိရန် သင်ကြားပေးနေကြောင်း၊ တစ်လတွင် လေးကြိမ်ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးသူငယ်များ လမ်းမှားသို့မရောက်အောင် အဓိကထား၍ သွန်သင်ဆုံးမနေကြောင်း၊ ယခုလာသော လူဦးရေတစ်ဝက်သည် ပညာမသင်ကြားနိုင်သေးကြောင်း၊ အချို့သည် ပညာတစ်ပိုင်းတစ်စဖြင့် ဘဝကိုရုန်းကန်နေသူများဖြစ်ပြီး အသက် ငါးနှစ်ကျော်သည့်တိုင် ကျောင်းမနေရသေးသူများ၊

ကျောင်းဆက်မတက်နိုင်သူ ၁၀ နှစ်ကျော်အရွယ်ကလေးငယ်အချို့ ပါဝင်ကြောင်း၊ ကလေးများ၏ အနာဂတ်အတွက် မိဘတွင်တာဝန်ရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ပါက ပညာရေးလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ မိဘဆင်းရဲသည့်အတွက် အဆိုပါဒဏ်ကို ကလေးငယ်များခံစားရကာ နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ပတ်ဝန်းကျင်နှင့်တကွ နိုင်ငံကို ထိခိုက်စေနိုင်ကြောင်း၊ ကလေးများလမ်းပေါ်ရောက်နေရခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုများဖြစ်စေကြောင်း။

ဆင်းရဲနွမ်းပါးသော ကျောင်းသားမိဘများကို စျေးရောင်းရန်၊ စီးပွားရေးလုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေချပေးပြီး ယူထားသော ချေးငွေများအကျေအလည်ပြန်ဆပ်နိုင်ရန် စနစ်တစ်ခုဖြင့် ထိန်းချုပ်သင့်ကြောင်း၊ လုပ်ချင်ကိုင်ချင်စိတ်မရှိ၍ ဆင်းရဲနေခြင်းမဟုတ်ဘဲ အတိုးနှုန်းကြီးမား၍ အကြွေးသံသရာမှမလွတ်ကင်းနိုင်ကာ စီးပွားရေးအခွင့်အလမ်းများ ပျောက်ကွယ်နေခြင်းကြောင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ပါက ချက်ချင်းမသိသာသော်လည်း တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ယခုအခါ ပွင့်လင်းမြင်သာစွာလုပ်ဆောင်ခွင့်ရပြီဖြစ်၍ အရှိကို အရှိတိုင်း တင်ပြပြောဆိုလုပ်ကိုင်ခွင့်ရသည့်အတွက် လုပ်ငန်းတိုးတက်မှုရှိလာပြီး ကလေးအာဟာရအဖြစ် ထမင်းကျွေးဖြည့်စွမ်းနိုင်မှုကို တစ်နှစ်တာ ဆောင်ရွက်ခွင့်ရရှိထားသည့်အတွက် အားလုံးစေတနာ့ဝန်ထမ်း ဝိုင်းဝန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းပြသည်။

အသက် ၁၃နှစ်အရွယ် မသဲဖြူမှာ သောင်ကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဒုတိယတန်းဖြေဆိုထားပြီး ကျောင်းဆရာမဖြစ်ချင်သည့် ဆန္ဒရှိကြောင်း၊ မိဘနှစ်ပါးမှာရေခဲချောင်းရောင်းသူများ ဖြစ်ပြီး မောင်နှမခြောက်ဦးတွင် အကြီးဆုံးဖြစ်ကြောင်း၊ မောင်ရဲကိုမှာ အသက်ကိုးနှစ်ရှိပြီး သောင်ကြီး ဘုန်းတော်ကြီးကျောင်းတွင် ဒုတိယတန်းဖြေဆိုအောင်မြင်ထားကြောင်း၊ မောင်နှမသုံးဦးတွင် အကြီးဆုံးဖြစ်၍ ရေခဲချောင်းရောင်း၍ မိဘကိုကူညီကြောင်း၊ ဖခင်မှာ လက်သမားဖြစ်၍ အလုပ်မမှန်သည့်အတွက် တစ်နေ့ ၂၅၀၀ ရသောငွေကို မိခင်ထံအပ်ခဲ့ရာ မနေ့က ရေခဲချောင်းပုံးကျကွဲ၍ မနက်ဖြန်တွင် ရေခဲချောင်းရောင်းသည့်အိမ်ကို ငွေကျပ် ၂၀၀၀ အလျော်ပေးကာ စျေးပြန်ရောင်းမည်ဖြစ်ကြောင်း၊ ပညာဆက်သင်ချင်ပြီး ရဲလုပ်ချင်ကြောင်း သူတို့၏ဆန္ဒများကို ဖော်ပြသည်။

ကလေးငယ်တို့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကြက်သားဆီပြန်၊ ပဲကြာဆံဟင်းချို၊ သခွားသီး၊ ငါးပိရည်တို့ဖြင့် ကျွေးမွေးရာ ဟန်ဆောင်မှုကင်းစွာဖြင့် အားပါးတရစားသောက်နေသောမြင်ကွင်းသည် ရင်တွင်းပီတိ ကို တလိမ့်လိမ့်တက်စေပြီး Child Dream အဖွဲ့ကိုလည်း ယခုထက်ပို၍ အများအကျိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းမိပါသည်။

နွေအပူသည်ထပ်ခိုးအကာမရှိသောသွပ်ပြားအမိုးကိုဖောက်၍ အခန်းတွင်းရှိလူအားလုံးကို တိုးဝင်တွယ်ကပ်နေသည့်အတွက် အားလုံးမှာချွေးများတွဲခိုလျက်ရှိပြီး ကလေးများမှာလည်း ရေမကြာခဏထသောက်လျက်ရှိနေပါသည်။ ဤကဲ့သို့ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များကို အပတ်စဉ်တစ်ရက်တွင် မွန်းတည့် ၁၂နာရီထိသာ အသိပညာဗဟုသုတသင်ကြားပေးလျက်ရှိရာ တစ်ပတ်တွင်လေးရက်အထိကျွေးမွေးသင်ကြားနိုင်လျှင် ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များအတွက် ကြီးမားသောတိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ ပခုံးပြောင်းတာဝန်ဖြစ်သောကြောင့် လူငယ်ကောင်းမှ လူကြီးကောင်းမည်ဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီရမည်ဖြစ်သည်။

ပညာရေးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးသည် ဟန်ချက်ညီစွာတည်ရှိနေသည်။ မူလတန်း၊ အလယ်တန်းများကို အခမဲ့ပညာရေးစနစ်အဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းသည် အခြေခံလူတန်းစားတို့အတွက် ပညာရေးကို အလေးထား ဆောင်ရွက်နိုင်စေသည်။ ဆင်းရဲမှုလျှော့ချရေးကို ကြိုးပမ်းဖော်ဆောင်နိုင်ပါကလည်း ပညာရေးတိုးတက်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တိမ်ကြားမှ ပေါ်ထွန်းလာသည့်လဝန်းပမာ တွေ့မြင်ရမည်ဖြစ်သည်။ အရွယ်ရောက်သောကလေးတိုင်း ပညာသင်ကြားနိုင်စေရန် ဝိုင်းဝန်းလက်တွဲလုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်၏ မျိုးဆက်သစ်ပန်းကလေးများ ပွင့်သောပန်းတိုင်း လန်းဆန်းပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/င၊ မြေကွက်အမှတ် ၂၀/က၊ မြေကွက်တည်နေရာအမှတ် ၃၂၄/ခ၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန် ဦးလှဝင်း အမည်ပေါက် B မြေပိုင် လ/န ၃၉ ရပြီးမြေအား အမည်ပေါက် ဦးလှဝင်းကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/အစန(နိုင်)၁၂၀၆၁၀ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Pent House ရောင်းမည်

- ပေ ၅၀-ပေ ၈၀
- ရှင်စောပုလမ်း(ဝင်ဆာလမ်း)၊ စမ်းချောင်းမြို့နယ်
- အဆင့်မြင့်ပြင်ဆင်ပြီး

ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁၁၉၄၉၇၊ ၀၉-၅၆၆၀၃၀၃

လဲလိုပါသည်

သဃ်ာန်းကျွန်း၊ ဝေဇယန္တာလမ်းပေါ်ရှိ Condo အခန်းနှင့် မြေကွက်(သို့) လုံးချင်းအိမ်ဖြင့် လဲလှယ်လိုပါသည်။

(သဃ်ာန်းကျွန်း၊ သုဝဏ္ဏ၊ ရန်ကင်း၊ တောင်ဥက္ကလာ၌သာ)

ဆက်သွယ်ရန်ဖုန်း-၀၉-၈၆၅၂၂၃၃

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်(တ) ရွာသစ်ပိုင်းနေ ဦးသန်းငွေ ၁၂/ကမန(နိုင်)၀၆၆၄၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ပျဉ်းကတိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၂၂B၊ အိုးဘိုကွင်း၊ ဦးပိုင်အမှတ် ၁၃၊ ဧရိယာ ၃ဒသမ ၃၂ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား ဝါးဘိုးခြံ

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ပျဉ်းကတိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၂၂B၊ အိုးဘိုကွင်း၊ ဦးပိုင်အမှတ် ၁၀/၆၀၊ ဧရိယာ ၄ဒသမ ၈၆ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား ဝါးခြံနှင့်

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ပျဉ်းကတိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၂၂B၊ အိုးဘိုကွင်း၊ ဦးပိုင်အမှတ် ၁၀၊ ဧရိယာ ၅ဒသမ ၄၅ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား ဝါးခြံတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းငွေမှ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက လက်ရှိထားလုပ်ကိုင် အကျိုးခံစားခဲ့ပြီး ဦးသန်းငွေအမည်ဖြင့် အခွန်စည်းကြပ်ခံရသူဖြစ်ကြောင်း သက်ဆိုင်ရာမြေစာရင်းပုံစံ-၁၀၅ တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ အဆိုပါ ဝါးခြံတို့ကို ဦးသန်းငွေ၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အမည်ပြောင်းခြင်း၊ရောင်းချခြင်း၊ပေါင်နှံခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အဆိုပါ ဝါးခြံများအတွင်းသို့ ဝင်ရောက်ဝါးခုတ်ခြင်း၊ နေထိုင်ခြင်းများမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ နေထိုင်လိုသူများသည် ဦးသန်းငွေထံမှ ခွင့်ပြုချက်လာရောက်တောင်းခံ လက်မှတ်ရေးထိုးကြရမည်ဖြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း **ဦးစိန်မြင့်** **ဒေါ်အေးအေးလှ**
စဉ်-၄၀၄၄ **စဉ်-၁၀၉၁၆** **စဉ်-၃၅၉၇၉**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၁၁၈၃၊ မြေဧရိယာ ၀ဒသမ ၀၇၅ဧက၊ မြေအကျယ်ပေ(၅၅×၆၀)ရှိ ဦးဆန်သာရမ်း(ခ) အောင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအပါအဝင် သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ် ၁၁၈၃ ဟု လိပ်စာတွင်သည့် သုံးထပ်တိုက်အဆောက်အအုံတို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဆန်သာရမ်း(ခ)ဦးအောင်ဝင်း ၁၂/ဗတထ(နိုင်)၀၂၃၁၂၄ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈)
အမှတ် ၉/၁၁၊ အခန်း ၃၀၆(လေးလွှာ)၊ ၃၆ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၉၄၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ဘီမှ အောက်ဖော်ပြပါမြေကွက်နှစ်ကွက်ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်အရ လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ဖြူဖြူဝင်းဆွေ ၆/မအရ(နိုင်)၀၀၀၂၁၅ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၁။ မြေကွက်အမှတ်(၂၅) ဧရိယာ(၄၀'×၆၀')ကျယ်ဝန်းသော ဦးညွန့်ဝင်းနိုင် ၁၂/စခန(နိုင်)၀၅၆၁၀၂ အမည်ပေါက်ပါမစ်မြေကွက်

၂။ မြေကွက်အမှတ်(၂၆) ဧရိယာ(၄၀'×၆၀')ကျယ်ဝန်းသော ဗိုလ်ကြီးမြင့်အောင်(ငြိမ်း) ၁၂/မဘန(နိုင်)၀၀၂၁၄၂ အမည်ပေါက်ပါမစ်မြေကွက်

အဆိုပါမြေကွက်နှစ်ကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဦး ၁၂/လသန(နိုင်)၀၀၀၅၉၁
ဖုန်း-၀၉-၇၃၁၅၁၁၅၇

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ပဲခူး ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် အရှင်စန္ဒာဝရနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆရာဆရာမများနှင့် ရပ်မိရပ်ဖများ စုပေါင်းပြီး ကျေးရွာတွင်းရှိ ကလေးငယ်များအား နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျောင်းသားဦးရေ ၂၈၀ တက်ရောက်ကြပြီး ကျောင်းသားများအတွက် စာရေးကိရိယာများကိုလည်း အခမဲ့ပေးကာ ဧပြီ ၂၈ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

မကွေးမြို့နယ် ဝါးတောချောင်းကျေးရွာတွင် ဓာတ်အားခွဲရုံဖွင့်

မကွေး ဧပြီ ၂၉

မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု ဝါးတောချောင်းကျေးရွာတွင် ဧပြီ ၂၅ ရက် ည ၇ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဝါးတောချောင်းကျေးရွာ လျှပ်စစ်မီးလင်းရေး 160 KVA ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်က လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးမှုကို ရှင်းလင်းတင်ပြခြင်း၊ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းသို့ ၃၀ ကီလိုဝါဝါမီတာ တစ်လုံးတပ်ဆင်ရန်အတွက် မကွေးတိုင်းဒေသကြီး ဖောင်ဒေးရှင်းမှ မတည်လှူဒါန်းငွေကျပ် ၁၄၈၂၅၀၀ ကို မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကိုယ်စားလှယ် ဦးကြည်ထွန်းက တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်ထံ ပေးအပ်ပြီး ဝါးတောချောင်းကျေးရွာ 160 KVA ဓာတ်အားခွဲရုံကို မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့က ဝါးတောချောင်းကျေးရွာတွင် လျှပ်စစ်မီးလင်းနေမှုကို လိုက်လံကြည့်ရှုခဲ့ပြီး ထိုကျေးရွာရှိ အလင်းသစ်စာကြည့်တိုက်တွင် Set Top Box ဖြင့် ကြည့်ရှုနိုင်ရန်အတွက် ရုပ်မြင်သံကြားစက်တစ်လုံးကို ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ကျော်ဗေယျ**

မိတ္ထီလာတွင် ရင်ချင်းဆက်နွားအမြွှာပူးမွေးဖွား၊ မိနစ် ၂၀ ခန့်အကြာတွင် သေဆုံး

မိတ္ထီလာ ဧပြီ ၂၉

မိတ္ထီလာမြို့ ရုံးတောကျေးရွာအုပ်စု ရုံးတောကြီးကျေးရွာရှိ ဒေသခံတစ်ဦး မွေးမြူထားသည့် နွားမ (မတမ်း)မှ ဧပြီ ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ရင်ချင်းဆက်နွားအမြွှာပူးနှစ်ကောင် မွေးဖွားပြီး မိနစ် ၂၀ ခန့်အကြာတွင် သေဆုံးသွားကြောင်း သိရသည်။

ထူးထူးခြားခြား နွားရင်ချင်းဆက် အမြွှာမွေးတာဆိုတော့ ပတ်ဝန်းကျင်ကျေးရွာတွေက လာကြည့်တဲ့သူတွေကလည်း စည်ကားနေတာ။ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မွေးတာ။ မွေးပြီးတော့ မိနစ် ၂၀ ခန့်အထိ နှစ်ကောင်စလုံးအသက်ရှူတယ်၊ ပြီးမှသေသွားတာ။ မွေးတဲ့ မိခင်နွားမက ပထမဆုံးသားကျတဲ့(မတမ်း) ဖြစ်ပါတယ်။ အသက် သုံးနှစ်လောက်ပဲရှိသေးတယ်။ မွေးဖွားတဲ့ရက်ကလည်း ရက်ပြည့်ပြီး လေး၊ ငါး၊ ၁၀ ရက်တောင် လွန်နေပါသေးတယ်။ တန်ခူးလပြည့်ကျော် ၁၀ ရက်လောက်က ကိုယ်ဝန်ဆောင်တာ ၁၀ လပြည့်တာလေ" ဟု မိခင်နွားမပိုင်ရှင် ဒေါ်ကြည်မြက ပြောသည်။

အဆိုပါ နွားရင်ချင်းဆက် အမြွှာနှစ်ကောင်မှာ ထူးခြားစွာဖြင့် ဦးခေါင်းနှစ်လုံး၊ ခန္ဓာကိုယ်နှစ်ခုပါရှိသော်လည်း ခြေခုနစ်ချောင်းသာပါရှိပြီး နှစ်ကောင်စလုံးမှာ အမဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီနှင့် သံတွဲမြို့ ဒေသခံပြည်သူများတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဧပြီ ၂၅ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဆပ်ကော်မတီဝင်များ၊ မြို့မိ မြို့ဖ/မြို့နယ် အထောက်အကူပြုလုပ်ငန်း ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်မှ ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထား၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပေးဆွေးနွေးမှုများ ဝိုင်းဝန်းတင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ရန်ရှိသည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် အခြားဝန်ကြီးဌာနများနှင့် အပြန်အလှန်ဆွေးနွေးရန်ရှိပါက ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မိမိတို့ဆန္ဒ၊ လိုအပ်ချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြခြင်းဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားကာ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေး၊ စက်သုံးဆီဖြန့်ဖြူးပေးရေး၊ ကျေးရွာများ သောက်သုံးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေးကိစ္စများကို ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေး ညှိနှိုင်းစည်းဝေး

နတ်မောက် ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဧပြီ ၂၆ ရက် နံနက် ၈ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ဆေးရုံကြီးကြပ်မှုကော်မတီများ စုပေါင်း၍ ဆေးရုံကြီး၏ သန့်ရှင်းသာယာလှပရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။ ထို့နောက် အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့ဆေးရုံကြီးသည် ၂၅ ခုတင်ဆံ့ဟု ဆိုသော်လည်း ခုတင် ၅၀ အထက် လူနာများ လာရောက်ကုသသောကြောင့် လူနာနှင့်လူနာစောင့်တို့ အသုံးပြုနိုင်ရန် အိမ်သာတွေကို သန့်ရှင်းမှုနှင့် ရေလုံအလောက်သုံးစွဲနိုင်ရေး ဆောင်ရွက်ထားရန်ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက လူနာနားနေဆောင်နှင့် ရေပိုက်များ ပြုပြင်ပေးရမည်ဖြစ်ကြောင်း တင်ပြသည်။ **လှဝင်း(iprd)**

ကျေးရွာများသို့အရောက် အခမဲ့နယ်လှည့်ဆေးကုသ

လဲချား ဧပြီ ၂၉

ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် လဲချားမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်၊ သူနာပြုဆရာမအဆင့်(၁)၊ သူနာပြုဆရာမ အဆင့်(၃)၊ သားဖွားဆရာမ၊ ငှက်ဖျား PS နှင့် ကြီးကြပ်(၂) တို့ပါဝင်သော ကျန်းမာရေးအဖွဲ့သည် ဧပြီ ၂၅ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဟဲဆိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူ ၈၉ ဦးကို လိုအပ်သောဆေးကုသခြင်းနှင့် ဆေးဝါးများ ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆေးကုသခြင်းနှင့်ပတ်သက်၍ မြို့နယ်ဆရာဝန်ကြီးက မြို့နှင့် အလှမ်းဝေးသည့် ကျေးရွာများတွင် နေထိုင်ကြသူများသည် ကျန်းမာရေးအသိ အလွန်နည်းပါးကြကြောင်း၊ ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေများကိုလည်း သိရှိလိုသဖြင့် ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **နန်းမေစုအောင်**

2nd Contest on Technopreneurship and 2nd Internship 2014
Myanmar - Korea IT Center (MCF)

Korea International Co-operation Agency (KOICA) ၏အထောက်အပံ့ဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) နှင့် Korea Aerospace University တို့ ပူးပေါင်း၍ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ထူထောင်ထားသော Myanmar-Korea IT Center မှ ၂၀၁၄ခုနှစ်အတွက် 2nd Contest on Technopreneurship ပြိုင်ပွဲနှင့် 2nd Internship Program ကို ပြုလုပ်မည်ဖြစ်ပါသည်။

2nd Contest on Technopreneurship

(က) **ပြိုင်ပွဲအမျိုးအစားများ** - Banking System, Commerce, Education, Health Care, e - Governance, Information Security Management, Mobile Applications, Online Social networking system, Tourism, Others...

(ခ) **Project တင်သွင်းရမည့်နောက်ဆုံးရက်** - ၂-၆-၂၀၁၄ ရက် (Video Presentation File ပေးပို့ရန်)

ပြိုင်ပွဲဝင်များအနက်မှ နောက်ဆုံးအဆင့်ရွေးချယ်ခံရသောအဖွဲ့ခြောက်ဖွဲ့ကို ကုမ္ပဏီထူထောင်ပေးမည်ဖြစ်ပြီး အချိန်ပြည့် Software Engineer သုံးဦးအတွက် လစာခြောက်လစာ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

2nd Internship Program (IT အလုပ်သင်ဝန်ထမ်းထောက်ပံ့ခြင်း)

- **IT အလုပ်သင်ဝန်ထမ်းလျှောက်ထားရမည့်နောက်ဆုံးရက်** - ၃၁-၅-၂၀၁၄ ရက်
- **ခန့်ထားမည့်ကာလ** - ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ
- **ရွေးချယ်ခန့်ထားမည့်အရေအတွက်** - IT လုပ်ငန်းခွင် အလုပ်သင်ဝန်ထမ်း ၃၀ ဦး

အသေးစိတ်သိရှိလိုပါက www.mkitc.org တွင် ဝင်ရောက်လေ့လာနိုင်ပြီး ဖုန်း-၀၁-၆၅၂၃၀၇ နှင့် ၀၉-၇၃၂၅၇၃၇၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မှတ်ချက် ။ ။ ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် အခန်း ၂၀၅၊ MICT Park တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်မြို့သို့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၇၄၂၄ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြကြည် ၁၃/မဆတ(နိုင်)၀၀၁၇၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

လက်ထပ်ပြီးစီးကြောင်း

ကျွန်တော် မောင်မျိုးသန့် ၁၁/စတန(နိုင်)၀၇၉၀၅၆ နှင့် ကျွန်မ မသန္တာဝင်း ၁၁/စတန(နိုင်)၀၆၄၅၁၅တို့သည် နှစ်ဖက်မိဘ သဘောတူညီခွင့်ပြုချက်အရ ၂၇-၃-၂၀၁၄ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်မျိုးသန့်-မသန္တာဝင်း (ခေတ္တဂျပန်)

အမည်ပြောင်း

ရန်ကုန်မြို့၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ် ၂၄၊ စံပယ်လမ်းနေ ဦးစောငွေး၏သမီး အထက (၄)၊ တတိယတန်း(C)မှ မအိပွင့်ဖြူအား မမေသူကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသူကျော်**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၇၁/ခ၊ မြေကွက်တည်နေရာအမှတ် ၇၁/ခ၊ ၂လမ်း၊(၁၅)ရပ်ကွက်၊တ/ဥ ဦးဝင်းအောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင် ကွယ်လွန်သဖြင့် ဒေါ်စောဝင်း ၁၂/ဥကတ(နိုင်)၀၉၃၆၆၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇၊ ကျောက်တန်းကွင်း၊ မြေကွက်အမှတ် ၇၈၊ မြေကွက်တည်နေရာအမှတ် ၇၈၊ ရွှေနံ့သာကျေးရွာ၊ ဘားလားရွှေနံ့သာသစ်ခွရွာရှိ မြေကွက်အား ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဘားလားဗဟိုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ အမည်ပေါက် ဒေါ်နန်းမုန်းနို့ခြေ(ခ)ဒေါ်နန်းစောအေး(ခ)ဒေါ်နန်းစောထွေး ၁/မကတ(နိုင်)၀၄၉၄၉၀က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ဦးဝင်းကြည် ၁၁/ကဖန(နိုင်)၀၂၆၈၉၀ ၏ဇနီး ဒေါ်မြသန်းရွှေ ၁၁/ကဖန(နိုင်)၀၂၆၅၁၆ သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စများဆောင်ရွက်ပြီး ၂၀-၂-၂၀၁၄ ရက်တွင် မိသားစုမသိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသည်။ ကျွန်တော်ဦးဝင်းကြည်မှ နောက်ဆုံးအနေဖြင့် ခွင့်လွှတ်ထားပြီးဖြစ်ကြောင်းနှင့် ပြန်လာရန် ၅-၄-၂၀၁၄ရက်တွင် စာအရောက်ပို့ပြီးဖြစ်သော်လည်း ယခုကြေညာသည့်ရက်အထိ ပြန်ရောက်မလာပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ပါကြောင်း ဒေါ်မြသန်းရွှေ ယခင်ပြုလုပ်သောကိစ္စအရပ်ရပ်နှင့် နောင်ပြုလုပ်သောကိစ္စအရပ်ရပ်တို့ကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ **ဦးဝင်းကြည် ၁၁/ကဖန(နိုင်)၀၂၆၈၉၀**

လုံးဝမသက်ဆိုင်ကြောင်း

ကျွန်တော်ထွန်းဝင်းလှိုင် ၁၂/ဒဂတ(နိုင်)၀၇၈၁၈၁၏ဇနီး မခင်ပြုံးရီ S/DGNMTT -၀၀၆၂၇၃ သည် နေအိမ်မှ ၁၇-၃-၂၀၁၄ ရက်တွင် သူမ၏သဘောဖြင့် ဆင်းသွားပါသောကြောင့် သူမနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စမှ တာဝန်လုံးဝမယူကြောင်း၊ မသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

ထွန်းဝင်းလှိုင်

သတင်းတိုများ

မူးယစ်ဆေးဝါးနှင့် လက်နက်ပစ္စည်းများဖမ်းမိ

ဧပြီ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ခွဲဦးရှိန်းမနားနှင့် တပ်ဖွဲ့ဝင်များ အောင်မင်္ဂလာရပ်ကွက် (၃)လမ်းသို့ရောက်စဉ် လမ်းထိပ်ဘေး လူမနေသည့် တဲ၌ သက်ပိုင်မင်း(၂၁နှစ်)၏ ခန္ဓာကိုယ်ကို ရှာဖွေစစ်ဆေးရာ ဘောင်းဘီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားကို သက်သေများရှေ့ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ စုံစမ်းစစ်ဆေးရာ ရေးမြို့နယ် မန်အောင်ကျေးရွာနေသူ ဦးစောဝင်းကြိုင်(၄၅နှစ်)ထံမှ တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် မွန်းလွဲ ၁ နာရီခွဲတွင် ၎င်း၏နေအိမ်သို့ ရှာဖွေရာ မြန်မာငွေကျပ် ၅၀၀၀ တန်နှစ်ရွက်၊ ၁၀၀၀ ကျပ်တန် ၁၇ ရွက်နှင့်အတူ နေအိမ်အိပ်ခန်း ခေါင်းရင်းတွင် အမေရိကန်နိုင်ငံလုပ် ၉၂ အမျိုးအစား ဖြူးစ်ပါ ဗုံးသီးနှစ်လုံး၊ တူမီးသေနတ် တစ်လက်၊ တူမီးယမ်းကတ် နှစ်ကတ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

နေအိမ်ကိုမီးရှို့သူ အရေးယူ

ဧပြီ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်က ကသာမြို့ ရပ်ကွက်(၇) ဦးကျော်ငွေ၊ ဒေါ်ကြွေတို့၏ နေအိမ်တွင်နေထိုင်သူ အောင်ဒင်သည် နေအိမ်မီးလောင်မှုဖြစ်ပွားရာတွင် မီးလောင်သည့် နေအိမ်ကြမ်းပြင်ပေါ်တွင် ဖယောင်းတိုင်ထွန်း၍ ခြင်ထောင်အစုတ်နှင့် ပလတ်စတစ်များ စုပုံပြီး မီးရှို့ခဲ့ရာ ထရံသို့ မီးကူးစက်လောင်သွားခဲ့သည်။ နေအိမ်ကို မီးရှို့သူ အောင်ဒင်(၃၈နှစ်) ရပ်ကွက်(၇) ကသာမြို့နေသူကို ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အခန်းပိတ်လှောင်ခံ မိန်းကလေးတစ်ဦးအား ကယ်ထုတ်

ဗန်ကောက် ဧပြီ ၂၉

သုံးညနှင့် လေးရက် အခန်းအတွင်း ပိတ်လှောင်ခံခဲ့ရသည့် အလုပ်သမတစ်ဦးကို ဗန်ကောက်မြို့တွင် MAT နှင့် ပူးပေါင်းအဖွဲ့တို့က ဧပြီ ၂၅ ရက် ညနေက ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဗန်ကောက်မြို့ ထပ်ခန်းနယ်မြေအနီးရှိ မြန်မာပွဲစားအမျိုးသမီးတစ်ဦး၏ အခန်းတွင် ပိတ်လှောင်ခံထားရသည့် အသက် ၂၀ အရွယ် အလုပ်သမတစ်ဦးကို ငွေပေး၍ ရွေးထုတ်ရန်အသွင်ယူလျက် ဗန်ကောက်မြို့ ဖလန်းဆောင်နယ်မြေ စင်ထရယ်ကုန်တိုက်အနီး ပော်လန်ဘီယာဆိုင်ရှေ့ကွင်းပြင်တွင် အငှားယာဉ်ပေါ်မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။ ပူးပေါင်းကူညီသူများ မျှော်လင့်သကဲ့သို့ ပွဲစားအမျိုးသမီး ယာဉ်ပေါ်တွင်ပါမလာဘဲ အခန်းပိတ်လှောင်ခံခဲ့ရသည့် အလုပ်သမကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ခြောက်ရက်ခန့်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကန်တော့ခံရွာမှ အလုပ်သမား အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦးကို လုပ်အားခလစာကောင်းကောင်း ရရှိမည်ဟု မြန်မာပွဲစားအမျိုးသမီးက လှည့်ဖြားခေါ်ဆောင်လာခဲ့ပြီး အမျိုးသားသုံးဦးကို ငါးဖမ်းလှေသို့ ရောင်းချခဲ့ကြောင်း ကြားသိရသည်။

ကယ်ထုတ်လာနိုင်သည့် အလုပ်သမမှာ မိမိအား ပိတ်လှောင်ထားသည့်နေရာကို မမှတ်မိတော့သဖြင့် ပွဲစားအမျိုးသမီးကို ဖမ်းဆီးအရေးယူနိုင်ခြင်း မရှိခဲ့သော်လည်း ထိုအလုပ်သမအား ၎င်း၏အစ်ကိုဖြစ်သူလက်ထဲသို့ အပ်နှံခဲ့ကြောင်း MAT အဖွဲ့က ပြောကြားသည်။ အမျိုးသမီး၏ အစ်ကိုဖြစ်သူက "ကျွန်တော့်ယောက္ခမတို့ သုံးယောက်တော့ ငါးဖမ်းလှေနဲ့ ပါသွားပြီး ကျွန်တော့်ညီမကို ဘတ် ၁၂၀၀၀ ပေးမှ လွှတ်ပေးမယ်။ မပေးရင် မလေးရှားနယ်စပ်မှာ ရောင်းစားမယ်လို့ ပြောပါတယ်။ ကျွန်တော် ဘတ် ၈၀၀၀ ပွဲစားအမျိုးသမီးကို လွှဲပေးလိုက်မှ ကျွန်တော့်ညီမကို အငှားယာဉ်နဲ့ တင်လွှတ်ပေးလိုက်တာပါ။ ကျန်ငွေကို ဘဏ်စာအုပ်ထဲထည့်ခိုင်းပါတယ်။ အဖွဲ့ကလည်း တစ်နေကုန်ပါပဲ အစီအစဉ်ချနေတာလေ၊ ရဲစခန်းနှစ်ခု သွားခဲ့ရပါတယ်။ ကျွန်တော့်ညီမ လွတ်လာအောင် ကူညီပေးကြတဲ့အတွက် အားလုံးကိုအထူးကျေးဇူးတင်ပါတယ်" ဟု ပြောခဲ့သည်။ ပွဲစားအမျိုးသမီးသည် အလုပ်သမထံ

လုပ်အားခ လစာကောင်းကောင်းရရှိမည်ဟု မြန်မာပွဲစားအမျိုးသမီးက လှည့်ဖြား ခေါ်ဆောင်လာခဲ့

မှ ငွေကျပ် နှစ်သိန်းတန် နားကပ်တစ်ရန်၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် အဝတ်အထည်များအားလုံးကို ယူထားလိုက်ကြောင်း လွတ်မြောက်လာသူ အမျိုးသမီးက ပြောသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ဒီအမှုမှာ ပွဲစားတွေ ပေါင်းပြီး လူရောင်းစားကြတာဖြစ်ပါတယ်။ အရပ်လေးမျက်နှာကို တောင် မသိတတ်ကြတဲ့လူတွေဖြစ်တယ်။ ထိုင်းရဲတွေက မကြာမကြာ ပြောတာကတော့ ၂၀၁၅ ခုနှစ်မှာ ထိုင်းနိုင်ငံ၌ မြန်မာပွဲစားတွေလုံးဝ မရှိစေရတော့ဘူး။ ယခုကတည်းက စတင်ပြီး နှိမ်နင်းနေပြီလို့ ပြောပါတယ်။ နောက်တစ်ခုက ထိုင်းငါးဖမ်းလှေတွေကို အကြောင်းပြချက်မခိုင်လုံဘဲ၊ ဥပမာ လူကုန်ကူးခံနေရကြောင်း တိုင်ကြားသူမရှိဘဲ မဖမ်းဆီးရလို့ ထိုင်းအစိုးရက တရားဝင်ထုတ်ပြန်ထားပါတယ်။ ထိုင်းဘက်က ချမှတ်နေတဲ့မူဝါဒတွေ ကြေညာချက်တွေကို ဒီကလည်း ချက်ချင်းသိရှိနိုင်အောင် စနစ်တကျ ပြင်ဆင်ထားသင့်ပါတယ်။ တရားဝင် ပတ်စ်ပို့နဲ့ နေကြတဲ့ အလုပ်သမားက နှစ်သန်းရှိနေလို့ပါ" ဟု ပြောသည်။

လက်ရှိ MAT အဖွဲ့နှင့် FED တို့သည် ငါးဖမ်းလှေသို့ ရောင်းစားခံလိုက်ရသည့် အလုပ်သမားများ လွတ်မြောက်ရေးနှင့် လူကုန်ကူးသည့် ပွဲစားများကို ဖမ်းဆီးနိုင်ရေးအတွက် ဒေသခံရဲများနှင့် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။ **စိုးဝင်း(SP)**

ဂန့်ဂေါမြို့နယ်တွင် မီးဖိုချောင်သုံးလောင်စာထင်းသုံးစွဲမှု လျော့နည်းလာ

ဂန့်ဂေါ ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေပြီဖြစ်၍ လူနေအိမ်ခြေအများစုမှာ ထမင်းဟင်းချက်ပြုတ်ကြရာတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုကာ ချက်ပြုတ်ကြသောကြောင့် လောင်စာထင်းသုံးစွဲမှု လျော့နည်းလာပြီဖြစ်ကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

ယခင်က ဂန့်ဂေါမြို့တွင် လျှပ်စစ်ဌာနနှင့် ပုဂ္ဂလိကဒီဇယ်အင်ဂျင်မီးစက်များမှ လျှပ်စစ်ဓာတ်အားရယူအသုံးပြုခဲ့ကြရာတွင် တစ်ရက်လျှင် ညပိုင်းနှစ်နာရီခန့်သာ မီးလင်းခဲ့ပြီး ဖယောင်းတိုင်မီးသုံးစွဲရန်လည်း မလွတ်ကင်းခဲ့ကြောင်း၊ သို့ဖြစ်၍ လူနေအိမ်ခြေများမှ ထမင်းဟင်းချက်ပြုတ်ကြရာ၌ လျှပ်စစ်မီးကို အားကိုး၍မရဘဲ လောင်စာထင်းကိုသာ အသုံးပြုခဲ့ရကြောင်း၊ လျှပ်စစ်ကို အသုံးပြု၍ဆောင်ရွက်ကြရသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြသော ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းများ၊ ကွန်ပျူတာစာစီနှင့် မိတ္တူကူးလုပ်ငန်းများမှာလည်း လျှပ်စစ်ဌာနနှင့် ပုဂ္ဂလိကဒီဇယ်အင်ဂျင်မီးစက်များမှ ဖြန့်ဖြူးသော လျှပ်စစ်ဓာတ်အားကို အားကိုး၍မရဘဲ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်မီးစက်များကို ဝယ်ယူအသုံးပြုခဲ့ရကြောင်း၊ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၄ ရက်ညမှ စတင်၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေပြီဖြစ်သောကြောင့် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ လူနေအိမ်ခြေများတွင် ထမင်းဟင်းချက်ပြုတ်ကြရာ၌ လျှပ်စစ်မီးကို အသုံးပြုနိုင်ကြပြီဖြစ်သဖြင့် လောင်စာထင်းသုံးစွဲမှုလျော့နည်းလာပြီဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း၊ ကွန်ပျူတာစာစီနှင့် မိတ္တူကူးလုပ်ငန်း၊ အင်တာနက်ကဖီးများမှာလည်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဖြန့်ဖြူးရေးလျှပ်စစ်အားကို သုံးစွဲကာ လုပ်ငန်းအဆင်ပြေလာကြကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြားအစီအစဉ်များကို အချိန်ပြည့်ကြည့်ရှုနိုင်ပြီဖြစ်သဖြင့် ဗဟုသုတတိုးပွားပြီး အပန်းလည်းပြေကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

"ယခင်က ကျွန်တော့်အိမ်မှာ ပုဂ္ဂလိကလျှပ်စစ်မီးကို ယူသုံးတာ တစ်လကို ငွေကျပ် ၆၀၀၀ပေးရတယ်။ တစ်ညမှာ နှစ်နာရီပဲရတော့ ဖယောင်းတိုင်ကိုလည်း သုံးရတယ်။ ထမင်းဟင်းချက်ပြုတ်ဖို့က တစ်လကို ထင်းဖိုး ငွေကျပ် ၅၀၀၀ လောက်ကုန်တယ်။ ယခုတော့ အိမ်မီးလည်းသုံးတယ်၊ တီဗွီလည်းကြည့်တယ်၊ ထမင်းဟင်းလည်းချက်ပြုတ်တယ်၊ အဝတ်အစားမီးပူတိုက်တယ်၊ တစ်လကို မီတာခ စုစုပေါင်း ငွေကျပ် ၃၀၀၀ ပဲကျတယ်"ဟု ဂန့်ဂေါမြို့ တောင်ကုန်းရပ်ကွက်နေ အသက် ၅၇ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးက ပြောသည်။

ယခုအခါ ဂန့်ဂေါမြို့နယ်အတွင်း၌ သစ်ထုတ်လုပ်မှုအချို့ရှိနေခြင်း၊ အုတ်နှင့်ထုံးဖုတ်လုပ်ငန်းများမှ လောင်စာထင်းသုံးစွဲမှုရှိနေခြင်း၊ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာတွင် မီးဖိုချောင်သုံးထင်းသုံးစွဲမှုရှိနေခြင်း၊ မဟာဓာတ်အားလိုင်းသွယ်တန်းစဉ် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ရခြင်း စသည်ဖြင့် သစ်တောပြုန်းတီးစေသောအကြောင်းအခြင်းအရာများ ရှိနေသေးသော်လည်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်သော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့မှာ မီးဖိုချောင်သုံး ထင်းသုံးစွဲမှုလျော့နည်းလာပြီဖြစ်သောကြောင့် သစ်တောပြုန်းတီးမှု သက်သာလာပြီဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့၌ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ဓာတ်အားလိုင်းသွယ်တန်းစဉ် လမ်းများဝဲယာတစ်လျှောက်ရှိ သစ်ပင်ကြီးများကို ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသဖြင့် ခုတ်ထွင်ရှင်းလင်းခဲ့ကြရာ ယခုနှစ် နွေရာသီကာလ၌ အပူဒဏ်ကာကွယ်ရန် ခိုကိုးရာမဲ့ဖြစ်နေကြရပြီး မိုးရာသီကာလဝယ် ကြီးမြန်သစ်ပင်များကို လမ်းများဝဲယာတစ်လျှောက် စိုက်ပျိုးသွားကြရန် ဒေသခံများက လွန်စွာစိတ်အားထက်သန်နေကြကြောင်းလည်း သိရသည်။ ထို့အပြင် ဂန့်ဂေါမြို့နယ်အတွင်း သစ်တောမြေများ၌ သစ်တောများ အတန်အသင့်ကျန်ရှိနေသေးသော်လည်း ဂန့်ဂေါမြို့နယ်ရပ်ကွက်များတွင်မူ အရိပ်ရပင်နည်းပါး၍ နွေရာသီကာလ၌ အပူဒဏ်ကို ခါးစည်း၍ ခံကြရလေ့ရှိပေရာ လမ်းဘေးဝဲယာတွင်သာမက နေအိမ်ခြံဝင်းများအတွင်းမှာလည်း အရိပ်ရပင်များ စိုက်ပျိုးသင့်နေပြီဖြစ်ကြောင်း ဒေသခံအချို့က ဆိုသည်။

"အရိပ်ရပင်စိုက်ပျိုးထိန်းသိမ်းတာကိုတော့ မကွေးမြို့ကို အတုယူသင့်တယ်။ မကွေးမြို့မှာ နှစ်ပေါင်းများစွာက အရိပ်ရပင်ကြီးတွေကို ထိန်းသိမ်းထားတော့ နွေရာသီမှာ အပူဒဏ်သက်သာလှတယ်" ဟု မကွေးမြို့သို့ သွားရောက်ခဲ့သူ ဂန့်ဂေါမြို့နေ မရီရီဝင်းက ပြောသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

အများသိစေရန်ကြေညာချက်

ဒေါ်ခင်သန်းဝင်း ၁၂/ဒဂန(နိုင်)၀၁၄၇၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်သည်။ ဒေါ်ခင်သန်းဝင်းသည် အမှတ် ၅၅၁၊ ယောမင်းကြီးလမ်း၊ (စ/၄) တိုးချဲ့၊ ဗိုလ်ရန်နိုင်ပန်းခြံ၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော ပေ(၄၀×၆၀)မြေကွက်၏ အရှေ့ဘက်တွင်တည်ရှိသော (၁၀ပေ×ပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိသော အိမ်၊ ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်ဇော်မြင့်ထံမှ မိမိပိုင်ဆိုင်သောငွေဖြင့် တန်ဖိုးငွေကျပ်သိန်း၈၀ ပေးချေဝယ်ယူရာတွင် ၁၂-၄-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အပြီးအပိုင်လက်ရောက်အရောင်းအဝယ်ကတိစာချုပ်တွင် မွေးစားသားမောင်စိုးလင်းအား အမည်ခံဝယ်ယူသူအဖြစ်ထားရှိပြီး လက်မှတ်ရေးထိုးစေ၍ ချုပ်ဆိုဝယ်ယူကာ ကိုယ်တိုင်လက်ရှိထားနေထိုင်လျက်ရှိပါသည်။ ယခုအခါတွင် မောင်စိုးလင်းသည် မွေးစားမိခင်ဒေါ်ခင်သန်းဝင်းအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြောဆိုပြုလုပ်ပြီး အိမ်ပြုပြင်ဆောက်လုပ်ရန် ပေးအပ်ထားသော ငွေကြေးများကို ယူဆောင်၍ အိမ်ရှိပစ္စည်းအချို့ကို ဖျက်ဆီးကာ အိမ်ပေါ်မှဆင်းသွားသဖြင့် အထက်ဖော်ပြပါ မောင်စိုးလင်းအား အမည်ခံဝယ်ယူသူအဖြစ်ထားရှိ၍ ချုပ်ဆိုထားသောစာချုပ်ကို ဤကြော်ငြာစာဖြင့် အများသိစေရန် ကြော်ငြာသည့်အချိန်မှစ၍ အမှန်တကယ်ငွေပေးချေဝယ်ယူလက်ရှိထားနေထိုင်လျက်ရှိသူ ဒေါ်ခင်သန်းဝင်းမှ ပယ်ဖျက်ကြောင်းနှင့် ဒေါ်ခင်သန်းဝင်းသည် ယင်းအမည်ခံဝယ်ယူသည့်စာချုပ်အစား ရောင်းချသူ ဦးအောင်ဇော်နှင့် မိမိအမည်ဖြင့် ဝယ်ယူသည့်အိမ်မြေအရောင်းအဝယ်စာချုပ်ကို ပြန်လည်ချုပ်ဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်လင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၀၈)
ရှေ့နေများရုံးခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့
ဖုန်း-၀၉-၄၅၀၀၄၉၃၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၇၀၃၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးတင်အုန်း A/RGN-၀၁၀၄၆၂ အမည်ပေါက်ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းလာသူ ဦးချစ်စိန် ၈/ခမန(နိုင်)၁၁၇၄၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်စန်းစန်းမြင့် ၉/အမရ(နိုင်)၀၈၅၁၀၄က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မျိုး (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ (စဉ်-၂၇၅၅၇)
အမှတ် ၂၇/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၂၁၃၈၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၅၃(က)၊ မြေကွက်တည်နေရာအမှတ် ၉၅၃၊ နဝရတ်လမ်းကျယ်၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်စန်းစန်းမြင့်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းမြင့် ၁၂/လမတ(နိုင်)၀၀၉၇၅၈မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅၇၊ မြေကွက်တည်နေရာအမှတ် ၁၀၆၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (၁)ဦးလှတင်၊ (၂)ဒေါ်စန်းမြင့်၊ ဦးသောင်းထွန်းအမည်ပေါက် နှစ် ၆၀မြေငှားဂရန်(စီမံချက်ဂရန်) အမည်ပေါက်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှတင်ကွယ်လွန်သဖြင့် ဒေါ်စိန်ထွေး ၁၂/ကမရ(နိုင်)၀၃၁၅၁၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ကျန်အမည်ပေါက်နှစ်ဦးဖြစ်သော ဦးသောင်းထွန်း၊ ဒေါ်စန်းမြင့်တို့နှင့်အတူ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇၊ ကျောက်တန်းကွင်း၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာအမှတ် ၁၇၄၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဘားလား၊ ရွှေနံ့သာသစ်ခွဲရွာအတွင်းရှိ မြေကွက်အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချထားပေးသော သစ်ခွဲစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ရရှိထားသူ ဗိုလ်မှူးချုပ်ထွန်းထွန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဗိုလ်မှူးဝင်းထင်အောင်(ငြိမ်း)၉/မရတ(နိုင်)၀၀၃၂၆၃ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၆၀၉/ခ၊ မြေကွက်တည်နေရာအမှတ် ၆၀၉/ခ၊ ၄/တောင်ရပ်ကွက်၊ မြို့မလမ်း၊ သာကေတမြို့နယ် ဦးစံမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစံမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သိန်းဆွေ ၁၂/သကတ(နိုင်)၀၇၄၁၃၃ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၈၈/၂၀၁၄ ရရှိသူ ဒေါ်သီတာ ၁၂/သကတ(နိုင်)၀၇၅၄၈၇က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၆၄၄/က၊ မြေကွက်တည်နေရာအမှတ် ၆၄၄/က၊ ၂၉လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်တင်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၉၆၈၅၅က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြပြီး နှစ်၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄တိုးချဲ့၊ မြေကွက်အမှတ် A/၂၃၊ မြေကွက်တည်နေရာအမှတ် A/၂၃၊ ဦးဝိစာရလမ်း၊ (၃၄/တိုးချဲ့)၊ ဒဂုံမြောက် ဦးမျိုးမြင့် ၁၄/အဂပ(နိုင်)၀၀၃၇၇၉အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့် ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာ ၁၄/ဟသတ(နိုင်)၀၁၀၄၈၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ငွေဆောင် ဘက်စုံပညာထူးချွန်လူငယ်စခန်းမှ ထူးချွန်လူငယ်များ ရွှေတိဂုံစေတီတော်ကြီးသို့ အလှူငွေ ကိုးသိန်းကျော်လှူဒါန်း

ငွေဆောင် ဧပြီ ၂၉

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ၂၀၁၄ ခုနှစ် ထူးချွန်မောင်မယ်လူငယ်များကို နိုင်ငံတော်၏လမ်းညွှန်မှု ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သည့် ငွေဆောင်၊ ပုဂံညောင်ဦးနှင့် ရှမ်းပြည်နယ် အင်လေးဒေသတို့ကို အပန်းဖြေစခန်းများ ဖွင့်လှစ်၍ လေ့လာရေးခရီးစဉ်စတင်ခဲ့ရာ ငွေဆောင်ကမ်းခြေသို့ သွားရောက်လေ့လာအပန်းဖြေမည့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသည့် ထူးချွန်လူငယ်မောင်မယ်များသည် ခရီးစဉ်စတင်ထွက်ခွာသည့် ဧပြီ ၂၆ ရက် နံနက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စုပေါင်းအလှူငွေအဖြစ် ငွေကျပ်ကိုးသိန်းကျော် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီအလှူငွေက ဆီမီး၊ ရေချမ်း၊ ပန်း ပူဇော်ကပ်လှူနိုင်ရန်ရည်ရွယ်ပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ ငွေကျပ် ၉၃၂၀၀၀ ကို စုပေါင်းလှူဒါန်းတဲ့ အလှူဖြစ်ပါတယ်။ ကျွန်တော်တို့ ငွေဆောင်အဖွဲ့မှာ ထူးချွန်ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၆ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၂ ဦး လိုက်ပါလာခဲ့တာပါ။ ဒီနှစ်နဲ့ဆို ငွေဆောင်က ယခုတစ်ကြိမ်မှာဆိုရင် ဒုတိယအခေါက်ဖြစ်ပြီး ဒီနှစ်မှာတော့ စခန်းတာဝန်ခံအနေနဲ့ တာဝန်ယူလုပ်ဆောင်ပေးရတာဖြစ်ပါတယ်" ဟု အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်မြင့်က ပြောသည်။

ဒုတိယအကြိမ် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံကျောင်းပေါင်းစုံမှ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်က တာဝန်ယူပြီး ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသည့် ထူးချွန်ကျောင်းသားများကို ငွေဆောင်၊ နဝမတန်းဖြေဆိုထားသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရှမ်းပြည်နယ်ရှိ အင်းလေးဒေသ၊ အဋ္ဌမတန်းဖြေဆိုထားသည့် ဘက်စုံထူးချွန် ကျောင်းသားများကို ပုဂံညောင်ဦးတို့သို့ သုံးနေရာခွဲ၍ လေ့လာရေးခရီးစဉ် တစ်ရပ်အနေဖြင့် ငါးရက်ကြာ အပန်းဖြေလေ့လာပြီး နောက်ဆုံး မေလ ၃ ရက်တွင် နေပြည်တော်၌ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူ အားလုံး စုပေါင်းပြန်လည်ဆုံစည်းကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသည့် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များ ငွေဆောင်သို့ ခရီးမထွက်မီ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဆီမီးပန်းရေချမ်းတို့ဖြင့် ပူဇော်ကန်တော့စဉ်။

ဇီးကုန်းမြို့နယ်တွင် တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

ဇီးကုန်း ဧပြီ ၂၉

တရားမဝင်သစ်ထုတ်လုပ်သယ်ဆောင်လုပ်ကိုင်မှုများကို သစ်တောဦးစီးဌာနမှ ဖမ်းဆီးရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းဆွေဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့မှ ဧပြီ ၂၃ ရက်ညနေတွင် ရွှေဖလားကြိုးဝိုင်း အကွက် ၁၀၆ ၌ ကျွန်းသစ်ခုနစ် လုံး ၅ ဒသမ ၂၃၄ တန်ကို ပိုင်ရှင်မဲ့ဖြင့်လည်းကောင်း၊ ဧပြီ ၂၄ ရက် ညပိုင်းတွင် ဇီးကုန်း-ရွှေဖလားကျေးရွာလမ်း မှော်ရကျေးရွာအနီး၌ ကျွန်းခွဲသား ၈၂ ချောင်း ၀ ဒသမ ၅၁၄၂ တန်ကို ယာဉ်အမှတ်မပါ ထော်လာဂျီယာဉ်တစ်စီးကို ယာဉ်မောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော ကျွန်းသစ်လုံးများကို ဘော်ဘင်ဘိနယ် သစ်တောစခန်းသို့ သယ်ယူထိန်းသိမ်းခြင်း နှင့် ကျွန်းခွဲသားနှင့် ထော်လာဂျီယာဉ်ကို မြို့နယ်သစ်တောရုံးသို့ သယ်ယူထိန်းသိမ်းပြီး ထော်လာဂျီယာဉ်မောင်းကို သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ရန် ဇီးကုန်းမြို့မရဲစခန်း၌ တိုင်ချက်ဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ကျော်ကြီး

ရေအေးကုန်းရွှေမှော်တွင် လူတစ်ဦး မြေပိသေဆုံး

ကသာ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်း၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ရေအေးကုန်းရွှေမှော်တွင် လူတစ်ဦး မြေပိသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မံစီကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်မောင်ဇော်သည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီခွဲက လူတစ်ဦး မြေပိသေဆုံးကြောင်းသတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရေအေးကုန်းရွှေမှော်နှင့် တစ်မိုင်ခန့်အကွာ ကျင်းဟောင်းလုပ်ကွက်၌ နားယကာကျေးရွာနေ မြင့်အောင်သည် ကမ်းပါးရှိ ရွှေသဲစာများအား တူးဖော်နေစဉ် အမြင့် ၁၀ ပေခန့်မှ ရုတ်တရက်မြေကမ်းပါးပြိုကျ ပိမိခဲ့ရာ အနီးအနားမှ ဈေးဝယ်သွားသူ ဦးကျော်သန်းနှင့် ကိုမြင့်ဝင်းတို့က တွေ့ရှိ၍ လူများခေါ်ယူပြီး ဝိုင်းဝန်းတူးဖော်ခဲ့ကြသော်လည်း မြင့်အောင်မှာ ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ မြင့်အောင် (၃၁နှစ်) နားယကာကျေးရွာ ဗန်းမောက်မြို့နယ် သေဆုံးခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် သိရှိနိုင်ရန် ဒုရဲအုပ်မောင်ဇော်က တိုင်ကြားခဲ့ရာ ဗန်းမောက်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၀/၂၀၁၄ ဖြင့် ရေးဖွင့်ခဲ့ပြီး စခန်းမှူး ရဲအုပ်ထွန်းလင်းခိုင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

တုန်းပေါ်ကျေးရွာ အနီး နွားထီး ၁၀ ကောင် ဖမ်းဆီးရမိ

ကသာ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် တုန်းပေါ်ကျေးရွာအနီး တရားမဝင် သယ်ဆောင်လာသည့် နွားထီး ၁၀ ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဧပြီ ၁၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ကသာရဲတပ်ဖွဲ့သည် သက်သေများနှင့် ပူးပေါင်းပြီး တရားမဝင်မှောင်ခိုကျွဲ၊ နွားဖမ်းဆီးရမိရေးအတွက် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ အောင်သူ (၄၆ နှစ်) သံဘိုကျေးရွာ အင်းတော်မြို့နယ်နှင့် တစ်ရွာတည်းနေ မြင့်အောင် (၄၃ နှစ်) တို့ကို နွားထီး ၁၀ ကောင်နှင့်အတူ တွေ့ရှိခဲ့ရသည်။

အရေးယူ

နွားထီး ၁၀ ကောင်နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့ရာ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အင်းတော်မြို့နယ်ဘက်မှ ကသာမြို့နယ်ဘက်သို့ မောင်းနှင်သယ်ဆောင်လာပြီး တရုတ်ပြည်ဘက်သို့ ဆက်လက်သယ်ဆောင်မည့် နွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရအရေးယူရေး စီစဉ်ထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

ဆရာဦးဟာန်စိန်ဝင်း (သချ်ာ)၏
အားလုံးအတွက်အကောင်းဆုံးကိုသယ်ဆောင်လာမဲ့
To Bring all the best
ဘာသာစုံ
အဆင့်မြင့်
တသင်ဝိုင်းသီးသန့် နှင့် ဖောက်ဒါ
ဟန် ပညာ့ရိပ်သာ
Han Education Centre
၈-၉-၁၀တန်း(တက္ကသိုလ်ဝင်တန်း)
ဒီကျောင်း၏ပညာရေးမှတ်တမ်းများသည် လူတော်လူကောင်းအဖြစ်သို့ ဆောင်ကျဉ်းပေးသွားမည်။
အမှတ်(ရရ)၊ အင်းစိန်လမ်းမကြီး၊ ၉-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ (သုခမှတ်တိုင်အနီး)
ဖုန်း-၀၁ ၅၁၆၀၄၆၊ ၀၉ ၇၃၀ ၂၇၃၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၁၁၊ မြေကွက်အမှတ် ၄၅၀၊ ၄၅၁၊ ၄၅၂၊ ၄၅၃၊ ၄၅၄၊ ၄၅၅၊ ၄၅၆၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀၊ ၄၆၄၊ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၀၊ ၄၇၁၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ မြေကွက်တည်နေရာ မင်းကြီးလမ်း၊ ညောင်ရွာရပ်ကွက်၊ [ဦးစိန်ဝင်း(ခ)ကျင်ဟုတ်] အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း (ခ)ကျင်ဟုတ်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၈၂၈/၁၂ / ၁၄-၂-၁၂ ဖြင့် ဒေါ်အိုက်မေ(ခ)ဒေါ်စန်းစန်းမြင့် ၁၂/လသန(နိုင်)၀၀၃၃၁၂ မှ ပိုင်ဆိုင်ပြီး ယခုဒေါ်အိုက်မေ(ခ)ဒေါ်စန်းစန်းမြင့်ထံမှ SP ၅၄၆၆/၁၂ / ၉-၃-၁၂ ဖြင့်ရရှိသူ ဒေါ်ရင်လီ ၁၃/လရန(နိုင်)၁၀၀၄၆၇ က အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးအောင်ဆန်းလွင်-ဒေါ်နန်းကျင်လှတို့၏သား ဝဏ္ဏထွန်းအောင် ၁၂/ဥကမ(နိုင်)၂၂၈၁၆၇ သည် မိဘတို့၏ဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

နန်းကျင်လှ(ခ)ဒေါ်ကျင်လှ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၂၅၁၊ မြေကွက်တည်နေရာအမှတ် ၂၅၁၊ (၄၂)ရပ်ကွက်၊စက်မှုဇုန်၊ ရွှေပြည်သာ (ဦးမောင်တင်+၂) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးမောင်တင်၊ ဦးစိန်ဝင်း၊ ဦးတင်ဝေတို့အနက် ဦးမောင်တင်သည် လူပျိုကြီးဖြင့် ကွယ်လွန်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတို့ဖြင့် ဒေါ်တင်ရီ(ခ)ရှောင်တင်ရီမှ တစ်ဦးတည်းသောညီမဖြစ်ကြောင်းတင်ပြ၍ ဤအမည်ပေါက် ဦးစိန်ဝင်း၊ ဦးတင်ဝေတို့နှင့်အတူ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ၈၊ မြေကွက်အမှတ် ၄/၆၀၊ မြေကွက်တည်နေရာအမှတ် ၄/၆၀၊ ကာယ ၈လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးလှရွှေ ၁၂/မဂဒ(နိုင်)၀၅၈၇၂၅ နှင့် အမည်ပေါက်ထံမှ တစ်စိတ်တစ်ဒေသဝယ်ယူထားသူ ဒေါ်သန်းသန်းမြ ၁၂/လမန(နိုင်)၀၁၉၈၉၆တို့က ပူးတွဲပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ် ၂၃၁၊ မြေကွက်တည်နေရာအမှတ် ၂၃၁၊ သခင်ဖိုးလှကြီးလမ်း၊ ၁၄/စီမံကိန်း-၂ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်တင်လှအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှ၊ (ခင်ပွန်း)ဦးစံမောင်၊ (သား)ဦးစိုးအောင်၊ ဦးသန်းဇော် (သမီး)ဒေါ်ဖြူဖြူဆန်းတို့(လူပျိုကြီး/အပျိုကြီး) ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဒေါ်မိုးသီတာ ၁၂/သဃက(နိုင်)၁၀၄၁၅၄၊ ဒေါ်အေးအေးမြင့် ၁၂/သဃက(နိုင်)၁၅၆၉၆၉ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၈၆/က၊ မြေကွက်တည်နေရာအမှတ် ၇၈၆/က၊၂၆လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရန်ထွယ်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရန်ထွယ်နှင့် ဇနီးဒေါ်ခင်သောင်း ကွယ်လွန်သဖြင့် ဒေါ်အေးအေးသန်း ၁၂/ဥကတ(နိုင်)၀၈၁၂၇၅က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ် ၂/၅၃၊ မြေကွက်တည်နေရာအမှတ် ၂၅၃၊ မဏ္ဍူလမ်း၊ ညာဏရပ်ကွက်ရှိမြေကွက်အား ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်သန်းမြင့်ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်နွယ်အောင် ၁၂/မရက(နိုင်)၀၂၀၂၂၉က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅အီး၃၊ မြေကွက်အမှတ် ၁၂/၆၇၊ မြေကွက်တည်နေရာအမှတ် ၂၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဦးတင်ဦး)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ကိုတင်ဦးနှင့် ဇနီး ဒေါ်ရွှေပုတို့ကွယ်လွန်သဖြင့် (၁)ဒေါ်ယဉ်တင့် ၁၄/ဟသတ(နိုင်)၀၁၂၇၃၁၊ (၂)ဦးကြီးမြင့် ၁၂/ကမတ(နိုင်)၀၂၄၆၇၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆရာဦးနိုင်ဝင်း၊ ဆရာဦးကိုကိုစိုး **အားသစ်** ဆရာဦးကျော်စိုး ဆရာဦးသက်အောင်
မူလတန်းပြဆရာ ၊ ဆရာမဝင်ခွင့်အားလုံး
မြို့ထဲတန်းခွဲသာမကလှည်းတန်းတန်းခွဲပါဖွင့်လိုက်ပါပြီ
(ဘာသာစုံစာအုပ်များ နယ်အရောက်ပို့ပြီ)
DTEC-10 ဝင်ခွင့် မြို့ထဲ၊လှည်းတန်းမေ (၃) ရက်စမည်
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 8632973, 09 73172556

ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၅၂/၁၅၆ တွင် နေထိုင်ကြသော ဦးစောယု၊ ဒေါ်ကြည်၊ ဒေါ်ဖြူ၊ ဦးခင်မောင်မြင့်၊ ဦးမောင်ချစ်၊ ဦးခင်ဇော်၊ ဦးရဲအောင်၊ ဒေါ်လဲ့လဲ့မြင့်နှင့်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၃၄၊ သုံးလွှာနေ ဦးသန်းဌေး ၁၂/ကတတ(နိုင်)၀၀၀၅၂၁ နှင့် ဒေါ်မူမူသိန်း ၁၂/သလန(နိုင်)၀၀၁၇၇၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဌေးနှင့်ဒေါ်မူမူသိန်းတို့သည် ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၅၂/၁၅၆ တိုက်ဆောက်လုပ်ထားသော မြေကွက်အမှတ် 10-South Western Portion-I Class ၏ မြေပိုင်ရှင်များ ဖြစ်ကြပါသည်။ အဆိုပါတိုက်သည် မူလနှစ်ထပ်တိုက်အား သုံးထပ်တင်ထားသဖြင့် တိုက်မှာညာဘက်သို့ ၅လက်မခန့်စောင်းနေပြီး လွန်စွာအန္တရာယ်ရှိနေပါသောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ဖျက်မိန့်တင်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမြေပိုင်ရှင်များက တိမ်းစောင်းနေသောတိုက်အား အသစ်ပြန်လည်ဆောက်လုပ်လိုပါသဖြင့် အဆိုပါတိုက်တွင် နေထိုင်သူများသည် ကျွန်ုပ်၏မိတ်ဆွေများနှင့် လာရောက်တွေ့ဆုံညှိနှိုင်းရန် အသိပေးအပ်ပါသည်။

သို့ဖြစ်၍ အဆိုပါတိုက်တွင် နေထိုင်သူများအနေဖြင့် အန္တရာယ်ရှိသော အဆောက်အအုံတွင် ဆက်လက်နေထိုင်ခြင်းမပြုရန်နှင့် တစ်ဆင့်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ကျူးရှင်ကျောင်းဖွင့်လှစ်ခြင်း၊ အခြားလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ထပ်မံ အန္တရာယ်ရှိနိုင်သော ပြင်ဆင်ခြင်းများမပြုလုပ်ရန် အသိပေးအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ပြိုကျပျက်စီးပါက နစ်နာဆုံးရှုံးမှုမှန်သမျှသည် လက်ရှိနေထိုင်သူများအားလုံး၏ တာဝန်သာဖြစ်ပါကြောင်း လက်ရှိနေထိုင်ကြသော ဦးစောယု၊ ဒေါ်ကြည်၊ ဒေါ်ဖြူ၊ ဦးခင်မောင်မြင့်၊ ဦးမောင်ချစ်၊ ဦးခင်ဇော်၊ ဦးရဲအောင်၊ ဒေါ်လဲ့လဲ့မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဌေးနှင့် ဒေါ်မူမူသိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မျိုး
LL.B, D.B.L, D.A. Psy (စဉ်-၇၆၀၉)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၇/ဘီ၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၄၉၇၁၀၊ ၀၉-၇၃၀၇၉၅၁၅

